# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 15 February 2018 ၄၂၀၁


**ယောက်ျားအာဇာနည်**

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)

# လူဖြင့်ပုံဖော်ထားသော မြန်မာနိုင်ငံမြေပုံ ကမ္ဘာ့အကြီးဆုံး နိုင်ငံမြေပုံအဖြစ် ဂင်းနစ်စံချိန်သစ်တင်

**မကွေး ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တယ်လီနောမြန်မာတို့ ပူးပေါင်းကာ ဖေဖော်ဝါရီ ၁၂ ရက်က မကွေးမြို့ ခရိုင်အားကစားကွင်း၌ ပြုလုပ်ခဲ့သော ကမ္ဘာ့စံချိန်သစ်တင်နိုင်ရေး ကြိုးပမ်းမှုတွင် တက္ကသိုလ်နှင့်ကောလိပ် ကျောင်းသား ကျောင်းသူများ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**



လူပေါင်းများစွာဖြင့် ပုံဖော်ထားပြီး ဂင်းနစ်စံချိန်သစ် တင်နိုင်ခဲ့သည့် မြန်မာနိုင်ငံမြေပုံ



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကျင်းပစဉ်။

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ADB ၏ အကူအညီဖြင့် ပထမဆုံး မိုင် ၄၀ အထိ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ADB ၏ အကူအညီဖြင့် မိုင်တိုင်အမှတ် ၀ မိုင်မှ မိုင် ၄၀ အထိ အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **ယာဉ်မတော်တဆဖြစ်စဉ်များ လျော့နည်းပပျောက်စေရန် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးအား ခေတ်မီ (၄)လမ်းသွား အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခြင်းနှင့် အဆင့်မီလုံခြုံရေး အထောက်အကူပြုပစ္စည်းများ တပ်ဆင်ထိန်းကျောင်းပေးခြင်း၊ မော်တော်ယာဉ်နှင့် ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အထူးစီမံချက်များ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ထိုသို့ထည့်သွင်းဖြေကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးက အမြန်လမ်းမကြီးတစ်ခုလုံးကို နိုင်ငံတကာအဆင့်မီ အမြန်လမ်းအဆင့် ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိသည့် နေရာတွင် ADB ၏ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

# မြန်မာအစိုးရ၏ ရခိုင်ပြည်နယ်အရေးကိစ္စ ကြိုးပမ်းဆောင်ရွက်မှုများကို လုံခြုံရေးကောင်စီ၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်က ရှင်းလင်းပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်သည့် ရှင်းလင်းပြောကြားပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၁၃ ရက်တွင် နယူးယောက်မြို့ရှိ ယင်း၏အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲ၌ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ မောင်တောဒေသတွင် နေရပ်မှစွန့်ခွာခဲ့သူများအား ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ထားရှိမှုများနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့သည်။

အမြဲတမ်းကိုယ်စားလှယ်၏ မိန့်ခွန်းပါအဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- မြန်မာနိုင်ငံအနေဖြင့် လက်ရှိကြုံတွေ့နေရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာများကို လျော့ပါးစေရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စအတွက် ရေရှည်တည်တံ့သည့် အဖြေရရှိရေး ရည်မှန်းချက်သို့ ရောက်ရှိရန် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊
- မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အနေဖြင့် နေရပ်စွန့်ခွာသူများ နေရပ်သို့ ပြန်နိုင်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် တိုးတက်မှုများ သိသာထင်ရှားစွာရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် UNHCR ၏ ပံ့ပိုးဆောင်ရွက်မှုအား လိုအပ်လာသည့်အချိန်တွင် ရယူသွားမည်ဖြစ်ကြောင်း၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**


KBZ BANK

STRENGTH OF MYANMAR

'BEST BANK IN MYANMAR'

Awarded by FinanceAsia 2017

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ-ဘရူနိုင်း နှစ်နိုင်ငံအကြား သံတမန်မြေလဲလှယ်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာ-ဘရူနိုင်း နှစ်နိုင်ငံ သံတမန်မြေအပြန်အလှန်လဲလှယ်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါသဘောတူစာချုပ်ကို မြန်မာနိုင်ငံကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဘရူနိုင်းနိုင်ငံကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းသံအမတ်ကြီး H.E.Mr.Pehin Orang Kaya Seri Pahlawan Colonel (R) Dato Paduka Haji Abdu'r Rahmani bin Dato Padula Haji Basir တို့က လက်မှတ်ရေးထိုးကြသည်။

မြန်မာ-ဘရူနိုင်းနှစ်နိုင်ငံ သံတမန်မြေလဲလှယ်ရေး လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အသိသက်သေအဖြစ် တက်ရောက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန၊ သံတမန်ရေးရာဦးစီးဌာနနှင့် နိုင်ငံရေးရာ ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်များနှင့် ဘရူနိုင်းသံရုံးမှ တာဝန်ရှိသူများ အခမ်းအနားသို့ တက်ရောက်ကြသည်။



အဆိုပါ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းသည် နေပြည်တော် သံတမန်ဇုန်သို့ ရန်ကုန်မြို့ရှိ ဘရူနိုင်းသံရုံး ပြောင်းရွှေ့လာရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပြီး မြန်မာနိုင်ငံအစိုးရအဖွဲ့အစည်းများနှင့် ဘရူနိုင်းသံရုံးတို့အကြား လုပ်ငန်းများ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်စေရေးကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ToR၊ SOP များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ToR၊ SOP များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ကျင်းပသည်။ ဆွေးနွေးပွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ဆွေးနွေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးက နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့် စပ်လျဉ်း၍ Structure၊ နိုင်ငံရေး ဆွေးနွေးမှုလုပ်ငန်းစဉ်များ၊ နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့်အကြောင်းအရာများကိုလည်းကောင်း၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်(ToR) နှင့်စပ်လျဉ်း၍ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (CSO Forum)ဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။



ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (SOP) နှင့် စပ်လျဉ်း၍ နိုင်ငံရေးဆွေးနွေးပွဲများကို ဦးဆောင်ကျင်းပမည့်သူများနှင့် ကြီးကြပ်မှုကော်မတီ၏ အခန်းကဏ္ဍဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက စုပေါင်းဆွေးနွေးခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်း၊ ပြန်လည်ရှင်းလင်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲသို့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှု ကော်မတီဝင်များဖြစ်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင်များ၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ပြည်သူ့အတွက်မြန်မာ့အသံ

❂ ပြည်သူ့တွက်ပင်၊ ထာဝစဉ်ဟု
နေ့စဉ်မပျက်၊ တာဝန်ဆက်၍
လက်ဆင့်ကမ်းကာ၊ ကျေပွန်လာခဲ့
ခုခါတွက်စစ် ၊ ခုနစ်ဆယ့်နှစ်
ဖြစ်တည်ခိုင်မာ ကြာခဲ့ပြီ---။

❂ ပြည်သူ့တွက်တာ၊ မီဒီယာအဖြစ်
သစ္စာလည်းရှိ ၊ ကျင့်ဝတ်သိကာ
တိကျမှန်ကန်၊ ပြည်သူ့ထံသို့
ချိန်မှန်ဆင့်ပါး၊ သတင်းများဖြင့်
"ပြန်ကြား"ပေးလျက်ရှိပါသည်---။

❂ ပြည်သူ့တွက်တာ၊ မီဒီယာအဖြစ်
သစ္စာလည်းရှိ၊ တာဝန်သိကာ
တတ်သိရန်ရှယ်၊ ဉာဏ်ရည်ကြွယ်ဖို့
မှတ်ဖွယ်မှတ်ရာ၊ စုံလင်စွာဖြင့်
"ပညာ" ဖြန့်လျက်ရှိပါသည် ----။

❂ ပြည်သူ့တွက်တာ၊ မီဒီယာအဖြစ်
သစ္စာလည်းရှိ၊ မေတ္တာဖြည့်လျက်
စွဲငြိ ရသ၊ ခံစားရရေး
တွေးဆပုံဖော်၊ နားဆင်ပျော်အောင်
"ဖျော်ဖြေ"ပေးလျက်ရှိပါသည်---။

❂ ပြည်သူ့တွက်တာ၊ မီဒီယာအဖြစ်
စဉ်လာမရိုင်း၊ ခေတ်သမိုင်းကို
ဆစ်ပိုင်းဖြတ်သန်း၊ ပြည့်ဝန်ထမ်းရင်း
မှတ်တမ်းထုဆစ်၊ အားလည်းသစ်ခဲ့
ခေတ်နှင့်တူယှဉ်၊ ဆန်းသစ်ထွင်ကာ
ပြုပြင်ပြောင်းလဲ၊ အားမာန်ဖွဲ့ဖြင့်
"စွဲမက်စေရန်၊ တွေးဆကြံလျက်"
"သွက်လက်စေရန်၊ တွေးဆကြံလျက်"
"ထက်မြက်စေရန်၊ တွေးဆကြံလျက်"
နက်ဖြန်များစွာ၊ ရှေ့ဆက်ပါမည်
ရည်ရွယ်မပျက် ထာဝရ အမှန်
အသီးစုလျက် ဘဝတမန်
ပြည်သူ့အတွက် မြန်မာ့အသံ ။ ။

( ၁၅- ၂- ၂၀၁၈ ရက်နေ့တွင် ကျရောက်သော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၂) နှစ်မြောက် နှစ်ပတ်လည်နေ့ကိုဂုဏ်ပြုလျက်)

မောင်သင်းပျံ့(ကျိုက်ထော်)

# ကမ္ဘာ့အမြင့်ဆုံးဟိုတယ် ဒူဘိုင်း၌ ဖွင့်လှစ်



**ဒူဘိုင်း ဖေဖော်ဝါရီ ၁၄**
အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့တွင် ကမ္ဘာ့အမြင့်ဆုံး ဟိုတယ်တစ်လုံးကို ဖွင့်လှစ်လိုက်ကြောင်း၊ ဂဲဗိုရာအမည်ရှိ ယင်းဟိုတယ်သည် ၇၅ ထပ်ရှိပြီး၃၅၆ မီတာ မြင့်မားကြောင်း၊ ဒူဘိုင်းရှိ ယခင်စံချိန်တင်ထားသော ဂျေဒဗျူမာရီယော့ မာကွစ်ဟိုတယ်ထက် တစ်မီတာ ပိုမြင့်ကြောင်း၊ ဟိုတယ်တွင် အခန်းပေါင်း ၅၀၀ ကျော်ရှိပြီး ဟိုတယ်ဆောက်လုပ်ရန် အမေရိကန် ဒေါ်လာသန်း ၁၃၀ ကျော် ကုန်ကျသုံးစွဲခဲ့ရကြောင်း ကျိုဒိုသတင်းဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အခန်းခ ဈေးနှုန်း သက်သာစွာ ထားရှိခြင်းဖြင့် ပြိုင်ဘက်များကို ဈေးကွက်အရ ယှဉ်ပြိုင်ရန် ရည်ရွယ်ထားပြီး မိသားစုလိုက် ခရီးသွားဧည့်သည်များကို ဆွဲဆောင်ရန် မျှော်လင့်ထားကြောင်း၊ ဟိုတယ်သစ် ဖွင့်လှစ်လိုက်ခြင်းဖြင့် ဒူဘိုင်းခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ကျိုဒို**

# ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ကျူးဘားနှင့် အမေရိကန် တွေ့ဆုံဆွေးနွေး

**ဟာဗားနား ဖေဖော်ဝါရီ ၁၄**
ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးတို့နှင့်ပတ်သက်၍ ကျူးဘားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ကိုယ်စားလှယ်များ မြို့တော်ဝါရှင်တန်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒေသတွင်း၌ ငွေကြေးခဝါချမှု ဘေးအန္တရာယ်အခြေအနေ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးတို့အတွက် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ နှစ်နိုင်ငံ တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြကြောင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။

ငွေကြေးခဝါချမှုနှင့် ဆက်နွှယ်နေသော ရာဇဝတ်ပြစ်မှုများကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်နိုင်ရေးအတွက် မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံကို ကျူးဘားကိုယ်စားလှယ်အဖွဲ့က အလေးအနက်ပြုပြောကြားခဲ့ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြထားသည်။

ငွေကြေးခဝါချသူများနှင့် ငွေကြေးခဝါချမှု ဖြစ်စဉ်များနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများကို သက်ညှာခွင့်မပေးဘဲ ထိရောက်စွာ အရေးယူအပြစ်ပေးရန် လိုအပ်ပုံကို နှစ်နိုင်ငံတာဝန်ရှိသူများက သဘောတူညီခဲ့ကြသည်။

ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကျွမ်းကျင်သူပညာရှင်အဆင့် အစည်းအဝေးများကို ဆက်လက် ကျင်းပသွားရန်လည်း နှစ်နိုင်ငံတာဝန်ရှိသူများက သဘောတူညီခဲ့ကြသည်။

ငွေကြေးခဝါချမှုနှင့်ပတ်သက်၍ ကျူးဘားနှင့် အမေရိကန်အကြား ကျွမ်းကျင်သူပညာရှင်များ တွေ့ဆုံဆွေးနွေးကြခြင်းမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# နွေဦးပွဲတော်ကာလ လုံခြုံရေးအတွက် မြို့တော်ပေကျင်းတွင် ကင်းလှည့်မှု တိုးမြှင့်

**ပေကျင်း ဖေဖော်ဝါရီ ၁၄**
တရုတ်နှစ်သစ်ကူးပွဲတော်ကျင်းပရန် နီးကပ်လာနေချိန်တွင် မြို့တော်ပေကျင်းနေ ပြည်သူများလုံခြုံရေး ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းလုံခြုံရေးတာဝန်ထမ်းဆောင်သူ ၉၀၀၀၀၀ ခန့်က ကင်းလှည့်စောင့်ကြပ်မှုများ တိုးမြှင့်ပြုလုပ်ပေးလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဖေဖော်ဝါရီ ၁၁ ရက် မွန်းတည့်ချိန်ဝန်းကျင်က ပေကျင်းမြို့လယ်ရှိ ကုန်တိုက်တစ်ခုတွင် လူ ၁၃ ဦးထိခိုက်ဒဏ်ရာရခဲ့သည့် သံသယရှိဖွယ်တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ပြီးနောက်တွင် လုံခြုံရေးတင်းကျပ်စွာ ချထားမှုဖြစ်ပေါ်လာသည်။

ဖေဖော်ဝါရီ ၁၁ ရက်က ည ၉ နာရီမှစ၍ လုံခြုံရေးတပ်ဖွဲ့ဝင် ၂၀၀၀၀၀ တို့က အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးနေရာများ၊ ညပိုင်းဖွင့်လှစ်သည့် စီးပွားရေးဆိုင်ရာအဆောက်အအုံများနှင့် လူစုလူဝေးများဖြစ်ပေါ်ရာ နေရာများတွင် ကင်းလှည့်စောင့်ကြပ်လျက်ရှိကြောင်း ချိုင်းနားဒေလီသတင်းစာတွင် ဖေဖော်ဝါရီ ၁၃ ရက်က သတင်းဖော်ပြသည်။ ကင်းလှည့်လုံခြုံရေးဆောင်ရွက်သည့်အဖွဲ့များတွင် ခရိုင်အဆင့် တရုတ်ကွန်မြူနစ်ပါတီဝင်များ၊ ရပ်ကွက်လုံခြုံရေးအဖွဲ့ဝင်များနှင့် လုံခြုံရေးအစောင့်တပ်ဖွဲ့ဝင်များ ပါဝင်ကြသည်။

ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် စေတနာ့ဝန်ထမ်းများ အများစုပါဝင်သော လုံခြုံရေးတပ်ဖွဲ့ဝင် ၇၀၀၀၀၀ တို့သည် နေ့ပိုင်းလုံခြုံရေးတာဝန်ကို ထမ်းဆောင်ကြသည်။ ၎င်းတို့ စောင့်ကြပ်သည့်နေရာများမှာ ကုန်တိုက်ကြီးများ၊ ဈေးများနှင့် လူစုလူဝေးဖြစ်ပေါ်ရာ နေရာများအပြင် မြေအောက်ရထားဘူတာရုံများနှင့် ခရီးသည်တင်ဘတ်စ်ကားရပ်နားရာစခန်းများ ဖြစ်သည်။

စေတနာ့ဝန်ထမ်းလုံခြုံရေးတာဝန် ထမ်းဆောင်သူများသည် သင်္ကာမကင်းဖွယ်ရာ အပြုအမူကို တွေ့ရှိပါက ရဲတပ်ဖွဲ့သို့ သတင်းပေးပို့ရမည်ဖြစ်ပြီး နှစ်သစ်ကူးအားလပ်ရက်ကာလအတွင်း ရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

**ဆင်ဟွာ**



# ဂျပန်နိုင်ငံသို့ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ စံချိန်တင် မြင့်တက်



**ကျိုတို ဖေဖော်ဝါရီ ၁၄**
ဂျပန်နိုင်ငံသို့ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူအရေအတွက်သည် စံချိန်တင်မြင့်တက်လာခဲ့ကြောင်း ဂျပန်နိုင်ငံ တရားရေးရာဝန်ကြီးဌာနက ယနေ့ပြောကြားခဲ့သည်။

လွန်ခဲ့သော ခုနစ်နှစ်အတွင်း စာရင်းများအရ ယမန်နှစ်အတွင်း နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ အရေအတွက်သည် အခြားသော နှစ်များထက် ပိုမိုများပြားကာ စံချိန်တင်လျက်ရှိသည်ဟု တရားရေးရာဝန်ကြီးဌာနက ဆိုသည်။

၂၀၁၇ ခုနှစ်တွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ ဦးရေ ၁၉၆၂၈ ခန့် ရှိခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ်တွင် လူဦးရေ ၁၀၀၀၀ ကျော်သာ ရှိခဲ့သည့်အတွက် ၈၀ ရာခိုင်နှုန်း ပိုမိုများပြားလာခဲ့သည်ဟု ဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ ၄၈၉၅ သည် ဖိလစ်ပိုင်၊ ၃၁၁၆ သည် ဗီယက်နမ်၊ ၂၂၂၆ သည် သီရိလင်္ကာနှင့် ဆီးရီးယားနိုင်ငံမှ ၁၂ ဦးခန့် နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားကြောင်း တာဝန်ရှိသူများက ဆိုသည်။

၎င်းတို့အနက် အများစုသည် ဂျပန်နိုင်ငံသို့ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိစေရန် ရည်ရွယ်ပြီး ခိုလှုံခွင့်လျှောက်ထားခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ဆိုသည်။

အလုပ်အကိုင်အခွင့်အလမ်းကို မျှော်ကိုးကာ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများသည် နိုင်ငံရေး ခိုလှုံခွင့်ရရှိရန် ငြင်းပယ်ခြင်းခံရမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားခဲ့သည်။

ယမန်နှစ်က နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ ၂၀ ခန့်သာ ခွင့်ပြုပေးခဲ့သည်။ အဆိုပါအရေအတွက်သည် ၂၀၁၆ ခုနှစ်က လက်ခံခဲ့သည့် အရေအတွက်ထက် ရှစ်ဦးလျော့နည်းကြောင်း သိရသည်။ ၎င်းတို့သည် အီဂျစ်နိုင်ငံမှ ငါးဦး၊ ဆီးရီးယားနိုင်ငံမှ ငါးဦးနှင့် အာဖဂန်နစ္စတန်နိုင်ငံမှ နှစ်ဦးတို့ ပါဝင်သည်။

ထို့ပြင် ဂျပန်နိုင်ငံတွင် ဒုက္ခသည် သို့မဟုတ် ခင်ပွန်း... 

**အင်န်အိတ်ချ်ကေ**

❖ ရန်ကုန်-မန္တလေးမှ

အကူအညီနှင့် ပထမဆုံးမိုင်တိုင်အမှတ် ၀ မိုင်မှ မိုင် ၄၀ အထိ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်အတွက် ADB မှ ချေးငွေကို Cabinet မှ ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ မကြာမီတွင် ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့တင်ပြပြီး မိုင် ၄၀ ကို နိုင်ငံတကာအဆင့်မီအဆင့်မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် International အဆင့်မီအမြန်လမ်းဖြစ်ရန်အတွက် Fully Acess Control ဖြစ်ရန် သတ်မှတ်ထားသည့် အချက် သုံးချက်ဖြစ်သည့် မြန်မြန်မောင်းနိုင်ခြင်း၊ သက်သောင့်သက်သာရှိသည့်လမ်းဖြစ်ခြင်း၊ လုံခြုံစိတ်ချမှုရှိခြင်း စသည့်အချက်များနှင့် ကိုက်ညီမှုမရှိပါကြောင်း၊ မူလက Expressway အဖြစ်ဖောက်ရန်ရည်ရွယ်ထားသည့် အနေအထားတွင် ယခုပြီးစီးသည့်အတိုင်းအတာဖြင့် ပြည်သူများကို အသုံးပြုခွင့်ပေးထားခြင်းဖြစ်သည့်အတွက် လက်ရှိ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် နိုင်ငံတကာအဆင့်မီလမ်း မဟုတ်သေးပါကြောင်း။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရဲတပ်ဖွဲ့အနေဖြင့် လမ်းတစ်လျှောက်လုံးတွင် ရဲတပ်ဖွဲ့စခန်း ၁၆ ခုကို တည်ဆောက်ထားပါကြောင်း၊ လမ်းမကြီးတစ်ခုလုံးလုံခြုံစိတ်ချရန်အတွက် လုံခြုံရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ကယ်ဆယ်ရေး၊ အသိပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယာဉ်အန္တရာယ်အများဆုံး ဖြစ်ပွားလေ့ရှိသည့်နေရာ ၂၂ နေရာတွင်လည်း Road Sign၊ Rumble Strip၊ Road Line၊ Road Lane နှင့် Solar Lamp Post များကို တပ်ဆင်ထားရှိပါကြောင်း၊ စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များကို အရေးယူဆောင်ရွက်ရာတွင် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် ယခုအချိန်ထိ ၂၂၆၅၆ စီးကို အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **လာဘ်ရွှာ-မင်းကင်းလမ်းကြောင်းပေါ်ရှိ ညောင်ကုန်းတံတားကို ခံနိုင်ဝန်အတိုင်းသာ ဖြတ်သန်းခွင့်ပြုရန်၊ ကွန်ကရစ်မခင်းရသေးသောလမ်းပိုင်း ခြောက်မိုင်ကို အမြန်ခင်းပေးရန်နှင့် ပျက်စီးသွားသော ကွန်ကရစ်လမ်းပိုင်းများ အမြန်ပြုပြင်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လာဘ်ရွှာ-မင်းကင်းလမ်းတွင် ကွန်ကရစ်ခင်းရန်ကျန်ရှိသည့် ခြောက်မိုင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး ရန်ပုံငွေကျပ် ၈၄၉ ဒသမ ၇၂၅ သန်းဖြင့် လမ်းဦးစီးဌာနမှ သုံးမိုင်၊ တင်ဒါစနစ်ဖြင့် သုံးမိုင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကွန်ကရစ်ခင်းခြင်း ငါးမိုင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

မိုးဒဏ်ကြောင့်ပျက်စီးသွားသည့် မိုင်တိုင်(၆/၇)နှင့် မိုင်တိုင်(၇/၄) အကြားရှိ ကွန်ကရစ်လမ်းပိုင်းများကိုလည်း ယာဉ်သွားလာမှု မပြတ်တောက်စေရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဘီးလမ်းနှစ်လမ်းကြားမြေသားကို ကွန်ကရစ်အပြည့်ခင်းရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး ရန်ပုံငွေတွင် လျာထားပြီးဖြစ်သည့်အတွက် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ **ခေါင်လန်ဖူးမြို့အတွင်းရှိ ပြည်သူလူထုအမှန်တကယ်လိုအပ်သော လမ်းနှင့်တံတားများ ပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး၏ **မြစ်ကြီးနား-နမ္မတီး-တနိုင်း-ရှင်ဗွေယန်-တဒက်ခ-ပန်းဆောင်လမ်းကို ကတ္တရာလမ်းခင်းနိုင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကိုသိလိုကြောင်း** မေးခွန်း၊ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်၏ **ဆောမြို့နယ်အတွင်းရှိ တပြင်းကျေးရွာမှ ကျောက်လိပ်ကျေးရွာအထိ ၁၈ မိုင်အရှည် ကျောက်ချောလမ်းအား ကွန်ကရစ်သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **ကနီ-ကင်းလမ်းအူကြောင်းပိုင်းအား ကျေးရွာအများအပြားလက်လှမ်းမီ အသုံးပြုနိုင်သော လမ်းအူကြောင်းတစ်ခုဖြစ်စေရန် ပြောင်းလဲဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ဖြေကြားခဲ့သည်။


ဒုတိယဝန်ကြီး
ဦးကျော်လင်း


မောက်မယ် မဲဆန္ဒနယ်မှ
ဦးစိုင်းဝေါင်းဆိုင်ဟိန်း

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တင်သွင်းသည့် **မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ထပ်မံဖတ်ကြား ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး တင်သွင်းထားသည့် **"ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန အဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ခေါ်ယူဆောင်ရွက်ရာတွင် လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများ၏ သယ်ယူပို့ဆောင်ခစရိတ်များနှင့် နည်းပညာအရ ဝန်ကြီးဌာနမှ လုပ်ဆောင်ရန်မလိုသော လုပ်ငန်းတစ်ခုလုံး အပြီးဆောင်ရွက်ရသည့်လုပ်ငန်းများကို တင်ဒါမခေါ်ဘဲ ကန်ထရိုက်ရ တင်ဒါအောင်မြင်သူတစ်ဦးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲစွာဆောင်ရွက်နေခြင်းတို့ကို ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ အမြန်ဆုံးလိုက်နာဆောင်ရွက်ရန်နှင့် တင်ဒါပေးရာတွင် ဒေသနှင့်ကိုက်ညီသော ပြီးပြည့်စုံသည့်လုပ်ငန်းပုံစံ (Drawing)များနှင့် တွက်ချက်မှု (Estimate)များကို သက်ဆိုင်ရာဝန်ကြီးဌာနမှသာ တာဝန်ယူဆောင်ရွက်ပေးပြီး ဈေးနှုန်း(Rate)များကို တင်ဒါဆွဲမည့် ကုမ္ပဏီများကို ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန်"**အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း**က ခေတ်မီတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်ရန် ခေတ်မီသည့် အခြေခံအဆောက်အအုံကောင်းလိုအပ်ပါကြောင်း၊ ခေတ်မီသည့် အခြေခံအဆောက်အအုံကောင်းအတွက် အရည်အချင်းပြည့်ဝပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော နိုင်ငံ့ဝန်ထမ်းများလိုအပ်ပြီး အရည်အသွေးပြည့်ဝသည့် တည်ဆောက်ရေးလုပ်ငန်းလည်းဖြစ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ ဘဏ္ဍာငွေလေလွင့်မှုကို ထိန်းချုပ်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသည့် တည်ဆောက်ရေးကို ဆောင်ရွက်သည့်အခါတွင် ကန်ထရိုက်စနစ်များ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အစိုးရမှ မှန်ကန်သော မူဝါဒ၊ မှန်ကန်သော လုပ်ငန်းလမ်းညွှန်ချက်များချမှတ်ပြီး မှန်ကန်စွာ လိုက်နာကျင့်သုံးသွားပါမှ အရည်အသွေးပြည့်ဝပြီး ခေတ်မီသည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်**က ကုမ္ပဏီကတင်ပြလာသည့် လုပ်ငန်းပုံစံ(Drawing)များနှင့် တွက်ချက်မှု(Estimate)များသည် သက်ဆိုင်ရာဌာန၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုနည်းပါးပြီး မတူညီသည့်ပုံစံများကို နှိုင်းယှဉ်အမှတ်ပေးရာတွင်လည်း မျှတမှုဖြစ်ပေါ်ရန် အင်မတန်ခက်ခဲသည်ဟု အကဲခတ်ပညာရှင်များက ဆိုပါကြောင်း၊ ထို့ကြောင့် ဒေသနှင့်ကိုက်ညီပြီး ပြီးပြည့်စုံသည့် လုပ်ငန်းပုံစံ (Drawing)များ၊ တွက်ချက်မှု(Estimate)များနှင့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးပြီး တင်ဒါဆွဲမည့်ကုမ္ပဏီများကို ဈေးနှုန်း(Rate)များ ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာ ယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးနိုင်ရန် တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၊ ရှားတော မဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်နှင့် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် တို့ကလည်း အကြံပြုဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက တင်ဒါခေါ်ယူရာတွင် Drawing & Estimate ပြည့်စုံအောင်ရေးဆွဲပြီး ပွင့်လင်းမြင်သာမှုရှိအောင်ချပြပြီးမှ ယှဉ်ပြိုင်စေခြင်းသည် လက်တွေ့တွင်လည်း အမှန်တကယ် လိုအပ်ပါကြောင်း၊ တင်ဒါခေါ်ယူရန်မလိုသည့် ကျပ် ၁၀ သန်းအောက်ကိစ္စများကို ဆောင်ရွက်ရာတွင် ကိုယ်ကျိုးရှာခြင်း၊ အလွဲသုံးစားပြုခြင်းစသည့်ကိစ္စများရှိပါက တိတိကျကျတိုင်ကြားမည်ဆိုလျှင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရသော်လည်းကောင်း၊ တည်ဆဲဥပဒေအရသော်လည်းကောင်း ပြတ်ပြတ်သားသား အရေးယူရမည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား အထိုင်ဈေးခေါ်ယူပြီး သယ်ယူပို့ဆောင်ခကို သက်ဆိုင်ရာဌာနမှ ပေးချေခြင်းအပိုင်းကို မှတ်တမ်းတင်သင့်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများကို ဝန်ထမ်းများမှ လုံးဝမဆောင်ရွက်တော့ဘဲ တင်ဒါသာ ခေါ်ယူဆောင်ရွက်စေခြင်းဆိုသည့်ကိစ္စသည် လတ်တလောဆောင်ရွက်၍ မရနိုင်သေးပါသဖြင့် မှတ်တမ်းတင်ထားသင့်ကြောင်း ပြန်လည်ဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

**ကျော်သူထက်၊ မီမီဖြိုး(သတင်းစဉ်)**

❒ သဘာဝသယံဇာတများမှ

မြန်မာနိုင်ငံသားများကိုလည်း မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးက မြန်မာနိုင်ငံသို့ ပြန်လာနိုင်ရန်အတွက် C of I လက်မှတ်များကို ထုတ်ပေးလျက်ရှိပါကြောင်း၊ C of I လက်မှတ်များအား နိုင်ငံကူးလက်မှတ်ကဲ့သို့ အသုံးပြုနိုင်ရန်အတွက် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ မလေးရှားအစိုးရနှင့် တွေ့ဆုံဆွေးနွေးပြီး အသိအမှတ်ပြု C of I လက်မှတ်များပြုလုပ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအောင်က ဖတ်ကြားတင်ပြသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန်အတွက် လွှတ်တော်၏အဆုံးအဖြတ် ရယူသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းက မြန်မာနိုင်ငံတွင် ငါးနှင့်ရေသယံဇာတအများဆုံးထုတ်လုပ်နေသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့တွင် လက်ရှိလည်ပတ်နေသော ငါးအမှုန့်ကြိတ်စက်ရုံ ငါးရုံရှိပါကြောင်း၊ ယင်းစက်ရုံများ တစ်နေ့တာ လည်ပတ်နိုင်ရန် ငါးသားလောင်းများ၊ ငါးသေး၊ ငါးမွှားများဖြစ်သည့် ကုန်ကြမ်းတန်ချိန် ၃၀၀ ခန့်အသုံးပြုနေရပါကြောင်း၊ လအနည်းငယ်စောင့်ရုံဖြင့် တန်ဖိုးရှိသော ငါးကြီးငါးကောင်းများဖြစ်လာမည့် ငါးသယံဇာတများ အမြောက်အမြား ဆုံးရှုံးနေရပါကြောင်း၊ ယင်းစက်ရုံများတွင် လောင်စာအဖြစ် ထင်းကိုတစ်နှစ်တန်ချိန် နှစ်သောင်းကျော်ခန့် အသုံးပြုနေရသဖြင့် သစ်တောသယံဇာတများလည်း များစွာဆုံးရှုံးမှုဖြစ်ပေါ်နေပါကြောင်း။

ငါးနှင့်ရေသယံဇာတ ထုတ်လုပ်နေသောနိုင်ငံများ ဥပမာ-ထိုင်းနိုင်ငံတွင် ငါးအမှုန့်ထုတ်လုပ်ရန် ကုန်ကြမ်းများကို ငါးလေလံဈေးများ၊ စက်ရုံများမှ ထွက်ရှိလာသော ငါးများ၏ဘေးထွက်ပစ္စည်းများဖြစ်သည့် ခေါင်းများ၊ အရိုးများ၊ အရေများ၊ အမြီးများကို တိရစ္ဆာန်အစာ အမှုန့်ကြိတ်ရန် ကုန်ကြမ်းအဖြစ် အသုံးပြုသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း ငါးသေး၊ ငါးမွှားများ၊ ငါးသားလောင်းများ လပိုင်းအတွင်း နိုင်ငံတော်အတွက် တန်ဖိုးထိုက်တန်စွာရရှိမည့် တန်ဖိုးရှိငါးငယ်လေးများ သိန်းသန်းချီကာ ကြက်စာ၊ ဘဲစာ တိရစ္ဆာန်မွေးမြူရေးအစာအဖြစ် ငါးနှင့် ရေသယံဇာတများကို အကျိုးမဲ့ဖြုန်းတီးနေခြင်းကို တွေ့ရပါကြောင်း၊ ငါးနှင့် ရေသယံဇာတများ ပြန်လည်တိုးတက်လာစေရန် ရေတိုရေရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန်အတွက် ယင်းအဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီကို ဒုတိယသမ္မတ(၁) နာယကအဖြစ် ဦးဆောင်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ လုပ်ငန်းကော်မတီခြောက်ရပ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ် ဇွန် ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာများဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သစ်တောသယံဇာတများ အခွန့်ရှည်ကြာစွာ တည်တံ့စေရန်နှင့် နောင်သားစဉ်မြေးဆက် သစ်တောသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်အတွက် ဘက်ပေါင်းစုံမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ သတ္တုကဏ္ဍအနေဖြင့် ဓာတ်သတ္တုသယံဇာတများကို သားစဉ်မြေးဆက် တူးဖော်ထုတ်လုပ်နိုင်ရေးအတွက် (National Reserve) ဧရိယာများ ထားရှိခြင်း၊ ဓာတ်သတ္တုသယံဇာတများကို ခေတ်မီနည်းပညာဖြင့် လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် ကုန်ချောအဆင့်အထိ အရည်အသွေး ပြည့်မီစွာထုတ်လုပ်နိုင်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်၊ တာဝန်ယူ၊ တာဝန်ခံမှု အပြည့်အဝရှိသော သယံဇာတတူးဖော်ထုတ်လုပ်သုံးစွဲမှုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ချက်များချမှတ်၍ ကျောက်မျက်ရတနာများနှင့် တွင်းထွက်သယံဇာတများကို အကန့်အသတ်ဖြင့် ရေရှည်စနစ်တကျ တူးဖော်ထုတ်လုပ်မည်ဖြစ်ကြောင်း။

သဘာဝသယံဇာတကဏ္ဍသည် ကျယ်ပြန့်လှသည့်အပြင် ဘက်ပေါင်းစုံပါဝင်နေသည့်အတွက် ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး၊ ဒေသခံပြည်သူများအားလုံး ကျရာအခန်းကဏ္ဍမှ အမျိုးသားရေးအသိစိတ်ဓာတ်ရှိရှိနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုထိရောက်သည့် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်သွင်းသည့် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ စက်ခလုတ်နှိပ်၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၉၂ မဲ၊ ကန့်ကွက်မဲ ၈၂ မဲနှင့် ကြားနေမဲ လေးမဲဖြင့် ထောက်ခံမဲ များသဖြင့် အဆိုအား အတည်ပြုကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

ကြေးမုံ



# ဖေဖော်ဝါရီလ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့တွင် NCA လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍

မောင်ငြိမ်းချမ်း(ကော်မရှင်)

မွန်ပြည်သစ်ပါတီ (New Mon State Party - NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (Lahu Democratic Union-LDU)တို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်သည့်အပေါ် ဝမ်းမြောက်ပီတိ ဖြစ်ရပါသည်။

NCA တွင် မူလလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ရှိပါသည်။ ယင်းတို့မှာ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP)၊ DKBA၊ KNU/KNLA - PC တို့ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ ယခုအခါ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ ၁၀ ဖွဲ့ ရှိလာမည်ဖြစ်ပါသည်။

မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့သည် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ(UNFC)၏ အဖွဲ့ဝင်များ ဖြစ်ကြပြီး UNFC သည် ယင်း၏ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN)ကို ဖွဲ့စည်းကာ အဆိုပြုချက်များကို ပြည်ထောင်စုအစိုးရ၏ ငြိမ်းချမ်းရေးကော်မရှင်နှင့် တစ်နှစ်ကျော်ဆွေးနွေးလာရာမှ ယခုအခါ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်ပါတီအစည်းအရုံးတို့က NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ကြခြင်း ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတက မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်သူများ မဟုတ်ကြောင်းကိုလည်းကောင်း၊ မတရားအသင်းများ အက်ဥပဒေအရ မတရားအသင်းအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်းကိုလည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာများ ထုတ်ပြန်သည်ကို သတိပြုမိပါသည်။

"ဖက်ဒရယ်"ဆိုသည်မှာ စုစည်းနေထိုင်ကြပြီး တိုးတက်ခေတ်မီသော ပြည်ထောင်စုစနစ်ကို ဒီမိုကရေစီနည်းလမ်းဖြင့် ထူထောင်ခြင်းဖြစ်ရာ ပြည်ထောင်စုကြီး ရှင်သန်ခိုင်မာရေး၊ အမျိုးသားစည်းလုံးညီညွတ်မှု အားကောင်းခိုင်မာရေး၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု ကမ္ဘာတည်သရွေ့ တည်တံ့ရေးတို့ကို ရှေးရှု၍ အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းကြရမည်ဖြစ်. . .

ပြီးခဲ့သည့်ရက်က မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးဥက္ကဋ္ဌ ကြာခွန်ဆာတို့က သတင်းမီဒီယာများအား ပြောကြားရာတွင် "နောက်ပိုင်းမှာ ပြောင်းလဲလာတဲ့ အခြေအနေတွေအပေါ် မူတည်ပြီး လက်မှတ်ရေးထိုးဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်ပါတယ်၊ NCA တွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်တွေအပြင် အခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ပါဝင်လာအောင် ကြိုးပမ်းမယ်"ဟု ပွင့်ပွင့်လင်းလင်း တက်တက်ကြွကြွ ပြောဆိုလိုက်ခြင်းမှာ အားရဖွယ်ရာ ဖြစ်ပါသည်။

### ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးခရီး

NCA တွင် ပါဝင်လက်မှတ်ရေးထိုးကြခြင်းသည် ငြိမ်းချမ်းရေးကို ရှေးရှုခြင်းပင် ဖြစ်ပါသည်။ သမိုင်းတွင်မည့် ကောင်းမွန်သော ဆောင်ရွက်ချက်လည်း ဖြစ်ပါသည်။ တိုင်းရင်းသားအဖွဲ့အစည်း နှစ်ဖွဲ့ ထပ်မံပါဝင်လက်မှတ်ရေးထိုးခြင်းသည် အရေအတွက်အားဖြင့် များပြားလှသည် မဟုတ်သော်လည်း သိသာထင်ရှားသည့် ရလဒ်ကောင်းတစ်ခု ဖြစ်ပါသည်။ ပြည်သူ့အစိုးရသစ်ကာလတွင် အောင်မြင်မှုမှတ်တိုင်တစ်ခုလည်း ဖြစ်ပါသည်။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးခရီးတွင် ထူးခြားသည့် အရွေ့တစ်ခုလည်း ဖြစ်ပါသည်။

ဤနေရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)နှင့်စပ်လျဉ်း၍ အကျဉ်းမျှ ပြန်လည်ဖော်ပြရလျှင် NCA သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး အတိုင်းအတာဆောင်သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်မှုကို ဦးတည်၍ သဘောတူစာချုပ် ချုပ်ဆိုခြင်းဖြစ်ပြီး ပြည်ထောင်စုတစ်ဝန်းလုံးတွင် အကျိုးသက်ရောက်မှု ရှိပါသည်။

NCA သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့နှင့်သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် မိမိတို့အဖွဲ့အစည်း၏ အတိုင်းအတာအရ တာဝန်ယူနေကြသော အဖွဲ့အစည်းများဖြစ်ကြသည့်အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပအကောင်အထည်ဖော်နေသည့် ကာလအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေး၊ ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီကြခြင်းလည်း ဖြစ်ပါသည်။

### NCA တွင် ပါဝင်လက်မှတ်ရေးထိုးကြခြင်း၏ အကျိုးတရားများ

ယခုကဲ့သို့ NCA တွင် ပါဝင်လက်မှတ်ရေးထိုးကြခြင်း၏ အကျိုးတရားများ အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ကန့်သတ်ထားသည့် နေရာမှလွဲ၍ လက်နက်ခဲယမ်းကိုင်ဆောင်ခြင်းမပြုဘဲ လွတ်လပ်စွာ သွားလာနိုင်မည်ဖြစ်ပါသည်။ ထိန်းချုပ်ထားသည့် နယ်မြေတွင်လည်း နှစ်ဖက်သဘောတူညီမှုရယူပြီး လက်နက်ဖြင့် သွားလာနိုင်မည်ဖြစ်ပါသည်။ ဥပဒေချိုးဖောက်ခြင်းမှအပ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်မှုကြောင့် ဖမ်းဆီးအရေးယူခြင်း မခံရနိုင်ပါ။ မတရားအသင်း အက်ဥပဒေအရ မတရားအသင်းအဖြစ်မှ နိုင်ငံတော်သမ္မတက ပယ်ဖျက်ပေးသည့်အပြင် ပတ်သက်ဆက်နွှယ်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုလည်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ မတရားအသင်းများ အက်ဥပဒေတို့အရ အရေးယူခြင်းပြုမည် မဟုတ်ပါ။ မတရားအသင်းများ အက်ဥပဒေအရ အမှုစွဲဆိုခံနေရသူများ၊ အကျဉ်းကျနေသူများ လွတ်မြောက်ရေးအတွက်လည်း ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

ထို့ပြင် မတရားအသင်းအဖြစ် တည်ရှိနေစဉ်က သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှင့် ဆက်သွယ်ဆက်ဆံပြောဆိုကြရသည့် ပြည်သူများအနေဖြင့်လည်း စိုးရိမ်မှုနှင့် အကြောက်တရားများ ပပျောက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာနယ်မြေဒေသရှိ ပြည်သူများ၏ ငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေး မျှော်လင့်ချက်ရောင်ခြည်များ တောက်ပလာမည် ဖြစ်ပါသည်။ အဓိကမှာ NCA ပါ လုပ်ငန်းများကို ပူးပေါင်းပါဝင်အကောင်အထည်ဖော်ခွင့်ရရှိပြီး ပဋိပက္ခဖြေရှင်းရေးကို အခြေခံသည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အသစ်တစ်ရပ်ကို တည်ဆောက်ကာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲများ၏ ရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်မည် ဖြစ်ပါသည်။

"ဖက်ဒရယ်"ဆိုသည်မှာ စုစည်းနေထိုင်ကြပြီး တိုးတက်ခေတ်မီသော ပြည်ထောင်စုစနစ်ကို ဒီမိုကရေစီနည်းလမ်းဖြင့် ထူထောင်ခြင်းဖြစ်ရာ ပြည်ထောင်စုကြီး ရှင်သန်ခိုင်မာရေး၊ အမျိုးသားစည်းလုံးညီညွတ်မှု အားကောင်းခိုင်မာရေး၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု ကမ္ဘာတည်သရွေ့ တည်တံ့ရေးတို့ကို ရှေးရှု၍ အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းကြရမည် ဖြစ်ပါသည်။

### ပြည်ထောင်စုကြီးငြိမ်းချမ်းရေး

နိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်သူများ သေကျေဒဏ်ရာရ၊ ဒုက္ခပင်လယ်ဝေကာ ဆင်းရဲနွမ်းပါးမှုနှင့် အကျပ်အတည်းများ များပြားလာသကဲ့သို့ အချင်းချင်း သံသယနှင့် နာကြည်းမှု ပိုမိုများပြားလာခြင်းသည် ပြည်ထောင်စုကြီး၏ စည်းလုံးညီညွတ်မှုကို ထိခိုက်အားလျော့လာစေပါသည်။ ပြည်သူများ၏ ဒုက္ခများ လျော့ပါးသက်သာရေး၊ ပြည်ထောင်စုကြီးငြိမ်းချမ်းရေး၊ နောက်ကျနေသော အမိနိုင်ငံအား အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများကို အမီလိုက်နိုင်အောင် နှစ် ၇၀ ခန့် ကြာရှည်စွာ ကြုံတွေ့ရသည့် အတွေ့အကြုံများမှ သင်ခန်းစာယူကြရန်နှင့် ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး ငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်ကြပြီး အပြုသဘောဖြင့် ဆွေးနွေးကြရန် လိုအပ်ပါသည်။

ဒုက္ခရောက်နေကြသည့် ပြည်သူများကို ငဲ့ညှာထောက်ထားကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဒီမိုကရေစီအခွင့်အရေး၊ ဖက်ဒရယ်အခွင့်အရေးတို့အတွက် နှစ်ဦးနှစ်ဖက်လေးစားမှု၊ ပွင့်လင်းရိုးသားမှုကို အခြေခံကာ အတ္တ၊ လောဘ၊ ဒေါသတို့ကို လျှော့ကြပြီး ရင်းနှီးစွာ ဆွေးနွေးကြရမည် ဖြစ်ပါသည်။

NCA သည် ငြိမ်းချမ်းရေး၏အစ၊ နိုင်ငံရေးဖြစ်စဉ်၏ အစဖြစ်ရာ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ လက်မှတ်ရေးထိုးကြခြင်းသည် ဖြောင့်မတ်မှန်ကန်ကောင်းမွန်သော လမ်းကြောင်းပေါ် ခြေချလျှောက်လှမ်းလိုက်ခြင်းပင်ဖြစ်ရာ စံနမူနာကောင်းတစ်ခုလည်းဖြစ်ပါသည်။ သို့ဖြစ်ရာ NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း ရဲဝံ့ပြတ်သားစွာ အားလုံးပါဝင်လက်မှတ်ရေးထိုးကြပြီး နောင်လာနောက်သားများအတွက် အကောင်းဆုံးအမွေအနှစ်ဖြစ်သည့် ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း NCA တွင် ပါဝင်လက်မှတ် ရေးထိုးကြသည့် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့၏ ကောင်းမွန်သော ဆောင်ရွက်ချက်ကို ဂုဏ်ပြု ကြိုဆိုလိုက်ရပေသည်။ ။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ငြိမ်းချမ်းရေးကော်မရှင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းကော်မတီ၊ MPC မှ တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ၏ ငြိမ်းချမ်းရေးစကားသံများ

တွေ့ဆုံမေးမြန်း-နိုင်လင်းကြည်၊ အေးအေးသန့်၊ မွေးကြူဇင်၊ ခင်စုစုလှိုင်၊ ဓာတ်ပုံ-ထိန်နန်နော်၊ မွေးသန့်၊ နိုင်လင်းကြည်

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့မှ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ ငြိမ်းချမ်းရေးစကားသံများကို ဖော်ပြလိုက်ရပါသည်။**



ဗိုလ်မှူးကြီး ဝဏ္ဏအောင်



ဦးယောသပ်



ဦးခင်ဇော်ဦး



နိုင်အောင်မငေး



ဒေါက်တာ တူးဂျာ

**ဗိုလ်မှူးကြီး ဝဏ္ဏအောင် (အတွင်းရေးမှူး-၁၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ)**

လက်ရှိမှာ JMC - U နဲ့ ရှေ့ဆက်လုပ်ဆောင်မယ့် လုပ်ငန်းလမ်းညွှန်၊ စစ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ၊ NCA ပါ အချက်အလက်တွေကို လိုက်နာဆောင်ရွက်ဖို့အတွက် စောင့်ကြည့်ပြီးတော့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ကန့်ကွက်ခြင်း၊ ဖြေရှင်းခြင်းတွေကို ဆောင်ရွက်နေပါတယ်။ လိုအပ်မယ်ဆိုရင်တော့ စိစစ်ရေးအဖွဲ့တွေကို စေလွှတ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ JMC-U အနေနဲ့တော့ ခက်ခဲမှုတွေ လျှော့ချရပ်စဲဖို့အတွက် အဓိကထား ဆောင်ရွက်နေပါတယ်။

**ဦးယောသပ် (လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့)**

ကျွန်တော်တို့ဒေသမှာ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ အင်မတန်မှ အားနည်းပါသေးတယ်။ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုရဲ့ အရွေ့တစ်ခုမှာ ကျွန်တော်တို့ အခုလို လက်တွဲဆောင်ရွက်ခွင့်ရမယ်ဆိုရင် ဒီထက်မက တိုင်းရင်းသားတွေအတွက် တန်ဖိုးရှိမယ့်အရာတွေ လုပ်ကိုင်ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ဆက်ပြီးမှလည်း လုပ်ဖို့အတွက် ကျွန်တော်တို့ ခွန်အားတွေ စုစည်းထားပါတယ်။

ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အရေးအကြီးဆုံးက ငြိမ်းချမ်းရေးဖြစ်ပါတယ်။ ဒီငြိမ်းချမ်းရေးရမှ ဖွံ့ဖြိုးရေးကို လုပ်လို့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ နေထိုင်တဲ့ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိဖို့ နံပါတ်(၁)အရေးကြီးပါတယ်။ နံပါတ်(၂)အနေနဲ့ တိုင်းရင်းသားပေါင်းစုံကလည်း လူမျိုးတစ်မျိုးနဲ့တစ်မျိုး လေးလေးစားစား ဆက်ဆံပြီးမှ လက်တွဲဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ တိုင်းရင်းသားတွေ ဒီလိုစည်းလုံးညီညွတ်ပြီး လက်တွဲဆောင်ရွက်နိုင်မယ်ဆိုရင် မိမိရဲ့ဒေသ၊ မိမိရဲ့ပြည်နယ်၊ မိမိရဲ့ နိုင်ငံတော်ကြီးအတွက် ဒီထက်မက ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်မယ်လို့မြင်တဲ့အတွက် တိုင်းရင်းသားပြည်သူတွေအနေနဲ့ စည်းလုံးညီညွတ်မှု ရှိစေချင်ပါတယ်။

**ဦးခင်ဇော်ဦး (ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး)**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ လက်မှတ်ရေးထိုးဖို့ ကျန်ခဲ့ကြပါတယ်။ ကျန်ခဲ့ကြတဲ့အဖွဲ့တွေကို အဆက်မပြတ်တွေ့ဆုံညှိနှိုင်းပြီးတော့ လက်မှတ်ရေးထိုးနိုင်အောင် ဆောင်ရွက်တဲ့အခါမှာ ဒီနေ့ဆိုရင် မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က NCA ထဲမှာ ပါဝင်ပူးပေါင်းဆောင်ရွက်လာတာ ဖြစ်ပါတယ်။

ဒီလိုလက်မှတ်ရေးထိုးဖို့ ကျန်တဲ့အဖွဲ့တွေထဲကနေ နှစ်ဖွဲ့ပါဝင် ပူးပေါင်းဆောင်ရွက်လာတဲ့အတွက်ကြောင့် ကျွန်တော်တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ကဏ္ဍတစ်ခုကို ရှေ့ကိုတစ်လှမ်းတိုးလာတယ်လို့ ပြောရမှာပါ။ မြန်မာနိုင်ငံမြေပုံကို ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံတောင်ပိုင်းဖြစ်တဲ့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးဆိုပြီးတော့ တွေ့ရပါလိမ့်မယ်။ ကရင်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက NCA မှာ လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာဆိုရင်လည်း အချို့နယ်မြေမှာရှိတဲ့သူတွေက လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ လက်မှတ်ရေးထိုးပြီးတဲ့အခါမှာ ငြိမ်းချမ်းရေးလုပ်ငန်းတွေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အားသွန်ခွန်စိုက် ဆောင်ရွက်နေတဲ့အခါမျိုးမှာ ကရင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီး ကြားထဲမှာရှိတဲ့ မွန်ပြည်နယ်က ကျန်နေတာပါ။

အခုဆိုရင် NMSP အဖွဲ့က ဒီလုပ်ငန်းစဉ်ထဲမှာ ပါဝင်လာပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအောက်ပိုင်းဟာ ငြိမ်းချမ်းရေးခရီးစဉ်ကို ဖြောင့်ဖြောင့်ဖြူးဖြူးသွားနိုင်မယ့်အနေအထားမျိုးကို ရောက်လာပြီလို့ ပြောရမှာဖြစ်ပါတယ်။ ကျန်တဲ့ဒေသ၊ ကျန်တဲ့အဖွဲ့အစည်းတွေအတွက်လည်း ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။

မကြာခင်အချိန်တွေမှာတော့ ကျွန်တော်တို့ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာပါလိမ့်မယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ကျွန်တော်တို့ တံခါးပိတ်မထားပါဘူး။ အဖွဲ့တိုင်းနဲ့ ကျွန်တော်တို့ ဆွေးနွေးနေပါတယ်။ အချို့အဖွဲ့တွေကတော့ တရားဝင်ဆွေးနွေးတာတွေရှိသလို တချို့အဖွဲ့ဝင်တွေကတော့ အလွတ်သဘောဆွေးနွေးနေတာတွေ မပြတ်လုပ်နေပါတယ်။ အလွတ်သဘောဆွေးနွေးတာကနေ အဖြေမရသေးတဲ့အခါ ထုတ်ပြန်ကြေညာလို့ မဖြစ်သေးပါဘူး။ တွေ့ဆုံဆွေးနွေးမှုကနေ ယုံကြည်မှုတွေ ကြိုးစားတည်ဆောက်နေပါတယ်။ နောက်ထပ်လက်မှတ်ရေးထိုးမယ့် အဖွဲ့တွေလည်း ရှိပါတယ်။

**နိုင်အောင်မငေး (မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီဝင်)**

NCA ထိုးပြီးရင် NCA ရဲ့ နောက်ဆက်တွဲအနေနဲ့ လုပ်ငန်းအကောင်အထည်ဖော်တဲ့အခါ အမျိုးသားအဆင့် ဆွေးနွေးပွဲကို ထဲထဲဝင်ဝင်လုပ်မယ်။ သေသေချာချာ လုပ်မယ်။ ပြီးရင် နိုင်ငံရေးဆွေးနွေးပွဲကို သေသေချာချာ တက်ရောက်ပါမယ်။ အားနည်းချက် အားသာချက်ဆိုတာရှိပါတယ်။ ဥပမာ အားနည်းချက်က တိုင်းရင်းသားလက်နက်ကိုင်တစ်ဖွဲ့လုံး မပါသေးတာ တော်တော်စိတ်မကောင်းစရာပါ။ အားသာချက်ကတော့ NCA လက်မှတ်ထိုးပြီးရင် နိုင်ငံရေးဆွေးနွေးပွဲကို ထဲထဲဝင်ဝင်ပါဝင်လာနိုင်ပြီး ဆွေးနွေးနိုင်မှာပါ။ ငြိမ်းချမ်းရေးလမ်းစဉ်ကောင်းအောင် မွန်ပြည်သစ်ပါတီတစ်ခုတည်းနဲ့ မလုံလောက်ဘူး။ ကျန်တဲ့ပြည်သူတွေနဲ့ နိုင်ငံရေးပါတီတွေ၊ အတတ်ပညာရှင်၊ အသိပညာရှင်တွေ စုစည်းလုပ်မှသာလျှင် ကောင်းမွန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုကို တည်ဆောက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါကြောင့် အားလုံးပူးပေါင်းဆောင်ရွက်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဒေါက်တာ တူးဂျာ (ကချင်ပြည်နယ် ဒီမိုကရေစီပါတီ - KSDP)**

ပြည်တွင်းစစ်ပြဿနာက နိုင်ငံရေးပြဿနာပဲ။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအတိုင်း ဖြေရှင်းမှပြေလည်မယ်ဆိုတဲ့ခံယူချက် လူတိုင်းရင်မှာရှိနေပါပြီ။ အထူးသဖြင့် ၂၀၁၀ ရွေးကောက်ပွဲပြီးနောက်ပိုင်း တက်လာတဲ့ နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဒါကိုလက်ခံပြီးတော့မှ တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်လာတာပါ။ အရင်ကတော့ ဒါကိုလက်မခံကြဘူး။ စစ်ရေးနဲ့ပဲဖြေရှင်းဖို့ ကြိုးစားခဲ့တာပါ။ နိုင်ငံတော်သမ္မတဦးသိန်းစိန် အစိုးရလက်ထက်ကစပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအတိုင်း ဖြေရှင်းကြမယ်ဆိုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ကြတာပါ။

ဒါကြောင့် တစ်ဆင့်ပြီးတစ်ဆင့် လုပ်လာတဲ့အပေါ်မှာ နောက်ဆုံး NCA ဆိုတာ ပေါ်လာတာပါ။ NCA စာချုပ်က ဘာလဲဆိုရင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးစားပွဲဝိုင်းမှာ ဆွေးနွေးရမယ်။ အပစ်အခတ်ရပ်ထားရမယ်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်ထားပြီးမှ နိုင်ငံရေးဆွေးနွေးပွဲမှာ ဆွေးနွေးတဲ့အခါ စိတ်ဖြောင့်ဖြူးမယ်၊ ပိုပြီးတော့ပြေလည်နိုင်မယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဒါက ပထမခြေလှမ်းဖြစ်ပါတယ်။

ဒါကို ကျော်ဖြတ်နိုင်တဲ့ အဖွဲ့အစည်းတွေလည်း ရှိနေပါပြီ။ အရင်ကလည်း ရှစ်ဖွဲ့ ထိုးပြီးပါပြီ။ အခုနှစ်ဖွဲ့ဆိုတော့ အားလုံး ၁၀ ဖွဲ့ရှိပါတယ်။ လက်မှတ်မထိုးသေးတဲ့ အဖွဲ့တွေရှိပါသေးတယ်။ ဒီဟာရဲ့ ပြဿနာတစ်ခုက NCA မှာ အချက်အလက်တွေရှိတယ်။ အဲဒီအချက်အလက်တချို့ကို လက်မှတ်မရေးထိုးသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက ပြုပြင်ချင်တယ်။ ပြုပြင်ပြီးတော့မှ နှစ်ဖက်သဘောတူညီမှုရရှိမှ လက်မှတ်ရေးထိုးမယ်လို့ ကြားသိရပါတယ်။

နှစ်ဖက်တွေ့ဆုံဆွေးနွေး အဖြေရှာလို့ရနိုင်တဲ့ အနေအထားမျိုးလည်း ဖြစ်ပါတယ်။ ဆက်လက်ပြီး ကြိုးစားနေတဲ့ အနေအထားမျိုးလည်း ရှိပါတယ်။ အဓိကကျတဲ့အချက်က တွေ့ဆုံဆွေးနွေးခြင်းပါ။ NCA လက်မှတ်ရေးထိုးဖို့ တွေ့ဆုံဆွေးနွေးတဲ့အခါမှာ အနည်းဆုံးအဆင့်က ယာယီအပစ်အခတ်ရပ်စဲရေး လုပ်ထားဖို့လိုတယ်။ တိုက်ပွဲတွေကြားမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက NCA လက်မှတ်ရေးထိုးရေးအတွက် ယုံကြည်မှုအပိုင်းမှာ အားနည်းချက်တွေရှိတယ်။ ယုံကြည်မှုမရှိတာတွေ ကြားသိရတယ်။ ဒါကြောင့် ယုံကြည်မှုအပြည့်အဝ ရရှိလာအောင်ဆိုရင် တိုက်ပွဲတွေကို ယာယီအားဖြင့်သော်လည်းကောင်း ရပ်စဲထားဖို့ လိုအပ်တာသိမြင်နေရပါတယ်။

အခြားအရာတွေကလည်း အနည်းအပါး ပြုပြင်စရာတွေရှိပါတယ်။ ဒါတွေကို ပြုပြင်ပြီးတော့မှ လက်ခံသွားကြမှာပါ။ နောက်ဆုံးပြောမယ်ဆိုရင်တော့ UNFC အနေနဲ့ ပြုပြင်စရာ၊ ဖြည့်စွက်စရာရှိတာတွေကို အချက်ရှစ်ချက်တင်ပြီး DPN နဲ့ NRPC ဆွေးနွေးခဲ့ကြတာပါ။ အခု နောက်ဆုံးမှာ သဘောတူညီခဲ့ကြတယ်။ ဒီနေ့မှာ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က လက်မှတ်ရေးထိုးကြတယ်။ အဲဒီလို အနေအထားမျိုးတွေ ပေါ်ထွက်လာပြီး ကျန်တဲ့လက်မှတ်မရေးထိုးသေးတဲ့ အဖွဲ့အစည်းတွေလည်း သူတို့တော့ နည်းလမ်းတော့ရှာကြမှာပါ။

NCA ကိုကျော်ဖြတ်နိုင်မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖြောင့်ဖြူးနိုင်မယ့် အနေအထားမျိုးဖြစ်တဲ့အခါ NCA မှာ ပြင်ဆင်စရာရှိတာပြင်ရမယ်။ တံခါးကျယ်ကျယ်ဖွင့်ပေးဖို့လိုတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအတိုင်း ဖြေရှင်းရမယ်ဆိုတဲ့ ခံယူချက်အတိုင်း ပင်လုံညီလာခံကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သင့်ပါဝင်ထိုက်သူအားလုံးပါဝင်နိုင်မယ့် ညီလာခံဖြစ်အောင် ကျင်းပသွားမယ်ဆိုရင် ငြိမ်းချမ်းရေးက ဝေးမလွတ်ပါဘူး။ ပြည်တွင်းစစ်ရပ်စဲတာနဲ့ ငြိမ်းချမ်းရေးရရှိနိုင်မယ်၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မယ်လို့မြင်ပါတယ်။

**နာဗစ်ဘွန် [လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဗဟိုကော်မတီဝင်]**

ကျွန်မတို့အနေနဲ့ လက်မှတ်ရေးထိုးပွဲမှာ လာရောက်လက်မှတ်ရေးထိုးနိုင်တဲ့အတွက် အင်မတန်မှဂုဏ်ယူပါတယ်။ ပြည်သူလူထုနဲ့ အတူတကွပူးပေါင်းပြီး လားဟူလူမျိုးတွေတိုးတက်ဖို့ အများကြီးလုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ NCA လက်မှတ်ရေးထိုးပြီး နောက်ပိုင်းမှာ နိုင်ငံတော်အဆင့်ဆိုရင်လည်း နိုင်ငံတော်အဆင့်၊ အောက်ခြေမှာဆိုရင်လည်း အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေရှိတယ်၊ လူထုတွေ့ဆုံဆွေးနွေးပွဲတွေရှိတယ်။ ပြည်သူလူထုနဲ့အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဝိုင်းဝန်းသွားဖို့ရှိပါတယ်။ လက်မှတ်ရေးထိုးနိုင်ဖို့ အများကြီးညှိနှိုင်းကြိုးစားခဲ့ပါတယ်။ အစိုးရနဲ့ ညှိနှိုင်းမှုက တစ်ပိုင်း၊ လားဟူပြည်သူလူထုအနေနဲ့ ဝိုင်းဝန်းပူးပေါင်းဖို့အတွက် အများကြီး ကြိုးစားလုပ်ဆောင်ခဲ့ရပါတယ်။ ဆယ်စုနှစ်ချီပြီး ကြိုးစားခဲ့ပါတယ်။

ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းရေးရဖို့အတွက် လားဟူလူမျိုးစု ပါဝင်လာတဲ့အချိန်မှာ ပြည်သူလူထုကလည်း လှိုက်လှိုက်လှဲလှဲကြိုဆိုတဲ့အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပီတိ ဖြစ်ရပါတယ်။ လက်မှတ်ရေးထိုးဖို့ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အားလုံးကိုလည်း သေချာစွာစေ့စပ်ညှိနှိုင်းဆွေးနွေးမှုတွေပြုလုပ်ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်မှာ အတူအကွ ပူးပေါင်းပါဝင်ကြဖို့ ပြောကြားလိုပါတယ်။

**စောစိန်ဝင်း [UPDJC အဖွဲ့ဝင် (DKBA)]**

ကျွန်တော်တို့ ကရင်ပြည်နယ်မှာရှိတဲ့ ပြည်သူတွေရဲ့ သွားလာနေထိုင်မှု၊ လုပ်ကိုင်စားသောက်မှု အခွင့်အလမ်း ပွင့်လင်းလာတယ်လို့ သုံးသပ်မိပါတယ်။ NCA လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားညီအစ်ကိုတွေ နိုင်ငံတော်တည်ဆောက်ရေးအတွက် အမြန်ဆုံးအတူတကွ ဝိုင်းဝန်းစုပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ ဆန္ဒပြုလိုပါတယ်။

**ဦးသိန်းထွန်း (UPDJC အဖွဲ့ဝင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)**

အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ရှိသွားပါပြီ။ နောက်ကျန်တဲ့အဖွဲ့တွေလည်း မနှေးအမြန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မှာ လက်မှတ်ရေးထိုးဖို့ တိုက်တွန်းပါတယ်။ တောင်းဆိုပါတယ်။ မျှော်လည်းမျှော်လင့်ပါတယ်။ အဲဒါဟာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ သဘောဆန္ဒပါ။ ဒီလို NCA လက်မှတ်ရေးထိုးမှ စစ်ရေးပဋိပက္ခတွေ လျော့နည်းချုပ်ငြိမ်းပြီး နိုင်ငံ့အရေးကို နိုင်ငံရေးစားပွဲဝိုင်းမှာ ဆွေးနွေးပြီးတော့ တိုင်းရင်းသားပြည်သူတွေ

စာမျက်နှာ ၈ သို့ ❍

■ **ရှေ့ဆိုင်းထားသည့်မှ**

ပြန်ကန်ပွဲမှာ နှစ်သင်းစလုံးအတွက် အာရှဖလားခြေစစ်ပွဲအောင်မြင်ရန် အရေးပါလျက်ရှိပြီး လေးပွဲစီကစားအပြီးတွင် ကာဂျစ္စတန်အသင်းက ခုနစ်မှတ်၊ မြန်မာအသင်းက ငါးမှတ်ရထားသည်။ မြန်မာအသင်းသည် အာရှဖလားခြေစစ်ပွဲ အုပ်စု (က) ၌ အိန္ဒိယ၊ ကာဂျစ္စတန်၊ မကာအိုတို့နှင့် ကျရောက်ခဲ့ပြီး အိန္ဒိယအသင်းမှာ ငါးပွဲကစား ၁၃ မှတ်ဖြင့် ခြေစစ်ပွဲ အောင်မြင်ထားပြီးဖြစ်သည်။ မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်းမှာ နှစ်ပွဲစီကစားရန် ကျန်သေးသော်လည်း ခြေစစ်ပွဲအောင်မြင်ရန် ထိပ်တိုက်တွေ့ဆုံမည့်ပွဲမှာ အရေးပါလျက်ရှိသည်။ မြန်မာအသင်းအနေဖြင့် မဖြစ်မနေ အနိုင်ရမှသာ ခြေစစ်ပွဲအောင်မြင်ရန်ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်ပြီး ရှုံးနိမ့်ခဲ့ပါက ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်အဆုံးသတ်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မတ် ၂၇ ရက်တွင် မကာအိုအသင်းနှင့် အိမ်ကွင်းပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲတွင် ၁၉၆၈ ခုနှစ်က တစ်ကြိမ်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ဒုတိယဆုရရှိခဲ့သည်။ ထို့ကြောင့်ယခုအကြိမ်တွင် ဒုတိယအကြိမ်မြောက်ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ဒေးဒရဲ ဖေဖော်ဝါရီ ၁၄**

၂၀၁၈ ခုနှစ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ကျေးရွာပေါင်းစုံ(အလွတ်တန်း) ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၃ နာရီက ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ မြို့မဘောလုံး အားကစားကွင်းသစ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်နှင့် ဌာနဆိုင်ရာများ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အသင်း ၂၁ သင်းမှ အသင်းဝင်များ၊ နည်းပြများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထုအင်အား ၅၀၀ ကျော် တက်ရောက်ကြပြီး ပထမနေ့ပွဲစဉ်အဖြစ် ဆူးကလပ်ကျေးရွာအုပ်စုအသင်းနှင့် ညောင်တပင်ကျေးရွာအုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**သပြေထွန်း**





နာပစ်ဘွန်


စောစိန်ဝင်း


ဦးသိန်းထွန်း


ဦးညိုအုန်းမြင့်


ဦးကိုကိုကြီး


ဦးစိုင်းကျော်ညွန့်

○ စာမျက်နှာ ၇ မှ

သဘောဆန္ဒတူမျှနေရင် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်အခြေခံတဲ့ ပြည်ထောင်စုကြီးဖြစ်တည်ရေးကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

တစ်ဖက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ NCA မှာ လက်မှတ်ရေးထိုးမယ်၊ တစ်ဖက်ကလည်း နိုင်ငံရေးဆွေးနွေးပွဲတွေနဲ့ ဆက်ပြီးသွားမယ်ဆိုရင် စစ်ရေးပဋိပက္ခချုပ်ငြိမ်းခြင်းနဲ့အတူ ဒီမိုကရေစီဖက်ဒရယ်စနစ်ကို သွားနိုင်မှာလည်း ဖြစ်ပါတယ်။

**ဦးညိုအုန်းမြင့် (အတွင်းရေးမှူး၊ Center for Peace and Reconciliation)**

အခုလက်ရှိအစိုးရအနေနဲ့ ရှစ်ကြိမ်တွေ့ဆုံဆွေးနွေးပြီးတဲ့အခါမှာ မွန်ပြည်သစ်ပါတီဘက်ကနေပြီး တပ်မတော်ဘက်ကနေ အာမခံချက်ရှိမယ်ဆိုရင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မှာ လက်မှတ်ရေးထိုးမယ်လို့ ဆိုလာပါတယ်။ အဲဒါကြောင့် ကျွန်တော့်အမြင်နဲ့ ပြောရရင် ဥက္ကဋ္ဌကြီး နိုင်ထောမွန်နဲ့ မွန်ပြည်သစ်ပါတီခေါင်းဆောင်တွေက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဘက်က အာမခံချက်ရတဲ့အတွက် လက်မှတ်ထိုးတယ်လို့မြင်ပါတယ်။ ဒါကတော့ ကျွန်တော့်အမြင်အရပြောတာပါ။

နောက်ထပ်လည်း လက်မှတ်ရေးထိုးလာနိုင်တဲ့ လက်နက်ကိုင်အဖွဲ့တွေရှိလာနိုင်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အစိုးရနဲ့ တွေ့ဖို့ဆိုတာ တစ်ခါတစ်ခါ နှစ်လသုံးလလောက်စောင့်ရတယ်။ ဒီကြားထဲမှာ နားလည်မှုထပ်လွဲသွားတာ ရှိပါတယ်။ ဒီနေ့ကို အချုပ်အားဖြင့်ပြောရရင်တော့ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုရှိသွားလို့ လက်မှတ်ရေးထိုးတယ်လို့ ပြောရမှာပါ။

**ဦးကိုကိုကြီး (၈၈ မျိုးဆက်ပွင့်လင်းလူ့အဖွဲ့အစည်း)**

ဒီလိုလက်မှတ်ရေးထိုးတယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက်ယုံကြည်မှုတွေ ဘယ်လောက်တိုးတက်လာတယ်ဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။ ကျန်တဲ့အဖွဲ့ တွေနဲ့ကြားမှာလည်း ယုံကြည်မှုတွေ တိုးမြှင့်နိုင်ဖို့အတွက် တွေ့ဆုံဆွေးနွေးမှုတွေ အကြိမ်ကြိမ်လုပ်ပေးသင့်တယ်လို့မြင်ပါတယ်။ အခုလက်မှတ်မထိုးနိုင်သေးပေမယ့် တစ်ချိန်ချိန်မှာထိုးလာနိုင်ဖို့ အပြုသဘောဆောင်တဲ့ထိတွေ့မှုတွေ အနိမ့်ဆုံးအဆင့် အလုပ်သဘောတွေ့ဆုံ ဆွေးနွေးမှုတွေ ဆက်တိုက်လုပ်နေသင့်တယ်လို့မြင်ပါတယ်။ NCA ကို စောင့်ကြည့်လေ့လာဖို့ JMC ဆိုတာပေါ်လာတယ်။ တစ်ဖက်ကတော့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုတွေအတွက် UPDJC ရှိတယ်။ ဒီနှစ်ခုက ဘယ်ခြေလှမ်းနဲ့ ညာခြေလှမ်းလိုပါပဲ။ တစ်ဖက်က နိုင်ငံရေးဖြစ်ထွန်းမှုတိုးတက်မှုရှိရင်ရှိသလို အပစ်အခတ်ရပ်စဲရေးကိုစောင့်ကြည့်တဲ့လုပ်ငန်းတွေလည်း ထိရောက်မယ်။ နောက်တစ်ခုက အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်တဲ့အပေါ်မှာ မူတည်ပြီးတော့ နိုင်ငံရေးဆွေးနွေးမှုတွေကိုလည်း သက်ရောက်မှုရှိနိုင်တယ်လို့မြင်ပါတယ်။

**ဦးစိုင်းကျော်ညွန့် (ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ နိုင်ငံရေးပါတီများအစုအဖွဲ့အတွင်းရေးမှူး)**

NCA လက်မှတ်လာထိုးတာ နှစ်ဖွဲ့တည်း နည်းတယ်ဆိုပေမယ့် အရင်ရှစ်ဖွဲ့နဲ့ဆို ဆယ်ဖွဲ့ရှိပါပြီ။ အရွေ့ဆိုတာ ကြီးကြီးသေးသေး အရွေ့ကအရွေ့ပါပဲ။ ဘာပဲဖြစ်ဖြစ် အရွေ့လေးတစ်ခုပါ။ NCA ဆိုတာက ပန်းတိုင်မဟုတ်ပါဘူး။ ကျွန်တော်တို့သွားချင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို သွားဖို့အတွက် ပြည်ထောင်စုသဘောတူညီမှုစာချုပ်ရအောင် အရေးကြီးတဲ့ နိုင်ငံရေးဆွေးနွေးပွဲ ငြိမ်းချမ်းရေးဆွေးနွေးပွဲဆီ ရောက်အောင်သွားဖို့အတွက် တစ်ဆင့်ခံလက်မှတ်ရေးထိုးခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကျန်တဲ့တိုင်းရင်းသားလက်နက်ကိုင် ညီအစ်ကိုတွေအနေနဲ့လည်း NCA နည်းနဲ့ပဲဖြစ်ဖြစ်၊ တခြားနည်းနဲ့ပဲဖြစ်ဖြစ် နိုင်ငံရေးဆွေးနွေးမှုလမ်းကြောင်းထဲကို လာဖို့ကြိုဆိုဖိတ်ခေါ်ချင်ပါတယ်။ ဖက်ဒရယ်ကို သွားဖို့လှေကားတစ်ထစ်ဖြစ်တဲ့ NCA ကိုလက်မှတ်ရေးထိုးခြင်းအားဖြင့် နောက်တစ်ဆင့်တက်လှမ်းလို့ရတယ်ဆိုတာကို လက်မှတ်ထိုးဖို့ ကျန်ရှိနေတဲ့ ညီအစ်ကိုတွေကို ပြောပြချင်ပါတယ်။ ။

❖ ကျောဖုံးမှ

ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ကျယ်ပြန့်အောင်မြင်လာခြင်းနှင့်အတူ နိုင်ငံတကာဈေးကွက် လိုအပ်ချက်အရ မွေးမြူရေးငါး၊ ပုစွန်များကိုလည်း ပြည်ပသို့ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

တစ်နိုင်ငံလုံးတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်အထိ ငါးလုပ်ငန်းဦးစီးဌာန၏စာရင်းများအရ ငါး၊ ပုစွန် မွေးမြူရေးကန် ဧက ၄ ဒသမ ၈ သိန်းကျော်တွင် ငါး၊ ပုစွန်များ မွေးမြူလျက်ရှိကြပြီး ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ငါးမြစ်ချင်းငါး ဒုတိယအများဆုံးမွေးမြူသည့် နိုင်ငံဖြစ်ပြီး ငါးမြစ်ချင်းငါး ပြည်ပသို့ တင်ပို့ရာတွင်လည်း အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်၏ အဓိကလိုအပ်ချက်ဖြစ်သည့် နိုင်ငံခြားငွေ ရှာဖွေပေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တတိယအဆင့်တွင် ရှိနေကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

## ကလေးများနေ့အထိမ်းအမှတ် ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ထီးချိုင့် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ် ကလေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ထီးချိုင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲကို ထီးချိုင့်မြို့ အမှတ်(၁)ရပ်ကွက် Kid's Pre School မှ မူကြိုကလေးငယ်များအား ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပပေးပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်စောကလျာက ကလေးများ၏ချစ်စရာကောင်းသော ဟန်ပန်အမူအရာများကို စွမ်းရည်ပြသပေးနိုင်အောင် ပြုလုပ်ပေးခြင်းဖြင့် ကလေးငယ်များ အသိပညာ၊ ပေါင်းသင်းဆက်ဆံရေးတိုးတက်လာမှာဖြစ်ကြောင်း၊ လူကြီးမိဘများက ကလေးငယ်များကို အသိအမှတ်ပြုကာ မှန်ကန်သော ပြုစုပျိုးထောင်ပေးခြင်း နည်းလမ်းများဆောင်ရွက်ပေးခြင်းအားဖြင့် ကလေးငယ်များ မိမိကိုယ်ကိုယုံကြည်မှု၊ ထူးချွန်မှုရှိလာစေရန် ရည်ရွယ်ပြီး ယခုပြိုင်ပွဲကို ကျင်းပပေးရခြင်းဖြစ်ကြောင်းနှင့် ကျန်သည့်မူကြိုကလေးငယ်များကိုလည်း အပတ်စဉ်ပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၇)ကြိမ်မြောက် အလွတ်တန်း၊ အကြီးတန်းနှင့်အငယ်တန်း စစ်တုရင်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၊ အားကစားနှင့်ကာယပညာကော်မတီနှင့် ဖော့ကန်ရပ်ကွက် ရပ်မိရပ်ဖများ ပူးပေါင်းစီစဉ်ကျင်းပသည့် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် (၇)ကြိမ်မြောက် ဖိတ်ခေါ် အလွတ်တန်း စစ်တုရင်ပြိုင်ပွဲကို အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အမက(၂၆) ကျောင်းခန်းမဆောင်၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပခဲ့ရာ မြို့နယ်ပေါင်းစုံမှ စိတ်ပါဝင်စားကြသည့် စစ်တုရင် အားကစားသမား၊ အကြီးတန်း ၆၈ ဦးနှင့် အငယ်တန်း ၃၈ ဦးတို့ အဖွဲ့လိုက်ပတ်လည်အမှတ်ပေးစနစ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထို့နောက်အလွတ်တန်း စစ်တုရင် အကြီးတန်းပြိုင်ပွဲ၊ ပထမဆုငွေကျပ်နှစ်သိန်း၊ ဒုတိယဆုငွေကျပ်တစ်သိန်းငါးသောင်း၊ တတိယဆုငွေကျပ်တစ်သိန်း၊ စစ်တုရင်အငယ်တန်း ပထမဆုငွေကျပ် ငါးသောင်း၊ ဒုတိယဆုငွေကျပ် သုံးသောင်း၊ တတိယဆုငွေကျပ်နှစ်သောင်း၊ အဆင့်လိုက်ရရှိသည့်ဆုများကို မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီများ၊ ရပ်ကွက်ကော်မတီများ၊ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



☆ **မြန်မာအစိုးရမှ**

- မြန်မာဘက်အနေဖြင့် ပြန်လည်ဝင်ရောက်မည့် စိစစ်အတည်ပြုပြီးသူများအတွက် ပြန်လည်နေရာချထားရေး အစီအစဉ်၊ အသက်မွေးဝမ်းကျောင်းမှု အကူအညီပံ့ပိုးပေးခြင်း၊ အခြေခံဝန်ဆောင်မှုများရရှိနိုင်မှုနှင့် လုံခြုံရေးအတွက် အစီအမံတို့နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးပို့ပေးခဲ့ပြီးဖြစ်ကြောင်း၊
- မြန်မာဘက်အနေဖြင့် ပထမအသုတ် နေရပ်ပြန်လာသူများအား လက်ခံရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ နေရပ်စွန့်ခွာသူများ ဆန္ဒအလျောက် ဘေးကင်းသိက္ခာရှိစွာ ပြန်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်ဘက်နှင့် နီးကပ်စွာ ညှိနှိုင်းပူးပေါင်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- မကြာသေးမီကာလများတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့ အပါအဝင် သံတမန်အဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ပြန်လည်လက်ခံရေးဆောင်ရွက်နေမှုများနှင့် မြေပြင်အခြေအနေကို လေ့လာနိုင်ရန် မောင်တောဒေသသို့ သွားရောက်ခွင့်ပြုခဲ့ကြောင်း၊ အစိုးရအနေဖြင့်လည်း ယခု ဖေဖော်ဝါရီလအတွင်းမှာ မြန်မာနိုင်ငံအခြေစိုက် သံတမန်အဖွဲ့နှင့် ကုလသမဂ္ဂအေဂျင်စီများကို အဖွဲ့(၃)ဖွဲ့ခွဲလျက် ရခိုင်ပြည်နယ်သို့ နေ့ချင်းပြန်ခရီးစဉ်များ စီစဉ်ပေးခဲ့ကြောင်း၊
- ပြန်လည်လက်ခံရေးလုပ်ငန်းမှာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်နိမိတ်ရှိ Zero Line ပေါ်တွင် ရောက်ရှိနေကြသူများ အရေးကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်သွားရေးတို့အတွက် ဘင်္ဂလားဒေ့ရှ်ပြည်ထဲရေးဝန်ကြီးနှင့် ဆွေးနွေးညှိနှိုင်းရန် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဘင်္ဂလားဒေ့ရှ်သို့ ၁၅-၂-၂၀၁၈ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း၊
- အစိုးရအနေဖြင့် မိမိ၏ပြည်သူများကို အကာအကွယ်ပေးရန်မှာ အဓိကတာဝန်ဖြစ်ပါကြောင်း၊ ထိခိုက်ခံရသည့်ဒေသများတွင် အခြေအနေများ ပုံမှန်ပြန်လည်ရောက်ရှိလာပြီဖြစ်ရာတွင် မောင်တောခရိုင်အတွင်း နယ်မြေအားလုံးနီးပါးတွင် ရဲတပ်ဖွဲ့မှ လုံခြုံရေးတာဝန်ကို ကျယ်ကျယ်ပြန့်ပြန့် တာဝန်ယူထားပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့် ခြောက်လအတွင်း အကြမ်းဖက်သမားများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ကြီးကြီးမားမားဖြစ်ပွားခြင်း မရှိခဲ့သော်လည်း အပြစ်မဲ့ပြည်သူများအကြား ဝင်ရောက်ခိုလှုံနေသည့် ARSA အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုမှာ အမြဲရှိနေကြောင်း၊ ARSA အကြမ်းဖက်အဖွဲ့သည် ဥပဒေစိုးမိုးရေးနှင့် ပြည်သူ့လုံခြုံရေးကို လျော့ပါးစေရန် အခွင့်အရေးရလျှင်ရသကဲ့သို့ လုပ်ဆောင်နေမည်ဖြစ်ကြောင်း၊ ရခိုင်ဒေသတွင်း အခြားသော အသိုက်အဝန်းများနှင့် ငြိမ်းချမ်းစွာ သဟဇာတဖြစ်ဖြစ် နေထိုင်လိုသည့် အပြစ်မဲ့ပြည်သူများကို ခြိမ်းခြောက်သတ်ဖြတ်ရန် လူမဆန်သော နည်းလမ်းများကို အသုံးပြုရန်အတွက် ၎င်းတို့အနေဖြင့် နှောင့်နှေးမည် မဟုတ်ကြောင်း၊ မကြာသေးမီက ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းမှ စခန်းခေါင်းဆောင် နှစ်ဦး အသတ်ခံရမှုသတင်းသည် မိမိနေထိုင်ရာရွာများသို့ ပြန်လိုသည့်သူများအား အသိပေးခြိမ်းခြောက်မှုတစ်ရပ်ပင်ဖြစ်ကြောင်း၊
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့်စပ်လျဉ်းပြီး အစိုးရနှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) တို့မှ ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများနှင့် စီးပွားရေးလုပ်ငန်းများ ဖန်တီးတည်ဆောက်ပေးခြင်းသာမက ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံးအတွက် အစားအစာနှင့် အိမ်ထောင်စု လိုအပ်ချက်များကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊
- ကြက်ခြေနီလှုပ်ရှားမှုနှင့် အာဆီယံလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာနတို့မှလည်း ထိခိုက်ခံဒေသများတွင် အရေးပေါ်လိုအပ်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် ဝန်ဆောင်မှုများ ပံ့ပိုးပေးရာ၌ အစိုးရဦးဆောင်သည့် ယန္တရားတွင် တက်ကြွစွာ ပါဝင်လျက်ရှိကြောင်း၊
- ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီသို့ ပြင်ပအမြင်များနှင့် အကြံပြုချက်များ ပံ့ပိုးပေးနိုင်ရန်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း Dr. Surakiart Sathirathai ဦးဆောင်သည့် အကြံပေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊
- လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များနှင့်ပတ်သက်ပြီး မြန်မာအစိုးရအနေဖြင့် အကြမ်းဖက်သောလုပ်ရပ်မှန်သမျှကို ခွင့်လွှတ်မည်မဟုတ်ဟု အတိအလင်းပြောကြားပြီးဖြစ်ကြောင်း၊ ခိုင်လုံသော အထောက်အထားရှိပါက ပြစ်မှုကျူးလွန်သည့် မည်သူကိုမဆို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- ရိုက်တာသတင်းဌာနက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ဖော်ပြခဲ့သည့် မောင်တောခရိုင် အင်းဒင်ကျေးရွာရှိ သင်္ချိုင်းတစ်ခုတွင် အလောင်း(၁၀)လောင်း တွေ့ရှိခဲ့သည်ဆိုသော သတင်းအချက်နှင့်ပတ်သက်၍ တပ်မတော်က အဆင့်မြင့်စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ရာတွင် အဆိုပါဖြစ်စဉ်အား စုံစမ်းစစ်ဆေးခဲ့ပါကြောင်း၊ ဩဂုတ်လ ၂၅ ရက်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁ ရက်တွင် ARSA အကြမ်းဖက်တိုက်ခိုက်သူ (၁၀) ဦးကို လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းတို့အား ရဲလက်သို့ မအပ်ဘဲ စက်တင်ဘာလ ၂ ရက်တွင် သတ်ဖြတ်ခဲ့ပြီး ကျေးရွာရှိ သင်္ချိုင်းတွင် မြှုပ်နှံခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းများကို ဖောက်ဖျက်ခဲ့သည့် တပ်မတော်သား၊ ရဲအရာရှိနှင့် ရွာသား စုစုပေါင်း (၁၆) ဦးကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်၏ ယင်းလုပ်ဆောင်ချက်မှာ တာဝန်ယူမှုရှိသည့် အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ထောက်ခံအားပေးထိုက်ကြောင်း၊
- ရခိုင်ပြည်နယ်အတွင်း တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေး၊ သဟဇာတရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိရေးမှာ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအောင်မြင်မှုတို့အပေါ် မူတည်ကြောင်း၊ ယခုကာလတွင် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးသော အမျိုးသားရေးကြိုးပမ်းအားထုတ်မှုမှာ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်သွားရေးပင်ဖြစ်ကြောင်း၊
- ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုတို့ မရှိပါက လူသားတိုင်းအတွက် လုံခြုံမှု၊ လွတ်လပ်မှုနှင့် တိုးတက်မှုကို ပေးစွမ်းနိုင်သည့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဖော်ဆောင်နိုင်မည် မဟုတ်ကြောင်း၊
- ဖေဖော်ဝါရီလ ၁၃ ရက်တွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့မှ နေပြည်တော်၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို ပါဝင်လက်မှတ်ရေးထိုးလာကြပြီဖြစ်ရာ ယခုအခါ NCA လက်မှတ်ရေးထိုးပြီးသည့် လက်နက်ကိုင်အဖွဲ့ (၁၀)ဖွဲ့ ရှိလာပြီဖြစ်ကြောင်း၊
- လက်ရှိ လူသားချင်းစာနာမှုဆိုင်ရာ အခက်အခဲဖြစ်ပွားမှုမှာ လုံခြုံရေးစခန်းများကို အကြမ်းဖက်အဖွဲ့မှ တိုက်ခိုက်ခဲ့ခြင်း၏ နောက်ဆက်တွဲပြဿနာဖြစ်ကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံ၏ လုံခြုံရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့အတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်ကို ရှင်းလင်းစွာ တွေ့မြင်နိုင်ကြောင်း၊ လူအချို့မှ ပုံဖော်ပြောကြားနေသော ဘာသာရေးပြဿနာတစ်ရပ် မဟုတ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်း အခြားသောဒေသများတွင် နေထိုင်ကြသည့် မူဆလင်အများစုမှာ မတူကွဲပြားသော ဘာသာဝင်များနှင့်အတူ ငြိမ်းချမ်းစွာနှင့် သဟဇာတရှိစွာ သမိုင်းတစ်လျှောက် နေထိုင်ခဲ့ကြကြောင်း၊
- ရခိုင်ပြည်နယ်တွင် ရင်ဆိုင်လျက်ရှိသည့် စိန်ခေါ်မှုများအတွက် လွယ်ကူလျင်မြန်စွာ ဖြေရှင်းနိုင်မည့် နည်းလမ်းမရှိကြောင်း၊ ပြဿနာကို ဖြေရှင်းရန်မှာ မြန်မာပြည်သူများအနေဖြင့် ငြိမ်းချမ်းပြီး သာယာဝပြောသော ရခိုင်ပြည်နယ်ကို မည်ကဲ့သို့ ဖော်ဆောင်မည်ဆိုသည့် ခံယူချက်အပေါ်သာ မူတည်ကြောင်း၊
- မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်း၏ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုကြောင်း၊ မူဝါဒချမှတ်ရေးလုပ်ငန်းစဉ်တွင် တစ်ဖက်သတ်ဆန်သော မီဒီယာများနှင့် လှုပ်ရှားသူများ၏ ဓားစာခံမဖြစ်သင့်ကြောင်း၊ သတင်းအချက်အလက်များအပေါ် အသေအချာဆန်းစစ်ပြီးမှသာ အရေးကြီးသော စီရင်ဆုံးဖြတ်မှုနှင့် မူဝါဒဆိုင်ရာဆုံးဖြတ်ချက် ချမှတ်မှုများကို ဆောင်ရွက်သင့်ကြောင်း။ **သတင်းစဉ်**

**✳ လူဖြင့်ပုံဖော်ထားသောမှ**

ဌာနေပြည်သူ ပြည်သားများနှင့် တယ်လီနော ဝန်ထမ်းများအပါအဝင် စုစုပေါင်း ၃၄၆၆ ဦးက စတုရန်းပေ ၂၄၈၀၄ အကျယ်အဝန်းရှိ မြန်မာနိုင်ငံမြေပုံကြီးကို စုပေါင်းပုံဖော်ခဲ့ကြသည်။

အခမ်းအနားကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တယ်လီနောမှ တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ပြီး စံချိန်ချိုးရန် ကြိုးပမ်းမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနေပြည်သူ ပြည်သားများနှင့်အတူ အားပေးခဲ့သည်။

ဂင်းနစ်ကမ္ဘာ့စံချိန်အဖွဲ့အစည်း၏ အတည်ပြုချက်အရ ၂၀၁၆ ခုနှစ်က ယူကေနိုင်ငံတွင် Belron International က ဦးဆောင်ကာ လူပေါင်း ၈၁၁ ယောက်ဖြင့် အာဖရိကတိုက်ပုံဖော်ခဲ့သည့် စံချိန်ကိုချိုးရန် မြန်မာနိုင်ငံက ကြိုးပမ်းရာတွင် အတိအကျလိုက်နာရန် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီပြီး တရားဝင် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြည်သူများနှင့် ပူးပေါင်းလျက် ယင်းကဲ့သို့ လူပေါင်းများစွာဖြင့် ကမ္ဘာ့အကြီးဆုံးမြေပုံ ပုံဖော်ကာ ကမ္ဘာ့စံချိန်သစ်တစ်ခု တင်နိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လူဖြင့်ပုံဖော်ထားသည့် ကမ္ဘာ့အကြီးဆုံး နိုင်ငံမြေပုံအဖြစ် မြန်မာနိုင်ငံမြေပုံကို ပုံဖော်ပြီး ကမ္ဘာ့စံချိန်သစ်တင်နိုင်ရေးကြိုးပမ်းမှုကို ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းအဖွဲ့အစည်းက အတည်ပြုပေးလိုက်ပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ဂင်းနစ်ကမ္ဘာ့စံချိန်သစ်တစ်ခု တင်နိုင်ခဲ့ပြီဖြစ်သည်။ ယင်းကြိုးပမ်းမှုတွင် ပါဝင်ခဲ့သော မြန်မာနိုင်ငံသူ နိုင်ငံသားပေါင်း ၃၄၀၀ ကျော်သည်လည်း ဂင်းနစ်ကမ္ဘာ့စံချိန်ချိုးနိုင်သူများ ဖြစ်လာခဲ့ပြီဖြစ်သည်။

“ဒီနေ့မှာ ပြည်သူလူထုရဲ့ တစ်ခဲနက်ပါဝင်မှုနဲ့ မြန်မာနိုင်ငံရဲ့ သမိုင်းစာမျက်နှာသစ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပါပြီ၊ ဒီကြိုးပမ်းမှုကို ဦးဆောင်ခွင့်ရခဲ့တဲ့အတွက် တယ်လီနောမြန်မာအနေနဲ့ တကယ်ကို ဝမ်းမြောက်ဂုဏ်ယူပါတယ်၊ ဒီလိုစံချိန်သစ်တင်နိုင်တဲ့ကြိုးပမ်းမှုက ပြည်ထောင်စုနေ့ကို အထူးဂုဏ်ပြုတဲ့ပွဲလည်းဖြစ်သလို ပြည်သူအများရဲ့ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့တဲ့ပွဲလည်းဖြစ်ပါတယ်၊ လူငယ်တွေ အများစုပါဝင်တဲ့ လူပေါင်းထောင်နဲ့ချီပြီး ကျွန်တော်တို့ မြန်မာနိုင်ငံမြေပုံကြီးကို အတူတကွ လက်တွဲလို့ပုံဖော်ကြတာကို မြင်ရတဲ့အချိန်က တကယ့်ကို စိတ်လှုပ်ရှားစရာကောင်းသလို ဂုဏ်ယူစရာလည်း ကောင်းပါတယ်”ဟု တယ်လီနောမြန်မာ၏ ဒေသဆိုင်ရာ စီးပွားရေးတာဝန်ခံ ဦးရေချမ်းက ပြောသည်။ **ALEX**

# မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**



မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ၁/၂၀၁၈ အကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၂) ဗဟိုစာရင်းအင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယား များသည် တိုင်းပြည်အတွက် အလွန်အရေးပါပြီး အခြေခံကျသည့် စာရင်းဇယားများဖြစ်ပါကြောင်း။

တိုင်းပြည်အတွက် အလွန်အရေးပါသည့် လူဦးရေဆိုင်ရာ မူဝါဒတစ်ရပ်ပေါ်ပေါက်လာရေးအပြင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့် အရေးပါသည့် လုပ်ငန်းများအတွက် မဟာဗျူဟာနှင့် စီမံချက်များ ရေးဆွဲရာတွင် ဤစာရင်းဇယားများ၏ မှန်ကန်မှုရှိလျှင် ရှိသကဲ့သို့ အချိန်နှင့်တစ်ပြေးညီရရှိမှု ရှိလျှင်ရှိသကဲ့သို့ ထိရောက်အောင်မြင်မှုများ ရရှိပြီး ရေရှည်တွင်လည်း အကျိုးဖြစ်ထွန်းမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် စာရင်းဇယားများ၏ မှန်ကန်တိကျမှုကို အလေးပေးမှု၊ စာရင်းဇယားများကို သေချာစွာ ကြည့်ရှု၍ ပြင်ဆင်ရန် အချက်နှင့် တွေ့ရှိချက်များကို ပေးပို့သူအား ပြန်လည်ပေးပို့သော အလေ့အထ (feedback)၊ ရရှိလာသော အချက်အလက်များကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာသုံးသပ်၍ လုပ်ငန်းမူဝါဒများ ချမှတ်သော စာရင်းအင်းယဉ်ကျေးမှုနှင့် အလေ့အထများ ယခုထက်ပိုမိုဖြစ်ထွန်းပေါ်ပေါက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် စပ်လျဉ်းသော လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသူဇာချစ်တင်က ၂၀၁၇ ခုနှစ်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ် ၁၄ မြို့နယ်တွင် Verbal Autopsy နည်းလမ်းဖြင့် ကောက်ယူရရှိသော Cause of Death ရလဒ်များနှင့် မိုဘိုင်းဖုန်း Birth Registration ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့တွင် လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

**စစ်တွေ ဖေဖော်ဝါရီ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် နိုင်ငံအတွင်းရှိ ကလေးသူငယ်များ၏ဘဝ ကနဦး ပထမရက်ပေါင်း (၁၀၀၀)အတွင်း အာဟာရပြည့်ဝစွာ စားသုံးခွင့်ရ၍ ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်များအဖြစ် ရှင်သန်ကြီးပြင်းနိုင်စေရေး ရည်ရွယ်ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ကို အာဟာရ အခြေအနေနိမ့်ပါးသော ဒေသများဖြစ်သည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် စတင်အကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါအစီအစဉ်အရ ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ပထမအကြိမ် ငွေကြေးထောက်ပံ့မှု အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်က စစ်တွေမြို့ရှိ ရွာကြီးမြောက်မွှာရုံ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ တက်ရောက်၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်နှစ်အောက် ကလေးမိခင်များအား ထောက်ပံ့ငွေများ ပေးအပ်ထောက်ပံ့သည်။



ထို့အပြင် လူမှုဝန်ထမ်းဦးစီးဌာန ရခိုင်ပြည်နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် စစ်တွေမြို့ သက္ကေပြင် IDP စခန်းသို့ သွားရောက်ထောက်ပံ့မှုများ ပြုလုပ်သည်။ အဆိုပါ အစီအစဉ်အရ ပထမအကြိမ် ငွေကြေးထောက်ပံ့မှုသည် ၂၀၁၇ ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် အကျုံးဝင်ခဲ့သော အကျိုးခံစားခွင့်ရှိသူများအတွက်ဖြစ်ပြီး စစ်တွေမြို့နယ်၌ အကျိုးခံစားခွင့်ရှိသူဦးရေ ၈၀၇၆ ဦး ရှိကြောင်း သိရသည်။

ထို့နောက် စစ်တွေမြို့ စုပေါင်းရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ်ကျင်းပသော ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ ရွှေပါရမီပဲနို့အာဟာရဖောင်ဒေးရှင်းက ရခိုင်ပြည်နယ် ၁၇ မြို့နယ်အတွင်းရှိ ကလေးများအား စဉ်ဆက်မပြတ် ပဲနို့အာဟာရတိုက်ကျွေးနိုင်ရန်အတွက် ပဲနို့ကြိတ်စက်များ၊ ဆက်စပ်ပစ္စည်းများနှင့် နည်းပညာ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားများ ပြောကြားပြီး ရွှေပါရမီပဲနို့အာဟာရ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးရှိန်ဝင်းက လှူဒါန်းရသည့်အကြောင်းရင်း၊ ပဲနို့သောက်သုံးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး လှူဒါန်းပစ္စည်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကလေးငယ်များအား ပဲနို့အချိုရည်များ တိုက်ကျွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ မြောက်ဦးမြို့သို့ လေ့လာရေးရောက်ရှိ

**မြောက်ဦး ဖေဖော်ဝါရီ ၁၄**

ရခိုင်ရှေးဟောင်းယဉ်ကျေးမှု ဘုရား၊ စေတီပုထိုးများ၊ ရခိုင်ယဉ်ကျေးမှု အမွေအနှစ်လက်ရာများ၊ သဘာဝအလှရှုခင်းများ၊ သျှစ်သောင်းပုထိုးတော်ကြီး၊ အံတော်သိမ်ပုထိုးတော်ကြီး၊ ကိုးသောင်းပုထိုးတော်ကြီး၊ ထုက္ကန့်သိမ်ပုထိုးတော်ကြီး၊ လောကမာရ်အောင်စေတီ၊ ရတနာ့မာရ်အောင်စေတီ၊ မင်္ဂလာမာရ်အောင်စေတီ၊ သကျမာရ်အောင်စေတီ၊ ဇိနမာရ်အောင်စေတီ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့များနှင့် ရခိုင်ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ အနုပညာဗိသုကာလက်ရာများ၊ ရှေးဟောင်းသမိုင်းဝင် အထင်ကရနေရာများကို လေ့လာနိုင်ရန် မြောက်ဦးမြို့သို့ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက ထိုင်းနိုင်ငံ ကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

မြောက်ဦးမြို့သို့ လာရောက်လည်ပတ်လျက်ရှိသော ထိုင်းနိုင်ငံကြက်ခြေနီအသင်းမှ ကိုယ်စားလှယ် Mr.Tej Bunnag က မြောက်ဦးမြို့သို့ လာရောက်လည်ပတ်ရသည့်အတွက် အလွန်ပျော်ရွှင်ကျေနပ်မိကြောင်း၊ ရှေးဟောင်း ရခိုင်ယဉ်ကျေးမှုအမွေအနှစ်များ၊ ရခိုင်အနုပညာဗိသုကာလက်ရာများကို အနီးကပ်မြင်ရသည့်အတွက် များစွာအံ့ဩမိကြောင်း ပြောသည်။

မြောက်ဦးမြို့သို့ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များ၊ ခရီးသွားဧည့်သည်များ လာရောက် လည်ပတ်လေ့လာမှုသည် တစ်နှစ်ထက်တစ်နှစ် အလွန်များပြားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ရုံးထုတ်၊ လေးဦးမြောက်တရားလိုပြသက်သေကို စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေဖြင့် တရားစွဲဆိုခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တရားရုံး၌ ရုံးထုတ်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ တရားလိုပြသက်သေ ၂၅ ဦးရှိသည့်အနက် လေးဦးမြောက် တရားလိုပြသက်သေကို စစ်ဆေးခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ယနေ့ ရုံးထုတ်မှုနှင့်ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးမှ သတင်းပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "၂၀၁၈ ခုနှစ် ရာဇဝတ်ကြီး အမှုအမှတ် ၄၊ သက်ဦးမောင် (ခေါ်)ဝလုံးနဲ့ ကျော်စိုးဦး (ခေါ်) မိုးအောင်တို့ နှစ်ဦးရဲ့ အမှုနဲ့ပတ်သက်ပြီး ဒီကနေ့မှာ တရားလိုပြသက်သေ ဒုရဲအုပ် မျိုးကိုကို ကို စစ်ဆေးခဲ့ပါတယ်၊ ဒီကနေ့မှာတော့ တရားလိုပြသက်သေတစ်ယောက်ပဲ စစ်ခဲ့တာပါ။ အခုဆိုရင် အမှုနဲ့ပတ်သက်ပြီး တရားလိုပြသက်သေ လေးဦးကို စစ်ဆေးပြီးသွားပါပြီ၊ ရှေ့လာမယ့် ရုံးချိန်းမှာတော့ တရားလိုပြသက်သေ နှစ်ဦး စစ်ဆေးဖို့ တရားစွဲ အဖွဲ့အစည်းဖြစ်တဲ့ အမှုလိုက် ဥပဒေအရာရှိကို ညွှန်ကြားထားပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သက်ဦးမောင် (ခေါ်) ဝလုံးနှင့် ကျော်စိုးဦး(ခေါ်)မိုးအောင်တို့နှစ်ဦးအား မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေရဲစခန်းက (ပ) ၁၂၉၈/၂၀၁၇၊ ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေ ပုဒ်မ ၃(၁)(ဂ) ဖြင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးယုနိုင်က တရားလိုအဖြစ် အမှုဖွင့်လှစ်ခဲ့ပြီး အမှုနှင့်ပတ်သက်၍ ဇန်နဝါရီ ၁၀ ရက်တွင် မြောက်ပိုင်းခရိုင်တရားရုံး၌ စတင်တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါအမှုကို မြောက်ပိုင်းခရိုင်တရားရုံးက ဖေဖော်ဝါရီ ၂၁ ရက်သို့ ထပ်မံချိန်းဆိုလိုက်ပြီး ယင်းနေ့တွင် အမှုမှ စစ်ဆေးရန် ကျန်ရှိနေသော တရားလိုပြသက်သေများအနက်မှ နှစ်ဦးကို ဆက်လက်စစ်ဆေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

**(ဇော်ကြီး)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ကျိုက်ထို ဖေဖော်ဝါရီ ၁၄**

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျိုက်ထိုမြို့နယ် ချောင်းဝကျေးရွာရှိ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာလူထုက ဆောင်ရွက်နေသည့် ဘီးလမ်းခင်းခြင်း (Wheel Track) လုပ်ငန်းဆောင်ရွက်နေမှုကို ကျေးရွာကော်မတီဝင်များနှင့် ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် **အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ(အန်၊ယူ၊ဒီ) National United Democratic Party (N.U.D)**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ချင်းတွင်းလမ်းနှင့် ခတ္တာလမ်းထောင့်၊ အမှတ်(၂၃၁၉) တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ (အန်၊ယူ၊ဒီ) National United Democratic Party (N.U.D)** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၄-၂-၂၀၁၈ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ (အန်၊ယူ၊ဒီ)**
**National United Democratic Party (N.U.D)၏ အလံပုံစံ**



**အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ (အန်၊ယူ၊ဒီ)**
**National United Democratic Party (N.U.D)၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ချင်းအမျိုးသားနေ့ ဟားခါးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**ဟားခါး ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများနှင့်အတူ နယ်ချဲ့အင်္ဂလိပ်တို့ကို ဆန့်ကျင်တိုက်ခိုက်တော်လှန်ခဲ့ကြရာမှ ပေါ်ပေါက်လာခဲ့သော ချင်းတိုင်းရင်းသားတို့၏ နှစ်(၇၀)ပြည့် **"ချင်းအမျိုးသားနေ့"**ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဟားခါးမြို့ ဝမ္ဘသူးမောင်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ အခမ်းအနား ကျင်းပမှုများနှင့်အတူ ချင်းရိုးရာ ခွေါင်ကြွဲပွဲ၊ ရိုးရာနပန်းပြိုင်ပွဲ၊ ရိုးရာအထွတ်အမြတ်တိုင်စိုက်ထူပွဲ၊ ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများ ပြခန်း၊ ရိုးရာဂျပ်ခုတ်လုပ်ငန်း သရုပ်ပြသခြင်း၊ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များမှ ပြခန်းစုစုပေါင်း ၁၅ ခု အပါအဝင် ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲနှင့် စင်တင်တေးဂီတဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်ရာ ချင်းအမျိုးသားနေ့ပွဲတော်သို့ မည်သူမဆို လာရောက်အားပေး ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီလ ၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၁ ဒုတိယတန်း အလယ်ပုံပါ ပုံစာအား မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းဟုလည်းကောင်း၊ ဒုတိယတန်း ညာအစွန်ပုံပါ ပုံစာအား မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်းဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းစဉ်**

# မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ မြန်မာနိုင်ငံ၏ နှလုံးရောဂါ ဆေးကုသမှုသမိုင်းတွင် မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့ပြီ


**မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးရှိ နှလုံးရောဂါအထူးကုဌာန၌ ဖေဖော်ဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် နည်းပညာကုထုံးအသစ်ဖြင့် ပေါင်ခြံမှ နှလုံးအဆို့ရှင်လဲလှယ်ကုသခြင်း လုပ်ငန်းကို လူနာငါးဦးအား အောင်မြင်စွာ ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။**

အဆိုပါကုသခြင်းလုပ်ငန်းကို စင်ကာပူနိုင်ငံ National University Hospital မှ နှလုံးအထူးကုဆရာဝန်ကြီး နှစ်ဦး၏ နည်းပညာအကူအညီဖြင့် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးမှ နှလုံးအထူးကု ဆရာဝန်ကြီးများ၊ ခွဲစိတ်ဆရာဝန်ကြီးများ၊ မေ့ဆေးအထူးကု ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး နှလုံးအဆို့ရှင် ၁၂ လုံးကို အမေရိကန်နိုင်ငံ Edward Life Sciences ကုမ္ပဏီမှ လှူဒါန်းမှုတို့ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အရေးပေါ်နှလုံးသွေးကြောပိတ်ရောဂါကို ဆေးသွင်းခြင်းမပြုဘဲ တိုက်ရိုက်သွေးကြောချဲ့ပြီး ဒေါက်ထည့်ကုသသည့် ကုထုံးအသစ်ဖြင့် အောင်မြင်မှုမှတ်တိုင် စိုက်ထူနိုင်ခဲ့သည်။ ယခု နှလုံးအဆို့ရှင် လဲလှယ်သည့်ကုထုံး (Transcutaneous Aortic Valve Implantation-TAVI)သည် မြန်မာနိုင်ငံ၏ နှလုံးရောဂါဆေးကုသမှုသမိုင်းတွင် ဒုတိယအကြိမ်အဖြစ် မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကုထုံးသစ်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆရာဝန်ကြီးများက ပြောကြားခဲ့သည်။


ဒေါက်တာသန်းသန်းကြိုင်


ဒေါက်တာကျော်စိုးဝင်း


Dr. Edgar Tay


ဦးဘိုမောင်

**ဒေါက်တာသန်းသန်းကြိုင်**

**ပါမောက္ခ/ဌာနမှူး၊ နှလုံးဆေးကုဌာန၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး**

မြန်မာနိုင်ငံမှာ ပထမဆုံးအနေနဲ့ မခွဲရ၊ မစိတ်ရဘဲ နှလုံးအဆို့ရှင်ကို ပေါင်ခြံကနေ ပိုက်ထည့်ပြီး လဲလှယ်ခြင်းကို ဖေဖော်ဝါရီ ၁၂ ရက်နဲ့ ၁၃ ရက်တို့မှာ စတင်ဆောင်ရွက်ပါတယ်။ စင်ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ်ဆေးရုံကြီးက Dr.Edgar Tay, Dr. Jimmy Hun တို့နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အရင်တုန်းက အဆို့ရှင် လဲတယ်ဆိုတဲ့နေရာမှာ ရင်ဘတ်ကို ခွဲစိတ်ပြီးတော့ လဲလှယ်ရခြင်းဖြစ်ပါတယ်။ အခုခေတ်ပေါ်နည်းဖြစ်တဲ့ မခွဲရဘဲ ပေါင်ခြံကနေ ပိုက်ထည့်ပြီးတော့ နှလုံးအဆို့ရှင်ကို လဲလှယ်ခြင်းဖြစ်ပါတယ်။ လူနာလည်း သက်သာပါတယ်။

မေ့ဆေးကလည်း အများကြီးပေးစရာမလိုပါဘူး။ တချို့လူနာတွေဆိုရင် ကျွန်မတို့က ထုံဆေးလေးနဲ့တင် စကားပြောရင်း လဲလှယ်ပေးပါတယ်။ ပြီးရင် လူနာက မိသားစုနဲ့ စကားတွေလည်း ပြောနိုင်တယ်။ နောက်တစ်နေ့မှာဆိုရင် ထပြီး လမ်းလျှောက်နိုင်တဲ့ အခြေအနေအထိကို ရရှိပါတယ်။ လူနာ ငါးဦးကို ကုသပေးဖို့အတွက် စီစဉ်ထားပါတယ်။ မနေ့ကတော့ သုံးယောက်ပြီးသွားပါပြီ။ အားလုံး အောင်အောင်မြင်မြင်နဲ့ ပြီးသွားပါတယ်။ လူနာရွေးချယ်မှုစနစ်က သိပ်အရေးကြီးပါတယ်။

အခုကုထုံးက ဈေးလည်းကြီးပါတယ်။ ခေတ်ပေါ်နည်းလည်းဖြစ်တဲ့အတွက်ကြောင့် သူတို့နိုင်ငံတွေမှာလည်း နှလုံးခွဲစိတ်ဖို့အတွက် မသင့်တော်တဲ့သူတွေကို ရွေးချယ်ရပါတယ်။ ကျွန်မတို့ကလည်း နှလုံးခွဲစိတ်ဖို့အတွက် မေ့ဆေးအကြာကြီးပေးဖို့ မသင့်တော်တဲ့သူတွေ၊ ခွဲစိတ်မှုဒဏ်ကို မခံနိုင်တဲ့သူတွေကို ကျွန်မတို့က ဦးစားပေးပြီးတော့ ရွေးချယ်ပါတယ်။ အခုချိန်မှာ အစိုးရကလည်း ပံ့ပိုးတဲ့အတွက် အဆို့ရှင်လဲလှယ်တဲ့အချိန်မှာ ဘာမှသိပ်ပြီး ကုန်ကျခြင်း မရှိပါဘူး။ ဒါကြောင့် ကျွန်မတို့အနေနဲ့ ခွဲစိတ်ဖို့ သင့်တော်တဲ့သူတွေဆိုရင် ခွဲစိတ်ဆရာဝန်ကြီးတွေဆီကိုပဲ ပို့ပြီးခွဲစိတ်စေပါတယ်။ အားလုံးပူးပေါင်းပြီး ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ပုံမှန်အဆို့ရှင်လဲလှယ်တဲ့နေရာမှာ အဆို့ရှင်လဲလှယ်မယ်ဆိုရင် ခွဲစိတ်တဲ့အခါမှာ အစိုးရက ပံ့ပိုးတဲ့အတွက်ကြောင့် ဘာမှသိပ်ပြီး ကုန်ကျစရိတ် မရှိပါဘူး။ ပေါင်ရင်းကနေ မခွဲရ၊ မစိတ်ရဘဲ အဆို့ရှင်လဲမယ်ဆိုရင် ဈေးအင်မတန်မှကြီးပါတယ်။ သူတို့က လှူဒါန်းတဲ့အတွက်ကြောင့် ကျွန်မတို့က လုပ်နိုင်ခြင်းဖြစ်ပါတယ်။ တစ်စုံကို ဒေါ်လာ လေးသောင်းကျော်ကျတယ်။ အခုအဆို့ရှင်တွေကို သူတို့က လှူတာပါ။ ကျွန်မတို့လူနာက ကုန်ကျစရိတ် ကျခံရခြင်းမရှိပါဘူး။

ဒါပေမယ့် နည်းပညာ စနစ်သစ်တွေက နေ့စဉ်နဲ့အမျှ တိုးတက်မှုတွေကရှိနေတဲ့အတွက်ကြောင့် နောင်များမှာ ဒီထက်သက်သာတဲ့ အဆို့ရှင်လေးတွေပေါ်လာတယ်ဆိုရင်၊ နိုင်ငံတော်က ပံ့ပိုးမှုလည်းရှိမယ်ဆိုရင် ဒီနည်းပညာစနစ်သစ်နဲ့ ကျွန်မတို့ လူနာအများကြီးကို ကယ်တင်နိုင်မယ်လို့ ယူဆပါတယ်။ ကျွန်မအနေနဲ့ ပထမဆုံးကျေးဇူးတင်တာကတော့ ကျန်းမာရေးဝန်ကြီးဌာနပါ။ စီးပွား/ကူးသန်း၊ စီမံ/ဘဏ္ဍာ မန္တလေးလေဆိပ်က လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနက ဝန်ထမ်းအားလုံးကို ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အလှူပစ္စည်းဆိုပေမယ့် မြန်မာပြည်ကို တင်သွင်းတဲ့ အခါမှာ အခက်အခဲ အများကြီးရှိပါတယ်။ အဲဒီအခါ သူတို့ကနေ ဒီအလှူပစ္စည်းတွေကို ဆေးရုံကိုရောက်အောင် သူတို့တွေက ဝိုင်းဝန်းပြီးတော့ ကူညီပံ့ပိုးတဲ့အတွက်ကြောင့် ဒီပစ္စည်းတွေ ရောက်လာတာပါ။

အဲဒီပစ္စည်းတွေ ရောက်လာတဲ့အတွက်ကြောင့်လည်း ကျွန်မတို့လူနာအတွက် လုပ်ပေးနိုင်တာပါ။ ပစ္စည်းတွေလှူဒါန်းပေးတဲ့ ကုမ္ပဏီကိုလည်း ကျေးဇူးတင်ပါတယ်။ နည်းပညာစနစ်သစ်ကို မျှဝေပေးဖို့အတွက် အဝေးကနေလာရောက်ပေးတဲ့ စင်ကာပူနိုင်ငံက ဆရာဝန်ကြီး နှစ်ယောက်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။ နည်းပညာအသစ်တွေပေါ်တိုင်း ကြိုးစားကြဖို့ လာရောက်တိုက်တွန်းအားပေးနေတဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ ဝန်ကြီးများအားလုံး၊ ဆေးရုံအုပ်ကြီး၊ ဝိုင်းဝန်းကူညီပေးကြတဲ့ ဆေးရုံကြီးက ဆရာဝန်ကြီး၊ ဆရာဝန်၊ သူနာပြုတွေအားလုံး၊ လျှပ်စစ်ဝန်ထမ်းတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ဒေါက်တာကျော်စိုးဝင်း**

**ပါမောက္ခ၊ နှလုံးအထူးကုဆရာဝန်ကြီး၊ နှလုံးရောဂါအထူးကုဌာန မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး**

အရင်ကုထုံးက မေ့ဆေးပေးတယ်၊ နံရိုးချိုးတယ်၊ နှလုံးကို ရပ်လိုက်တယ်။ နှလုံးကိုခွဲပြီးတော့ မကောင်းတဲ့ အဆို့ရှင်ကိုထုတ်တယ်။ ပြီးတော့ကောင်းတဲ့ အဆို့ရှင် ပြန်ထည့်တယ်။ လူနာကမေ့ဆေးရဲ့ဆိုးကျိုး၊ ခွဲစိတ်မှုဆိုးကျိုးခံရနိုင်တယ်။ နှလုံးကို ရပ်ထားပြီး နှလုံးအတုစက်နဲ့ လည်ပတ်နေစဉ်ကာလအတွင်းမှာ ခွဲစိတ်မှုကာလအတွင်းမှာ ဆိုးကျိုးတွေရလာနိုင်ပြီး တစ်ခုလုံးရဲ့ Procedure တွေနဲ့လုပ်တော့ ခြောက်နာရီ ကျော်ကြာတယ်။ ဒီရောဂါအဖြစ်များတာကလည်း အသက်ကြီးတဲ့သူတွေမှာ အဖြစ်များတယ်။ အဲဒီဟာကို ကုသဖို့က တချို့လူနာတွေက အသက်ကြီးသူ၊ ဝတဲ့သူ၊ ဆေးလိပ်အများကြီးသောက်လို့ အဆုတ်ပွနေသူတွေက မေ့ဆေးပေးလို့မရဘူး။ အဲဒီလို လူတွေက ပုံမှန်နည်းနဲ့ကုလို့ မရတော့ဘူး။ ဒီဝေဒနာနဲ့ အသက်ဆုံးရှုံးရတယ်။

အဓိက ဒီကုထုံးပေါ်လာတာက မေ့ဆေးပေးတဲ့ဒဏ် မခံနိုင်တဲ့နှလုံးရောဂါအပြင် အခြားရောဂါတွေပါ တွဲရှိနေတဲ့သူတွေအတွက် မခွဲမစိတ်ဘဲနဲ့ ကုသဖို့ ကုထုံးအသစ်တွေ ပေါ်လာတဲ့နည်းပညာပါ။လူတိုင်းက သာမန်အသေးစားတောင် မခွဲစိတ်ချင်တော့ နှလုံးခွဲစိတ်တဲ့ အကြီးစားခွဲစိတ်မှု မလုပ်ချင်ကြဘူး။ နိုင်ငံခြားမှာတော့ ဒီကုထုံးကို ပြင်သစ်နိုင်ငံက နှလုံးခွဲစိတ်ကု ဆရာဝန်ကြီးက ၂၀၀၂ ခုနှစ်က စတင်ခဲ့ပါတယ်။ ဒါကို တွင်တွင်ကျယ်ကျယ် မလုပ်ခဲ့ကြဘူး။ ကြောက်ကြတယ်။ တွင်တွင်ကျယ်ကျယ် လုပ်တာက ၂၀၀၉ ခုနှစ်မှာ လုပ်ခဲ့ကြရာက ၂၀၁၇ ခုနှစ်မှာ လူတစ်သိန်းလောက်က မခွဲမစိတ်ဘဲနဲ့ ပေါင်ခြံကနေ နှလုံးအဆို့ရှင် လဲတဲ့ ကုထုံးနဲ့ လုပ်ခဲ့ကြပါတယ်။

အာရှတိုက်မှာ ဒီကုထုံးနဲ့ တစ်သောင်းလောက်လုပ်ခဲ့ကြပြီး အများဆုံးလုပ်တာကတော့ ဂျပန်နိုင်ငံကပါ။ ဒုတိယအများဆုံးလုပ်တာက စင်ကာပူပေါ့။ ဒီကုထုံးကို မြန်မာနိုင်ငံမှာလုပ်တဲ့ ရည်ရွယ်ချက်က အသက်ကြီးတဲ့သူတွေ၊ မေ့ဆေးဒဏ်၊ ခွဲစိတ်မှုဒဏ် မခံနိုင်တဲ့သူတွေအတွက် လုပ်ပေးချင်တာပါ။ ပြဿနာကတော့ ဒီပစ္စည်းက အမေရိကန်ဒေါ်လာ ၄၀၀၀၀ တန်တော့ ဈေးသိပ်ကြီးပါတယ်။ ဒီပစ္စည်းတစ်ခုတင် မြန်မာငွေသိန်း ၅၀၀ လောက်ပါ။ ကျန်တာက နိုင်ငံတော်ကဝယ်ပေးထားတဲ့ ပစ္စည်းတွေရှိသေးတယ်။ နိုင်ငံတော် ပံ့ပိုးမှု တန်ဖိုးက သိန်း ၈၀ ဝန်းကျင်ရှိပါတယ်။ နောက်ပြီးတော့ ပစ္စည်းကိရိယာလိုတယ်။ နည်းပညာလိုတယ်။ ပုံမှန်လုပ်နေကျ နှလုံးသွေးကြောချဲ့ဆရာဝန်တွေနဲ့ နှလုံးခွဲစိတ်ဆရာဝန်တွေ ပူးပေါင်းပြီး လုပ်ကြတယ်။နှလုံးမေ့ဆေးဆရာဝန်က လူနာကို မနာမကျင်အောင်လုပ်နေတဲ့အချိန်မှာ သွေးပေါင်တက်တာ ကျတာ၊ Procedure လုပ်ချိန်မှာ အနှောင့်အယှက်မဖြစ်အောင် ကူညီပေးတယ်။ အဲဒီ Team သုံးခုက တက်ညီလက်ညီ လုပ်ရတယ်။

ကျွန်တော်တို့ Team သုံးခုကလည်း အတွေ့အကြုံမရှိခဲ့သေးဘူး။ ပထမ စင်ကာပူနိုင်ငံ နှလုံးဆရာဝန်နဲ့ နှလုံးခွဲစိတ်ဆရာဝန်နှစ်ဦးက ပထမဆုံးနည်းပညာတွေ ဆင့်ပွားသင်ပေးတယ်။ နှလုံးအဆို့ရှင်ပစ္စည်းကလည်း လိုသေးတယ်။ အမေရိကန်အခြေစိုက် Edward Life Sciences ကုမ္ပဏီက အဆို့ရှင် ၁၂ ခုလှူပါတယ်။ စလုပ်တဲ့ နေ့ကလည်း ရုံးပိတ်ရက်ဖြစ်နေပြီး တိုက်တိုက်ဆိုင်ဆိုင် ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီ ၁၂ ရက်) ဖြစ်နေသလို ကုသမှုကလည်း တစ်ဦးကောင်း တစ်ယောက်ကောင်း မဟုတ်ဘဲနဲ့ Unity လို့ ပြောရမယ့် ဌာနအားလုံး ညီညီညွတ်ညွတ်လုပ်မှ အောင်မြင်တဲ့ ကုထုံးကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့တာက စည်းလုံးညီညွတ်မှုကို ပြလိုက်တာလို့ စိတ်ထဲမှာခံစားရတယ်။ ဒီကုထုံးရဲ့ ကောင်းကျိုးက ခွဲစိတ်မှုဒဏ်မရှိဘူး။ မေ့ဆေးဒဏ်မရှိဘူး။ ခွဲစိတ်ပြီးနောက် ထထိုင်နိုင်ပြီး စားနိုင်ပါပြီ။

အရင်ကုထုံးက ခွဲစိတ်ရင် ခုနစ်နာရီလောက်ကြာမယ်။ နှစ်ရက်လောက် အိပ်ရာထဲမှာရှိမယ်။ အရည်လောက်ပဲ သောက်ရဦးမယ်။ လမ်းလျှောက်ဖို့က ရက်စောင့်ရဦးမယ်။ နှစ်လလောက်က နံရိုးချိုးထားတဲ့ဒဏ်ကြောင့် အလေးအပင် မ, မရဆိုတာမျိုးတွေရှိမယ်။ ခုလုပ်တဲ့ကုထုံးက ခွဲစိတ်ပြီး နှစ်ရက်လောက်ဆိုရင် လမ်းလျှောက်လို့ရပြီ။ ဆေးရုံက ဆင်းလို့ရနိုင်တဲ့ အခြေအနေပါ။ သွေးမခဲဆေး သောက်စရာ မလိုတော့ဘူး။ ဆိုးကျိုးကတော့ Tissue အဆို့ရှင် သက်တမ်းက ၁၀ နှစ်မှ ၁၅ နှစ် သက်တမ်းလောက်ပဲရှိတယ်။ ဒီသက်တမ်းကျော်လာရင် လူနာက အရင်ရောဂါဝေဒနာတွေ ပြန်ခံစားရနိုင်တယ်။ ဒီကုထုံးကို မြန်မာနိုင်ငံမှာ အိမ်နီးချင်းနိုင်ငံတွေလို လုပ်နိုင်ပြီဆိုတာ ပြသခွင့်ရလိုက်တဲ့အတွက် ဂုဏ်ယူလို့ မဆုံးဘူး။

**Dr. Edgar Tay**

**နှလုံးအထူးကု ဆရာဝန်ကြီး၊ စင်ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ်ဆေးရုံ**

ဒီကိုလာရတဲ့ အကြောင်းရင်းကတော့ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးအထူးကုဌာနက ဆရာဝန်တွေနဲ့ နှလုံးအဆို့ရှင်ကျဉ်းတဲ့ ဝေဒနာရှင်တွေကို မခွဲမစိတ်ဘဲနဲ့ ပေါင်ခြံသွေးကြောကနေတစ်ဆင့် အဆို့ရှင်တပ်ဆင်ပေးတဲ့ ကုထုံးအသစ်ကို လာပြီးလုပ်ဆောင်ဖို့ပါ။ ဒီဆေးရုံကြီး နှလုံးရောဂါကုဌာနမှာရှိတဲ့ ဆရာဝန်တွေဟာ အင်မတန်မှလည်း အတွေ့အကြုံရှိကြပြီး လူနာတွေအတွက်လည်း အလွန်ကို စေတနာထားကြပါတယ်။ မနေ့က လူနာသုံးယောက်ကို အဆို့ရှင်တပ်ဆင်တဲ့လုပ်ငန်းကို လုပ်ဆောင်ခဲ့ပါတယ်။ ဒီကုသမှုရဲ့ အောင်မြင်မှုဆိုတာ လူနာရွေးချယ်မှုအပေါ်မှာ အများကြီး မူတည်ပါတယ်။ ဒီကုသမှုနဲ့ ကုသလို့အောင်မြင်နိုင်မယ့် လူနာကို စနစ်တကျနဲ့ ရွေးချယ်နိုင်ခဲ့မယ်ဆိုရင် ၉၀ ရာခိုင်နှုန်းလောက် အောင်မြင်မှာဖြစ်ပါတယ်။ မနေ့က ကုသခဲ့တဲ့ သုံးယောက်ကို ဒီနေ့ ကျွန်တော်ဝင်ကြည့်တဲ့အခါမှာ ကျန်းမာရွှင်လန်းစွာနဲ့ တွေ့ရပါတယ်။

**ဦးဘိုမောင် (နှလုံးအဆို့ရှင်လဲလှယ်သည့်လူနာ၊ မန္တလေးမြို့)**

နှလုံးရောဂါခံစားနေရတဲ့အတွက် အဆို့ရှင် လာလဲရတာပါ။ ဒီဝေဒနာခံစားရတာ တစ်နှစ်ကျော်ကျော်လောက်တော့ရှိပြီ။ ဒီကိုလာပြတဲ့အခါမှာ ဒီရောဂါကုဖို့အတွက် ရင်ဘတ်ခွဲရမယ်ပြောတယ်။ ခွဲရမယ်ပြောတော့ ရင်ဘတ်မခွဲချင်ဘူး။ အသက်(၆၉)နှစ်ရှိပြီ။ ပေါင်ခြံကနေကုရတဲ့ ကုထုံးတော့ရှိတယ်။ မလုပ်နိုင်သေးဘူး၊ လုပ်နိုင်ရင်လုပ်မလားလို့ ဒီကဆရာဝန်ကြီးတွေက ပြောထားတယ်။ အခုလုပ်နိုင်တဲ့အတွက် ကျွန်တော် မခွဲမစိတ်ရဘဲ အဆို့ရှင်လဲလိုက်နိုင်တယ်။ ဒါကြောင့် အခု ကောင်းကောင်းမွန်မွန်နေနိုင်ပါတယ်။ မနေ့ကပြီးသွားတဲ့အတွက် အခုဆိုသက်သက်သာသာရှိပါတယ်။ အသက်ရှူရတာလည်း ပေါ့သွားတယ်။ ကျေးဇူးတင်တာကတော့ ပြောကိုမပြနိုင်ဘူး။ ကျွန်တော်စဖြစ်တုန်းကဆိုရင် စုပြီးဆုတ်ဆွဲခံရသလိုဖြစ်နေတယ်။ ဒီရောဂါကို ကုသပေးတဲ့ မြန်မာနိုင်ငံက ဆရာဝန်ကြီးတွေ၊ အဆို့ရှင်လှူဒါန်းပေးတဲ့ ကုမ္ပဏီနဲ့ စင်ကာပူကနေ လာပြီးကုသပေးတဲ့ ဆရာဝန်ကြီးတွေရော၊ အားလုံးကို အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်လည်း အများကြီး ကျန်းမာရေး ကောင်းသွားပါပြီ။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၉၆ စီး၊ သွင်းကုန် ၈၃၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး၊ သွင်းကုန် ၁၃၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃ ဒသမ ၃၅၉ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၈၇၀ သန်းခန့်) စုစုပေါင်း တားဆီးမှု ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅ ဒသမ ၂၂၉ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် မန္တလေးနှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်၏ နောက်ခန်းတွင် အံ့ဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား ၁၄၅ ချောင်း (သုည ဒသမ ၂၈၄၆ တန်)၊ အမဲသားခြောက် ၂၀၀၀ ပိဿာနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀ ဒသမ ၈၅၃ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**ကာမိုင်း ဖေဖော်ဝါရီ ၁၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ကာမိုင်းမြို့ ကပ်မှော်ဇွတ် ကျေးရွာအုပ်စု နန့်တိန်းအခြေပြုစစ်ဆေးရေးဂိတ်တွင် ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၄ နာရီခွဲက ခရီးသည်တင်ယာဉ်ဖြင့် တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကာမိုင်းမြို့ ကပ်မှော်ဇွတ်ကျေးရွာအုပ်စု နန့်တိန်းအခြေပြု စစ်ဆေးရေးဂိတ်တွင် နယ်မြေလုံခြုံရေးတပ်မှ လုံခြုံရေးဆောင်ရွက်နေစဉ် ဖားကန့်မှ မန္တလေးသို့ မိုးကောင်းမြို့နယ် နမ္မတီးမြို့ သာယာ(၁) ရပ်ကွက်နေ မောင်ရှိန်(၃၆)နှစ် မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်၏ဝမ်းဗိုက်တွင် အံ့ဝှက်ပြုလုပ်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံး အရွယ်စုံ ၂၇ တုံး (အလေးချိန် ၄၂၇ ကီလို)အား သိမ်းဆည်းရမိ၍ ကာမိုင်းနယ်မြေရဲစခန်းတွင် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# နေအိမ်ဆောက်လုပ်ရန် မြေကျင်းတူးစဉ် ဗုံးသီးဟောင်းနှစ်လုံးတွေ့ရှိ



**ဘားအံ ဖေဖော်ဝါရီ ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် လှိုင်းဘွဲ့-ဘားအံ ကားလမ်းဘေး ဒိုင်းပြကျေးရွာ ဘုန်းကြီးကျောင်းရှေ့တွင် ဦးလျံထူးအောင်(ခ)နေလင်းထိုက်၏ နေအိမ်ဆောက်လုပ်ရန် ဘက်ဟိုးယာဉ်ငယ်ဖြင့် မြေကျင်းတူးစဉ် ဗုံးသီးဟောင်း နှစ်လုံး တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုံးသီးဟောင်းနှစ်လုံးတွေ့ရှိသည့် နေရာသို့ လှိုင်းဘွဲ့ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ လှိုင်းဘွဲ့မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစန်းယုနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက သွားရောက်ကြည့်ရှုစစ်ဆေးရာ ၁၀၃ ဗုံးသီးနှင့် ပုံစံတူဖြစ်ကြောင်းနှင့် အမှတ်(၃၃၉)ခြေမြန်တပ်ရင်းသို့ ဆက်လက်ဆောင်ရွက်မှုပြုနိုင်ရန် သယ်ဆောင်သွားကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့မှ စက်ဘီးကလပ်ဥက္ကဋ္ဌ ရိုက်နှက်ခံရ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၄**

မြစ်ကြီးနားမြို့ မြို့မရပ်ကွက်၌ Nothern Green Bike စက်ဘီးကလပ် ဥက္ကဋ္ဌအား အမည်မသိ လူငယ်ခြောက်ဦးက ရိုက်နှက်မှု ဖေဖော်ဝါရီ ၁၃ ရက် ည ၉ နာရီကျော်ခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ဘီးကလပ်အသင်း ဥက္ကဋ္ဌ ဦးသောင်းဦးသည် ၎င်းအိမ်ရှေ့တွင် ရပ်ထားသည့် ကလူကာ အဖြူရောင်ကားမှန်အား အမည်မသိ လူငယ်ခြောက်ဦးက ရိုက်ခွဲနေသည်ကို တွေ့ရှိ၍ အော်လိုက်ရာ ထွက်ပြေးသွားပြီး မီးပွိုင့်အရောက် ကားပိတ်နေသောကြောင့် ပြန်လှည့်လာရာမှ စတင်ရိုက်နှက်ခံရခြင်းဖြစ်ကြောင်း၊ အဆိုပါ အမည်မသိလူငယ်ခြောက်ဦးမှ အသင့်ပါလာသော တုတ်ဖြင့်ရိုက်နှက်မှုကြောင့် ဦးသောင်းဦးမှာ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ရိုက်နှက်မှုကြောင့် မြစ်ကြီးနားပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်း၌ အမှုဖွင့်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

# ကျောက်တံခါးမြို့နယ် ပဲခူးရိုးမတောင်ပေါ်၌ တောဆင်တစ်ကောင် အရေခွံခွာခြင်းခံရပြီး သေဆုံးနေ

**ကျောက်တံခါး ဖေဖော်ဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းအပိုင် ရိုးမဖြတ်ကျော်လမ်းဖြစ်သည့် မြို့ချောင်း-မင်းလှ-စိန်ကန့်လန့်လမ်းပိုင်း မိုင်တိုင်အမှတ် ၆၀/၃ ဒေသအခေါ် ပဲခူးရိုးမတောင်ပေါ် ၁၀ မိုင်နှင့် ၁၁ မိုင်အကြား၌ ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲက တောဆင်တစ်ကောင် အရေခွံခွာခြင်းခံရပြီး လဲကျသေဆုံးနေသည်ကိုတွေ့ရှိခဲ့ကြောင်း သိရသည်။

သတင်းအရ အခင်းဖြစ်နေရာသို့ ဖဒိုနယ်မြေရဲစခန်းမှူး ရဲအုပ်ရဲထွဋ်မှုကိုနှင့်တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမင်းသူနှင့် သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့မှ ရဲအုပ်စိုးမိုးကျော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့ချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့်အဖွဲ့များက သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးနေသည့် တောဆင်မှာ အသက်ငါးနှစ်ခန့် လုံးပတ် ၉ ပေ ၁ လက်မ၊ အရပ် ၅ ပေ ၁၀ လက်မ အစွယ်မပါ ရှောက်ခွံရောင်ဆင်မဖြစ်ပြီး နှာမောင်းပြတ်လျက် အရေခွံခွာထားသည့် အနေအထားဖြင့် သေဆုံးနေကြောင်း သိသည်။



ဖြစ်စဉ်နှင့်ပတ်သက်ပြီး ညောင်လေးပင်မြို့နယ် သစ်ထုတ်လုပ်ရေးဦးစီးဌာနမှ ဆင်ဆရာဝန်က တောဆင်သေဆုံးရခြင်းနှင့်စပ်လျဉ်း၍ ခွဲစိတ်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ယနေ့ မွန်းလွဲ ၁ နာရီ ၄၄ မိနစ် ၀၂ စက္ကန့်အချိန်တွင် နေပြည်တော် မြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင် ၉၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပြည်မြို့၏ အရှေ့တောင်ဘက် ၉ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ ယနေ့ ငလျင်သည် နှစ်ဆန်းပိုင်းအတွင်း အကြိမ် ၄၀ မြောက် လှုပ်ခတ်ခြင်း ဖြစ်သည်။

**ကြေးမုံ**

# ဆိုင်ကယ်ခိုးယူရောင်းချနေသူအား ဖမ်းဆီးစစ်ဆေးရာမှ ဆိုင်ကယ်ရှစ်စီး ထပ်မံသိမ်းဆည်းရမိ


**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် ဇီးအုပ်ကွက်သစ် (၄၈) လမ်းနှင့် (၄၉)လမ်းကြားတွင် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲပိုင်းက ဆိုင်ကယ်ခိုးယူထားပြီး လိုက်လံရောင်းချနေကြောင်းသတင်းအရ သွားရောက်စစ်ဆေးရာမှ အခြားဆိုင်ကယ်ရှစ်စီးကိုပါ သိမ်းဆည်းရမိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းအကူဌာနစိတ်မှသိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းအကူဌာနစိတ်မှ ရဲအုပ်အောင်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြစ်ငယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ ဆိုင်ကယ်များခိုးယူထားပြီး လိုက်လံရောင်းချနေသူအား ရှာဖွေစဉ် ဇီးအုပ်ကွက်သစ် (၄၈)လမ်းနှင့် (၄၉)လမ်းကြား၌ စိုးကြီး (၃၂)နှစ် ပုသိမ်ကြီးမြို့နယ်နေသူအား တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ လွန်ခဲ့သောငါးရက်ခန့်က ပြည်ကြီးတံခွန်မြို့နယ် (၈)ဈေး လိုက်စိန်ကုန်စုံဆိုင်ရှေ့တွင်ရပ်ထားသည့် ၄၁ယ/----- SUMBO CZI-125 အမျိုးအစား အပြာရောင်ဆိုင်ကယ်အား ခိုးယူခဲ့ပြီး ၎င်းကိုယ်တိုင် စီးနင်းအသုံးပြုနေကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ယင်းနောက် ၎င်းအား ဆက်လက်စစ်ဆေးမေးမြန်းခဲ့ရာ မန္တလေးမြို့ပေါ်တွင် ခိုးယူခဲ့သည့် ဆိုင်ကယ်မျိုးစုံ ရှစ်စီးကိုလည်း ဖေဖော်ဝါရီ ၈ ရက်က ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

"မှုခင်းအကူဌာနစိတ်အနေနဲ့ အခြားအမှုတွေထဲက ခိုးမှုတွေကိုလည်း လိုက်ပါဖမ်းဆီးရမိရေး ဆောင်ရွက်နေပါတယ်၊ သတင်းပေးတာပဲဖြစ်ဖြစ်၊ သတင်းရတာပဲဖြစ်ဖြစ် နယ်မြေရဲစခန်းတွေနဲ့ချိတ်ဆက်ပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်နေပါတယ်၊ အခုအမှုကလည်း ဆိုင်ကယ်ကို ခိုးယူပြီး လိုက်ရောင်းနေတာကို သတင်းရလို့ လိုက်လံဖမ်းဆီးတာကနေ နောက်ထပ်ခိုးယူထားတဲ့ ဆိုင်ကယ်ရှစ်စီးကိုပါ ဖော်ထုတ်နိုင်ခဲ့ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအကူဌာနစိတ်မှ ရဲအုပ်မင်းသူရစိုးက ပြောသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ စိုးကြီးအား ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ဂိုးသမားအလှည့်ကျအသုံးပြုမှုမူဝါဒကို အဆုံးသတ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် လီဗာပူးတွင် မစ်ဂ်နိုလက် ဆက်ရှိ၊ မရှိ မသိရသေးဟု ယာဂန်ကလော့ပ် ဝန်ခံ



လီဗာပူးအသင်းနည်းပြ ယာဂန်ကလော့ပ်သည် လီဗာပူးအသင်းတွင် ဂိုးသမား မစ်ဂ်နိုလက် ဆက်ရှိနေနိုင်ရေးနှင့်ပတ်သက်၍ မသိရှိသေးကြောင်း ဝန်ခံပြောကြားခဲ့သည်။

နည်းပြ ကလော့ပ်က ဖလားပြိုင်ပွဲများတွင် သူ၏ အရင်က အသုံးပြုခဲ့သည့် ဂိုးသမားအလှည့်ကျအသုံးပြုမှုမူဝါဒကို အဆုံးသတ်ရန် ဆုံးဖြတ်လိုက်ကြောင်း အတည်ပြုပြောကြားခဲ့ပြီးနောက် ဘယ်လ်ဂျီယံ ဂိုးသမား မစ်ဂ်နိုလက်၏ လီဗာပူးအသင်းနှင့် ကစားသမားဘဝ ဖြတ်သန်းမှုသည် အဆုံးသတ်ဖွယ်ရှိနေပြီး လီဗာပူးအသင်းတွင် မစ်ဂ်နိုလက် ဆက်ရှိရေးမှာလည်း တိကျသည့်အဖြေတစ်ခု မထွက်သေးကြောင်း သိရသည်။

ကလော့ပ်၏ ဆုံးဖြတ်ချက်ကြောင့် ပြီးခဲ့သည့်လအတွင်းက ဂိုးသမား လိုးရစ်ကာရီးယက်စ်သည် မစ်ဂ်နိုလက်၏နေရာတွင် အစားထိုးအဖြစ် လီဗာပူးပထမအသင်းတွင် ပါဝင်ပွဲထွက်ကစားခွင့် ရရှိခဲ့ခြင်း ဖြစ်သည်။

နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ဂိုးသမား မစ်ဂ်နိုလက်အား လီဗာပူးအသင်းက ရောင်းချလိမ့်မည်ဆိုသည့် သတင်းများ ထွက်ပေါ်ခဲ့သော်လည်း နည်းပြ ကလော့ပ်ကမူ အဆိုပါသတင်း ထွက်ပေါ်မှုအပေါ် ကြိုတင်ခန့်မှန်းချက်ပေးရန် ငြင်းဆိုသွားခဲ့သည်။

နည်းပြ ကလော့ပ်၏ ဂိုးသမားအလှည့်ကျအသုံးပြုမှုမူဝါဒ ပြောင်းလဲခဲ့ခြင်းကြောင့် ဂိုးသမား မစ်ဂ်နိုလက်အန်ဖီးလ်နှင့် ကစားသမားဘဝဖြတ်သန်းမှုကို အဆုံးသတ်သွားစေနိုင်သလားဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ကလော့ပ်က "မစ်ဂ်နိုလက်ရဲ့ လီဗာပူး အနာဂတ်နဲ့ပတ်သက်ပြီး ဘယ်သူမှ မသိနိုင်သလို ကျွန်တော်လည်း မသိသေးပါဘူး"ဟုသာ ဖြေကြားသွားခဲ့သည်။

**ငွေကြယ်**



# ဂျာရတ်၏ တစ်ရာသီထဲ ချန်ပီယံလိဂ်သွင်းဂိုးအရေအတွက်ကို ဟယ်ရီကိန်း လိုက်မီ အာဆင်နယ်ထက် စပါး အများကြီးကောင်းဟု အာဆင်နယ်ပရိသတ်များ မှတ်ချက်ပြု

ဟယ်ရီကိန်းသည် ဂျူဗင်တပ်ကို ရင်ဆိုင်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့မှုနှင့်အတူ ယခုနှစ်ဘောလုံးရာသီ အတွင်းမှာပင် ချန်ပီယံလိဂ်သွင်းဂိုး ခုနစ်ဂိုး အထိ ရှိလာပြီဖြစ်ရာ အင်္ဂလန်ကစားသမားများ ထဲတွင် တစ်ရာသီထဲ ချန်ပီယံလိဂ်သွင်းဂိုးအများ ဆုံးသွင်းယူနိုင်သည့် ဂျာရတ်၏စံချိန်ကို လိုက်မီ ခဲ့ပြီဖြစ်သည်။ ဟယ်ရီကိန်းသည် ခြောက်ပွဲကစားကာ ခုနစ်ဂိုးသွင်းနိုင်ခဲ့သဖြင့် ၂၀၀၈-၂၀၀၉ ခုနှစ်က ရှစ်ပွဲတွင် ခုနစ်ဂိုး သွင်းယူနိုင်သည့် ဂျာရတ်၏ စံချိန်ကို လိုက်မီခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကိန်းသည် ယခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ်တွင် ၂၃ ပွဲကစား ၂၃ ဂိုးသွင်းယူထားနိုင်ပြီး ပြိုင်ပွဲစုံတွင် သွင်းဂိုး ၃၃ ဂိုး သွင်းယူထားနိုင်ခဲ့ပြီးဖြစ်သည်။ ဟယ်ရီကိန်း၏ ယခုသွင်းဂိုးကြောင့် စပါးမှာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ရန် အလားအလာရှိနေခဲ့ပြီဖြစ်သည်။ ဂျူဗင်တပ်ဂိုးသမား ဘူဖွန်မှာ ၆၉၄ မိနစ် ကြာအောင် ဂိုးမပေးခဲ့ရသော်လည်း အယ်လီ၏ ပေးပို့မှုကို ကိန်း အဆုံးသတ်ကာ ဘူဖွန်၏ မိနစ်အတန်ကြာ ဂိုးမပေးရသည့် စံချိန်တစ်ရပ် ကျိုးပျက်ခဲ့ရသည်။

စပါးသည် ဂျူဗင်တပ်ကို ပွဲအစ ကိုးမိနစ် အတွင်းမှာပင် စောစောစီးစီး သွင်းဂိုးနှစ်ဂိုးကို ခွင့်ပြုခဲ့ရသော်လည်း ၃၅ မိနစ်တွင် ဟယ်ရီကိန်းက ချေပဂိုးတစ်ဂိုး ပြန်သွင်းယူခဲ့ပြီး ပွဲပြီးရန် ၁၉ မိနစ်အလိုတွင် အဲရစ်ဆန်က အလွတ်တည်ကန်ဘောမှတစ်ဆင့် ဒုတိယ ချေပဂိုးကို သွင်းယူခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်ပရိသတ်များက စပါး၏ ချန်ပီယံလိဂ်ယှဉ်ပြိုင်ခဲ့ပုံကို ချီးကျူးခဲ့ကြပြီး လက်ရှိ အနေအထားတွင် စပါးက အာဆင်နယ်ထက် များစွာသာလွန်ခဲ့ပြီဖြစ်ကြောင်း တွစ်တာလို လူမှုကွန်ရက်များတွင် ရေးသားခဲ့ကြသည်။ ပြီးခဲ့သည့် စနေနေ့က ယှဉ်ပြိုင်ခဲ့သည့် မြောက်လန်ဒန်ဒါဘီပွဲစဉ်မှာပင် ဟယ်ရီကိန်း၏ သွင်းဂိုးကြောင့် တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

**မေလှဲ့သင်း**

# ပထမအကျော့ရှုံးနိမ့်မှုကို ပြန်လည်ချေဖျက်မယ့် ရီးယဲလ်

**ရှိုင်းမင်းမင်း**

## ၂၀၁၇-၁၈ လာလီဂါရင်ခုန်သံ-၂၄

**လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ် ၂၄ ကို ဖေဖော်ဝါရီ ၁၇၊ ၁၈၊ ၁၉၊ ၂၀ နေ့တွေမှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပြီး ရီးယဲလ်အနေနဲ့ ပထမအကျော့မှာ ရှုံးနိမ့်ခဲ့ရတဲ့ ဘက်တစ်နဲ့ပြန်ပြီးဆုံတွေ့နေလို့ ရှုံးကြွေးပြန်ဆပ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး ဘာစီလိုနာကတော့ နိုင်ပွဲပြန်လည်ရယူသွားဖို့ ရှိတယ်။**

### ဂျီရိုနာ - လီဂါနက်စ် နံနက် ၂း၃၀ (၁၇-၂-၁၈)

နှစ်သင်းစလုံးရဲ့ လက်ရှိခြေစွမ်းက တည်ငြိမ်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ ဒါပေမယ့်လည်း ဂျီရိုနာက အိမ်ကွင်းဖြစ်နေတာကြောင့် တိုက်စစ်ဖွင့်ကစားလာမှာဖြစ်သလို အိမ်ကွင်းပွဲတွေမှာဆိုရင် ဂျီရိုနာက ခြေစွမ်းပိုင်းပိုကောင်းတတ်ပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေပိုမိုတည်ငြိမ်ပါတယ်။ လီဂါနက်စ်ကတော့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကျဆင်းမှုတွေရှိတတ်ပါတယ်။ ဂျီရိုနာ ကပ်နိုင်မယ်။

### လက်ပါးမက်စ် - ဆီဗီလာ ည ၆း၃၀ (၁၇-၂-၁၈)

ဆီဗီလာက အဝေးကွင်းမှာဆိုရင် ခံစစ်ပိုင်း မတည်ငြိမ်ဘူး။ ဒ့ါအပြင် ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ပွဲအဖြစ် မန်ယူနဲ့ကစားရဖို့ရှိတာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်နိုင်ဖို့ခက်မယ်။ လက်ပါးမက်စ်ကတော့ တန်းဆင်းက ရုန်းထွက်နိုင်ဖို့ အိမ်ကွင်းမှာ အားစိုက်ကစားလာမှာဖြစ်တယ်။ ဒါကြောင့်လည်း ဒီပွဲမှာတော့ ဆီဗီလာတို့ ရှုန်းကန်ရနိုင်ကာ နိုင်ရင်တောင် ဂိုးပြတ်ဖို့ခက်မယ်။

### အီဘား - ဘာစီလိုနာ ည ၉း၄၅ (၁၇-၂-၁၈)

အီဘားအိမ်ကွင်းခြေစွမ်းက အတော်လေးကောင်းသလို ဆီဗီလာကိုတောင် ၅-၁ ဂိုးနဲ့ နိုင်ခဲ့တယ်။ ဘာစီလိုနာကတော့ ခြေစွမ်းပိုင်း ကောင်းမွန်နေပေမယ့် ဒီပွဲအပြီးမှာ ချယ်လ်ဆီးနဲ့ ချန်ပီယံလိဂ်ကစားရဖို့ရှိတာကြောင့် ခြေကုန်ထုတ်ဖို့ဆိုတာက သေချာမှုမရှိဘူး။ အထူးသဖြင့် အီဘားက ဥရောပဝင်ခွင့်ရဖို့အထိ ရည်မှန်းနေတာကြောင့် အားစိုက်ကစားလာမှာဖြစ်တယ်။ ဒါကြောင့်လည်း ဘာစီလိုနာ ဂိုးပြတ်နိုင်ဖို့ဆိုတာ သိပ်ခက်တယ်။

### အလာဗက်စ် - ဒီပို့တီဗို နံနက် ၀၀း၀၀ (၁၈-၂-၁၈)

အလာဗက်စ် အိမ်ကွင်းခြေစွမ်းက အတော်လေးကောင်းတယ်။ အိမ်ကွင်း နောက်ဆုံး ငါးပွဲဆက် အရှုံးမရှိခဲ့ဘူး။ အဆိုပါ ငါးပွဲထဲမှာ အက်သလက်တီကို၊ ဗလင်စီယာတို့လို အသင်းတွေကိုတောင် အနိုင်ရခဲ့တယ်။ ဒီပို့တီဗိုကတော့ အဝေးကွင်းပွဲတွေမှာ ခံစစ်ပိုင်းအားနည်းမှုတွေရှိနေကာ နောက်ဆုံးအဝေးကွင်း နှစ်ပွဲမှာ ၁၂ ဂိုးအထိ ပေးခဲ့ရတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အလာဗက်စ်တို့ အိမ်ကွင်းနိုင်ပွဲရမယ်။

### မာလာဂါ - ဗလင်စီယာ နံနက် ၂း၁၅ (၁၈-၂-၁၈)

မာလာဂါက တန်းမဆင်းရဖို့ အားစိုက်ကစားနေသလို အိမ်ကွင်း ခြေစွမ်းပိုင်းလည်း တိုးတက်လာတာကိုတွေ့ရပါတယ်။ အထူးသဖြင့် မာလာဂါရဲ့ အိမ်ကွင်းခံစစ်ကစားပုံက ကျစ်လျစ်မှုရှိလာတာကြောင့် ဒီပွဲမှာ ဗလင်စီယာကို ထိန်းချုပ်နိုင်ဖို့ရှိနေပါတယ်။ အထူးသဖြင့် ဗလင်စီယာက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း အနည်းငယ်ကျဆင်းနေသလို အဝေးကွင်းပွဲတွေမှာဆိုရင် တိုက်စစ်ပိုင်းက ဂိုးသွင်းချေအားနည်းမှုရှိလာတာကို တွေ့ရတယ်။ သရေကျဖို့ များတယ်။

### ဆိုစီဒက်စ် - လီဗန်တေး ညနေ ၅း၃၀ (၁၈-၂-၁၈)

ဆိုစီဒက်စ်ရဲ့ လက်ရှိခြေစွမ်းပိုင်းက ကောင်းမွန်တယ်လို့ဆိုနိုင်သလို အိမ်ကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်း ပိုမိုပြီးတည်ငြိမ်တတ်တာ မှန်ပေမယ့် ဒီပွဲက ဆိုစီဒက်စ်အတွက် ယူရိုပါလိဂ်နှစ်ပွဲကြားရောက်နေတာကြောင့် ခြေကုန် ထုတ်နိုင်ဖို့ခက်တယ်။ လီဗန်တေးရဲ့ခြေက အခုနောက်ပိုင်းမှာ ကောင်းမွန်လာသလို တန်းမဆင်းရဖို့အတွက်လည်း အားစိုက်ကစားနေချိန်ဖြစ်တယ်။ ဆိုစီဒက်စ် အနိုင်ရမယ်ဆိုရင်တောင်မှ ဂိုးပြတ်ဖို့ခက်တယ်။

### အက်သလက်တီကို - ဘီဘာအို ည ၉း၄၅ (၁၈-၂-၁၈)

နှစ်သင်းစလုံးအတွက် ဒီပွဲက ယူရိုပါလိဂ်နှစ်ပွဲကြားရောက်နေလို့ ခြေကုန် ထုတ်နိုင်ဖို့ခက်ပါတယ်။ ဒါပေမယ့် ဒီပွဲက အက်သလက်တီကိုရဲ့ အိမ်ကွင်း ဖြစ်နေသလို အက်သလက်တီကိုအနေနဲ့ အိမ်ကွင်းမှာ အမှားအယွင်းအဖြစ်ခံ မှာတော့ မဟုတ်ပါဘူး။ ဘီဘာအိုကလည်း အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း ကျဆင်းတတ်တာကြောင့် ဒီပွဲမှာတော့ အက်သလက်တီကိုတို့ အိမ်ကွင်းနိုင်ပွဲ ကပ်ရနိုင်ပါတယ်။

### အက်စ်ပန်ညို - ဗီလာရီးယဲလ် နံနက် ၀၀း၀၀ (၁၉-၂-၁၈)

ဗီလာရီးယဲလ်ခြေစွမ်းပိုင်းက မဆိုးဘူးလို့ဆိုနိုင်ပေမယ့် အဝေးကွင်းပွဲတွေ မှာဆိုရင်တော့ တိုက်စစ်ပိုင်းကစားပုံ အားနည်းတတ်တာကို တွေ့ရတယ်။ ဒ့ါအပြင် ဗီလာရီးယဲလ်အနေနဲ့ ဒီပွဲမတိုင်ခင်နဲ့ ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ပွဲအဖြစ် လယွန်နဲ့ ရင်ဆိုင်ရမှာဖြစ်တာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်နိုင်ဖို့ခက်မယ်။ အက်စ်ပန်ညိုကတော့ ခြေစွမ်းသာမန်သာရှိပေမယ့် အိမ်ကွင်းပွဲတွေမှာဆိုရင် ဘာစီလိုနာကိုတောင် သရေကစားနိုင်ခဲ့တယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဗီလာရီးယဲလ်တို့ သရေလောက်ပဲရမယ်။

### ဘက်တစ် - ရီးယဲလ် နံနက် ၂း၁၅ (၁၉-၂-၁၈)

ရီးယဲလ်က ဒီပွဲမတိုင်ခင်မှာ ချန်ပီယံလိဂ်ပွဲအဖြစ် ပီအက်စ်ဂျီနဲ့ ရင်ဆိုင်ရ မှာဖြစ်တာကြောင့် ဒီပွဲမှာ ပွဲပန်းမှုတွေရှိလာနိုင်တယ်။ ဒ့ါအပြင် လက်ရှိအချိန်မှာ လည်း ရီးယဲလ်မက်ဒရစ်ခြေက တည်ငြိမ်မှုအားနည်းနေတယ်။ ဘက်တစ်ကလည်း အိမ်ကွင်းအားနဲ့ တုံ့ပြန်ကစားမှာဖြစ်တာကြောင့် ရီးယဲလ်အခက်တွေ့နိုင်တယ်။ ရီးယဲလ်တို့ ပထမအကျော့ရှုံးကြွေးကို ပြန်ဆပ်နိုင်ဖို့ရှိပေမယ့်လည်း ဂိုးပြတ် အနိုင်ယူနိုင်ဖို့တော့ ခက်မယ်။

### ဂီတာဖေး - ဆဲလ်တာဗီဂို နံနက် ၂း၃၀ (၂၀-၂-၁၈)

ဆဲလ်တာဗီဂိုရဲ့ အဝေးကွင်းခြေက အနည်းငယ်တည်ငြိမ်မှုမဲ့နေတယ်။ အဝေးကွင်းနောက်ဆုံးပွဲမှာ အလာဗက်စ်ကို အရေးနိမ့်ခဲ့ရတယ်။ ဂီတာဖေး ကတော့ အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းအရ ကောင်းမွန်တယ်လို့ဆိုနိုင်ပါတယ်။ ဒါကြောင့်လည်း ဆဲလ်တာဗီဂိုတို့ ဒီပွဲမှာ ရုန်းကန်ရဖို့ရှိတယ်။ ဂီတာဖေးရဲ့ အိမ်ကွင်းကစားအားကြောင့် ဆဲလ်တာဗီဂို အခက်တွေ့နိုင်ကာ သရေလောက်သာ ကစားနိုင်မယ်လို့ ယူဆမိသလို သွင်းဂိုးလည်း နည်းနိုင်ပါတယ်။

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော
ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ။)
၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေတွင်ပါရှိသော **"ကျန်းမာရေးဝန်ကြီးဌာန"** ဆိုသည့်စကားရပ်ကို **"ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၃။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) **ထုတ်လုပ်ခြင်း** ဆိုသည်မှာ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအဖြစ်သို့ ရောက်ရှိစေရန် အဆင့်ဆင့်ထုတ်လုပ်ခြင်း၊ ယင်းသို့ထုတ်လုပ်သော အရာဝတ္ထုကို ဓာတုပစ္စည်း သို့မဟုတ် အခြားပစ္စည်း တစ်မျိုးမျိုးနှင့်ရောစပ်၍ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်း သို့မဟုတ် ပြင်ဆင်ပြုလုပ်ခြင်းကို ဆိုသည်။"

(ခ) ပုဒ်မခွဲ(စ)၏ နောက်တွင် ပုဒ်မခွဲ (ဆ) နှင့် (ဇ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဆ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဇ) **လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်စေခြင်း** ဆိုသည်မှာ သတ်မှတ်ဝတ်စုံဖြင့် ကြီးကြပ်သူရှေ့မှောက်၌ အများပြည်သူဆိုင်ရာနေရာများတွင် အများပြည်သူအကျိုးရှိစေသော လုပ်ငန်းများဖြစ်သည့် သစ်ပင်ပန်းမန်စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လမ်းတံတားများ ပြုပြင်ခြင်း၊ လူမှုရေးအဖွဲ့များနှင့် ပူးပေါင်း၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စေခြင်း စသည့် လုပ်ငန်းများကို တရားရုံးအမိန့်ပါပြစ်ဒဏ်အတိုင်း ကိုယ်တိုင်လုပ်အားဖြင့် အခမဲ့လုပ်ကိုင်ဆောင်ရွက်ပေးခြင်းကို ဆိုသည်။"

၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (ခ) နှင့် (င) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင် ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(င) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ပြည်တွင်းမူဘောင်များချမှတ်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ထုတ်လုပ်ခြင်းတို့ကို တားဆီးကာကွယ်ရန် ကမ္ဘာ့နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊"

(ခ) ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စ) ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို အသုံးပြု၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတိုက်ဖျက်နှိမ်နင်းရေးနှင့် တားဆီးကာကွယ်ရေးကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ပေးရန်၊

(ဆ) ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါး ထိန်းချုပ်မှုဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ ရေတို၊ ရေရှည်စီမံကိန်းများနှင့် ရည်မှန်းချက်ပန်းတိုင်များ ချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် တရားမဝင်စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် ဆက်စပ်လျက်ရှိသည့် လူမှုစီးပွားရေး ပြဿနာရပ်များအား ဖြေရှင်းရန်။"

၅။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာနနှင့်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေရမည်။"

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၆ တွင်-

(က) ပုဒ်မခွဲ (က)၊ (င) နှင့် (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ဆေးဝါးသုံးစွဲသူများအား စာရင်းကောက်ယူ၍ ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ပညာပေးလှုံ့ဆော်ရေးနှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်လျှော့ချပေးရေးတို့နှင့်စပ်လျဉ်း၍ အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(စ) ဆေးဝါးသုံးစွဲသူများကို ပြန်လည်ထူထောင်ပေးရေးနှင့် စပ်လျဉ်း၍ စီမံချက်များ ချမှတ်ပြီး စည်းရုံးလှုံ့ဆော်ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ သင့်လျော်သော ကူညီထောက်ပံ့မှုများပေးခြင်း၊ ကောင်းမွန်သော လူနေမှုဘဝသို့ ပြန်လည်ရောက်ရှိစေရန် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊"

(ခ) ပုဒ်မခွဲ (ဈ) နှင့် (ည) တို့ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ (ဏ) ၏ နောက်တွင် ပုဒ်မခွဲ (တ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န) နှင့် (ပ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းဆိုင်ရာ ပြစ်မှုကျူးလွန်သူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများ တရားခံလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များပေါ်ပေါက်လျှင် တရားခံလွှဲပြောင်းရေး ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ထ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ပြည်သူများ သိရှိနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဒ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း၊ ကျန်းမာဖွံ့ဖြိုးသည့် လူမှုဘဝများဖြစ်လာစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးကူညီခြင်းဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဓ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုးများအား လူမှုရေးမီဒီယာများနှင့် အခြားသော သတင်းမီဒီယာများမှတစ်ဆင့် ကျောင်းအတွင်း၊ ကျောင်းပြင်ပနှင့် လုပ်ငန်းခွင် နေရာများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် အသိပေးဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

(န) ပြည်သူ့ကျန်းမာရေး၊ ပညာရေးနှင့် ဥပဒေအရ အကောင်အထည်ဖော်ရေးဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊

(ပ) တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူသို့ အသိပေးရှင်းလင်းတင်ပြခြင်း။"

၇။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဈ) နှင့် (ဠ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊
(ခ) အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့၊
(ဈ) ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့၊
(ဠ) လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှု ကြီးကြပ်ရေးအဖွဲ့။"

၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က) တွင် ပါရှိသော **"ပြည်နယ်/တိုင်း"** ဆိုသည့် စကားရပ်ကို **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆက်လက်ဖော်ပြပါမည်)

## တရုတ်-မြန်မာ ပေါက်ဖော်ချစ်ကြည်ရေး အနုပညာပဒေသာကပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

၂၀၁၈ ခုနှစ် နှစ်သစ်ကူးပွဲတော် တရုတ်-မြန်မာ ပေါက်ဖော်ချစ်ကြည်ရေး အနုပညာပဒေသာကပွဲကို ယနေ့ ည ၇ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသား ဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပဒေသာကပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. HONG Liang နှင့် တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန် မြို့ရှိ သံရုံးများမှ သံတမန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီး H.E. Mr.HONG Liang က အဖွင့် နှုတ်ခွန်းဆက်စကားပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက အမှတ်တရစကားပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ်နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှု အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအဖွဲ့တို့က ဖိတ်ကြားမှု၊ တရုတ်နိုင်ငံ ယဉ်ကျေးမှုဌာနမှ စေလွှတ်ချက်အရ ရောက်ရှိလာသော ယူနန်ပြည်နယ် ယဉ်ကျေးမှု အနုပညာအဖွဲ့က တရုတ် ရိုးရာယဉ်ကျေးမှုအကများဖြစ်ကြသော ပျော်ရွှင်ဖွယ်ရာ မိသားစုအက၊ ညီမငယ်ရဲ့ တောသီချင်းလေးနှင့်အတူ အက၊ ပိုင်လူမျိုး ဆဋ္ဌဂံပုံအက၊ ကျွမ့်လူမျိုး စက္ကူမြင်းအက၊ တိုင်လူမျိုးအက၊ ရီလူမျိုး အက၊ မြောင်လူမျိုးအကတို့ အပါအဝင် ဂျွမ်းဘားကစားမှု အကများကို လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)



မှ ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာအကများဖြစ်ကြသော ပခန်းယိမ်း အက၊ ရုပ်သေးအက၊ ပုသိမ်ထီးအကနှင့် တို့ပြည်ထောင်စု အကတို့ဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက် ကပြကြသည်။

**သတင်းစဉ်**

# ဆောင်းကတ္တီပါခြုံလွှာအောက်ဆီမှ ပရဟိတခရီးသည်များ

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

အပိုင်း(၁)

**လစန္ဒာ.....ဝင်းလို့ဝါ.....ပ,လတ်တေ။**
**ရွှေကျွန်းသန္တာ...လရောင်ခင်း...လင်းလတ်တေ...**
**လင်းလတ်တေ။**
**(ပ,လတ်တေ= အလင်းရောင်ရသည်)**

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့မှာ ကျွန်မတို့ မျက်စိအထူးကုအဖွဲ့ဟာ ကျောက်ဖြူမြို့ကို ရောက်ရှိခဲ့ကြပါတယ်။ ရခိုင်ပြည်နယ် မျက်စိအလင်းအလှူခရီးစဉ်နဲ့ နှစ်သစ်ကို ဖွင့်လှစ်လို့ ကြိုဆိုခဲ့ကြပါတယ်။

**“နယ်ခြားတံတိုင်း.....တောင်စဉ်လွှင်းတို့**
**ညို့မှိုင်းရီပြာ...နိမ့်မြင့်‘ကာ’ထား**
**မဟာဂနိုင်....စုံတောမြိုင်နှင့်**
**ရခိုင်ရိုးမ....မိုးမခမှာ**
**သင်းမြမွှေးကြိုင်....တောလုံးလှိုင်ကာ**
**ရခိုင်သဇင်.....ပန်းတော်ဝင်တို့**
**ပေါ်လွင်ဖူးပွင့်.....သွင်ထူးတင့်ခဲ့”**

ဆိုတဲ့ စစ်တွေညိုသန့်ရဲ့ ကဗျာလေးထဲက အတိုင်းပါပဲ၊ ရခိုင်ဒေသရဲ့ ချစ်စရာသဘာဝအလှ ရေမြေတောတောင်ရှုခင်းတွေနဲ့အတူ ဆောင်းကတ္တီပါခြုံလွှာအောက်က ကျောက်ဖြူမြို့လေးကလည်း ကျွန်မတို့အလာကို စောင့်မျှော်ကြိုဆိုနေခဲ့ပါတယ်။

နှစ်တွေလည်းကြာခဲ့ပါပြီ။ ၂၀၀၀ ပြည့်နှစ်ကစလို့ မြန်မာနိုင်ငံ တစ်နံတစ်လျား ပြည်သူတွေရဲ့ မျက်စိအလင်းကို ဖော်ဆောင်ခဲ့ကြတဲ့ ကျွန်မတို့ရဲ့ အလင်းနှစ်များစွာထဲမှာ ရခိုင်ဒေသ ခရီးစဉ်တွေက အများဆုံး နေရာယူထားခဲ့ပါတယ်။ ဆရာကြီး ပါမောက္ခ ဦးကံညွန့် ဦးဆောင်ခဲ့ပြီး ကျောက်ဖြူ သံတွဲ၊ မင်းပြား၊ ဂွ၊ စစ်တွေ၊ ရသေ့တောင်၊ မြောက်ဦး၊ အမ်းစသဖြင့် အကြိမ်ပေါင်းများစွာသွားခဲ့ကြတဲ့ ခရီးစဉ်တွေပဲဖြစ်ပါတယ်။

ကျောက်ဖြူမြို့ကို ၂၀၀၂ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၀၉ ခုနှစ်မှာတစ်ကြိမ် ရောက်ရှိခဲ့ပြီး အခုတစ်ကြိမ်မှာတော့ အလှူရှင်တွေဖြစ်တဲ့ *MCM* ကုမ္ပဏီမှ ဦးအောင်မျိုးမင်း-ဒေါ်စန်းစန်းမြင့်၊ ဦးအောင်လှိုင်ဦး-ဒေါ်ခင်နွယ်မာထွန်း မိသားစုတို့ရဲ့ ဖိတ်ခေါ်မှုကြောင့်ပဲ ကျောက်ဖြူမြို့ကို တတိယအကြိမ်ရောက်ရှိခဲ့တာဖြစ်ပါတယ်။

**သာစွဥ္ဓာနေ သန္တာမြေ**

ကျောက်ဖြူမြို့ကိုရောက်ခိုက် မြို့ရဲ့သမိုင်းကြောင်းနဲ့အတူ သာယာလှပတဲ့ ရှုခင်းမြင်ကွင်းလေးတွေကို မျှဝေပေးချင်ပါတယ်။ ကျောက်ဖြူမြို့ဟာ ရမ္မာဝတီလို့ခေါ်တဲ့ ရမ်းဗြဲကျွန်းရဲ့မြောက်ဘက်စွန်းမှာ တည်ရှိပါတယ်။ အလျား နှစ်မိုင်၊ အနံတစ်မိုင်ခွဲ ကျယ်ဝန်းပြီး အရှေ့ဘက်မှာ အမ်းမြို့နယ်၊ အနောက်ဘက်မှာ ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက်မှာ မြေပုံမြို့တို့ရှိပြီး ကျွန်းပေါင်း ၇၁ ကျွန်း၊ ကျေးရွာ ၂၁ ရွာနဲ့ ဖွဲ့စည်းထားပါတယ်။

ပင်လယ်ရေပတ်လည်ဝိုင်းပြီး လှပဖြူဖွေးတဲ့ ကျောက်စရစ်လုံးငယ်များပေါများစွာရှိလို့ ကျောက်ဖြူမြို့လို့ အမည်တွင်ခဲ့ပါတယ်။ မြစ်ကမ်းနဖူး သဲသောင်ပြင်ပေါ်မှာ ကျောက်လှေမှောက်ထားသကဲ့သို့ ကျောက်စရစ်ခုံကြီးရှိနေပြီး အဲဒီကျောက်ဆောင်တွေနဲ့အတူ နွယ်ပြီးရှိနေတဲ့ ပင်လယ်သောင်ကမ်းအုန်းပင်တန်းတွေကလည်း ယိမ်းနွဲ့လို့နေကြတယ်။ ကြည်လင်ပြာလဲ့နေတဲ့ ရေပြင်ပေါ်မှာ လှိုင်းကြက်ခွပ်လေးတွေက စိန်ကောင်းကျောက်ကောင်းများပမာ နေရောင်အောက်မှာ တဖျတ်ဖျတ်တလက်လက် တောက်ပနေကြတယ်။

အနောက်ဘက်တစ်ခွင်ကို ကြည့်လိုက်တဲ့အခါ ကျယ်ပြောတဲ့ လယ်ကွင်းကြီးများနဲ့ ထက်ကောင်းကင်ထိလု နီးပါး အပြိုင်းအရိုင်းသွယ်တန်းနေတဲ့ တောင်စွယ်တောင်တန်းတွေက လွမ်းမောစရာကောင်းလှတယ်။ ရောက်ဖူးသူတိုင်း စိတ်အေးချမ်းသာ ပျော်ရွှင်မှုတွေရရှိစေလို့ ရှေးလူကြီးတွေက ကျောက်ဖြူမြို့လေးကို “ထူးဆန်း သော နတ်ကျွန်းသာ”၊ “ရွှေကျွန်းသန္တာ”ရယ်လို့ တင်စား ခေါ်ဝေါ်ခဲ့ကြပါတယ်။ ဘင်္ဂလားအရေးပိုင် ‘မောရစ် ကောလစ်’ ကတော့ ရမ်းဗြဲကျွန်းရဲ့ ကမ်းနဖူးမှာ လှပဝင့်ထည်စွာရှိနေတဲ့ ကျောက်ဖြူမြို့လေးကို ‘အရှေ့ဖျား ဗင်းနစ်မြို့’ရယ်လို့ တင်စားခဲ့တယ်လို့ ဆိုပါတယ်။

ရခိုင်ပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ အနောက်ဘက်မှာ တည်ရှိပြီး ဓညဝတီခေါ်တဲ့ စစ်တွေ၊ မေဃဝတီခေါ်တဲ့ မာန်အောင်၊ ရမ္မာဝတီလို့ခေါ်တဲ့ ရမ်းဗြဲ၊ ဒွါရဝတီလို့ခေါ်တဲ့ သံတွဲစသဖြင့် နဒီလေးရပ်၊ ဝတီလေးရပ်နဲ့ ဖွဲ့စည်းထားပါတယ်။ သဘာဝပထဝီအနေအထားအရ ရှည်လျားလှပတဲ့ ကမ်းရိုးတန်းတွေရှိပြီး ဆန်ရေစပါး၊ သားငါးနဲ့ သဘာဝသယံဇာတတွေ ပေါကြွယ်ဝလှပါတယ်။ ပင်လယ်ငါးဖမ်းလုပ်ငန်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း၊ ကွမ်းသီးနှင့်ဆားလုပ်ငန်း၊ ဓာတ်သတ္တုလက်မှုလုပ်ငန်းတွေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးကို တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီနေတဲ့ ဒေသကြီးတစ်ခုလည်းဖြစ်ပါတယ်။

မျက်စိကျန်းမာရေးအနေနဲ့ ကြည့်တဲ့အခါ ပင်လယ်ငါးဖမ်းလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြတာမို့ ပင်လယ်ကမ်းခြေက အလင်းပြန်လာတဲ့ နေရောင်ခြည်မှာ ပါဝင်နေတဲ့ ခရမ်းလွန်ရောင်ခြည်ကြောင့် ရခိုင်ဒေသပြည်သူတွေမှာ အတွင်းတိမ်နဲ့ မျက်သားတက်ရောဂါတွေ အများဆုံး ဖြစ်ပွားကြပါတယ်။ အပေါ်ကလာတဲ့ နေရောင်ခြည်ဒဏ်ကို ခုခံကာကွယ်နိုင်ပေမယ့် ပင်လယ်ရေပြင်က အလင်းပြန်လာတဲ့နေရောင်ခြည်ဒဏ်ကိုကာကွယ်ဖို့ မလွယ်ကူပါဘူး။ ဒါကြောင့်လည်း ကျွန်မတို့သွားခဲ့ကြတဲ့ ခရီးစဉ်တွေအနက်မှာ ရခိုင်ဒေသဟာ ‘အတွင်းတိမ်’အများဆုံး ခွဲစိတ်ကုသပေးခဲ့ရတဲ့ ပြည်နယ်တစ်ခုဖြစ်နေခဲ့ပါတယ်။

အခုလည်း ကျွန်မတို့ရောက်တာနဲ့ မဏ္ဍပ်ထဲမှာ မျက်စိပြသဖို့ စောင့်ဆိုင်းနေတဲ့ လူအုပ်ကြီးကိုတွေ့လိုက်ရပါတယ်။ အလှူရှင်ဖြစ်တဲ့ ဦးအောင်မျိုးမင်းနဲ့ *MCM* ကုမ္ပဏီဝန်ထမ်းတွေက ကြိုတင်သွားရောက်ပြီး လိုအပ်သမျှ စီစဉ်ထားခဲ့တာကြောင့် ကျွန်မတို့ရောက်တဲ့အခါ အဘက်ဘက်က အသင့်ဖြစ်နေခဲ့ပါတယ်။ လူနာတွေ စုစုစည်းစည်း စောင့်ဆိုင်းနားနေဖို့ မဏ္ဍပ်ဆောက်တယ်။ မဏ္ဍပ်ကနေ *OPD* ကြည့်တဲ့နေရာသွားဖို့၊ ပြင်ပလူနာကြည့်တဲ့ နေရာကနေ ခွဲစိတ်ခန်းဆီသွားဖို့ လူကူးလမ်းတွေ ဖောက်ပေးထားတယ်၊ ဆေးရုံဝင်းအတွင်းမှာ ဓာတ်မီးတိုင် ရှစ်တိုင် စိုက်ထူပေးထားတယ်၊ မီးစက်အသင့်ပြင်ထားတယ်၊ ခွဲစိတ်ခန်းထဲက တံခါးတွေကို စံချိန်စံညွှန်းနဲ့ ကိုက်ညီအောင် ပြင်ဆင်မွမ်းမံပေးတယ်၊ ပိုးသတ်ပေးထားတယ်၊ လူနာခုတင်၊ ခွဲစိတ်ခုတင် ငါးလုံးနဲ့ တစ်ပြိုင်နက်တည်း လူနာငါးယောက် ခွဲလို့ရအောင် ဆေးရုံအုပ်ကြီး ဒေါက်တာနေလင်းနဲ့အတူ စီစဉ်ထားခဲ့တယ်။

ဒါကြောင့် ကျွန်မတို့အဖွဲ့ဟာ ရောက်တာနဲ့ မနားကြတော့ဘဲ အလုပ်တာဝန်တွေ ခွဲဝေလိုက်ကြတယ်။ ကျွန်မရဲ့ ပရဟိတ ညီအစ်မတွေဖြစ်တဲ့ ဒေါ်နန်းကြည်အောင်၊ ဒေါ်ခင်မျိုးသန့်၊ ဒေါ်ကျင်ငွေး၊ ဒေါ်ချိုချိုမာ၊ ဒေါ်နော်စိုးသီတာထွန်းနဲ့ ရုပ်ရှင်သရုပ်ဆောင် လှမျိုးသဉ္ဇာနွယ်၊ ကိုစိုးသီဟ မောင်နှမတို့က လူနာတွေကို အမြင်အားစမ်းသပ်ပေးဖို့ မဏ္ဍပ်ထဲမှာ နေရာယူပြင်ဆင်နေကြပြီ။ လူနာတွေကို စနစ်တကျ ရှိစေဖို့ မြို့ခံကြက်ခြေနီ၊ မီးသတ်နဲ့ လူမှုရေးအဖွဲ့အစည်းတွေ၊ ပညာရေးဝန်ထမ်းတွေ၊ လေးဝတီကုလရက္ခိတ အဖွဲ့ဝင်တွေ၊ စေတနာရှင်တွေက *MCM* ဝန်ထမ်းတွေနဲ့အတူ ဝိုင်းဝန်းဆော်သြနေကြပါပြီ။

ကျောက်ဖြူမြို့ရဲ့ မျက်စိဆရာဝန်ဖြစ်တဲ့ ဒေါက်တာမိဆွေဆွေကလည်း အတွင်းတိမ်ဝေဒနာရှင် ၅၀ ခန့်ကို ကြိုတင်ရွေးချယ်ထားတာမို့ လူနာတွေက ခွဲစိတ်ခန်းရှေ့မှာ အသင့်စောင့်နေကြပါပြီ။ အဲဒီလူနာတွေကို ဆီးချို သွေးတိုးနဲ့ ဘီပိုးစီပိုး၊ *HIV* ပိုး ရှိ မရှိ စစ်ဆေးဖို့ မျက်တွင်းမှန်ပါဝါတိုင်းတာဖို့တွေအတွက် ဒေါက်တာနုမြမွန်၊ ဒေါက်တာ နိုင်လင်းထူး၊ ဒေါက်တာရဲခိုင်ကျော်၊ ဆရာမအေးရည်မွန်သန့်တို့က မြို့ခံဆေးရုံဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး စမ်းသပ်စစ်ဆေးပေးနေကြပါပြီ။ ပြီးတာနဲ့ ခွဲစိတ်ခန်းထဲပို့ဖို့ *MCM* က ကိုချင်း၊ ကိုကျော်၊ ကိုမျိုးသန့်နဲ့ ကြက်ခြေနီ အဖွဲ့ဝင်တွေ လက်ထဲလွှဲပို့နေကြပါပြီ။

ဒီခရီးစဉ်ရဲ့ ထူးခြားချက်တစ်ခုကတော့ မျက်စိဝေဒနာရှင်တွေကို စမ်းသပ်စစ်ဆေးတဲ့အခါ လိုအပ်တဲ့ နောက်ဆုံးပေါ် စက်ကိရိယာတွေကို အလှူရှင်တွေက ဝယ်ယူသယ်ဆောင်လာခဲ့တာပါပဲ။ မျက်စိရေတိမ်တိုင်းတဲ့ စက်၊ မျက်တွင်းပါဝါတိုင်းတဲ့ စက်၊ မျက်စိရှေ့ခန်းနောက်ခန်း စစ်ဆေးတဲ့ စက်၊ ခွဲစိတ်မယ့် ကိရိယာတွေကို ပေါင်းတင်ပိုးသတ်တဲ့ စက်အစရှိသဖြင့် အားလုံးပါလာတဲ့အတွက် လူနာတွေဟာ နောက်ဆုံးပေါ် စက်ကိရိယာတွေနဲ့ စစ်ဆေးခံရတဲ့ ကံကောင်းခြင်းကို ရရှိခဲ့တာဖြစ်ပါတယ်။



ပြင်ပလူနာကြည့်မယ့်နေရာမှာ လူနာတွေ၊ လူနာစောင့်တွေဟာ ပြချင်ဇောနဲ့ စုပြုံတိုးဝင်လာနေကြတယ်။ မြို့ခံ လူမှုရေးအသင်းအဖွဲ့တွေရဲ့ ရခိုင်သံဝဲဝဲနဲ့ အော်ဟစ်နေကြတဲ့အသံတွေ၊ ကိုသက်နိုင်ထွန်း၊ ညီမငယ်ခင်ဝတ်ရည်သိန်း၊ ကိုလင်းထက်တို့ရဲ့ ဆော်သြနေကြတဲ့ အသံတွေကို ကြားနေရပါပြီ။ ဆရာဝန်တွေထိုင်မယ့် စားပွဲတွေမှာ ဆေးဝါး ပစ္စည်းတွေကို အလျင်အမြန်နေရာချပေးပြီးတာနဲ့ *OPD* စကြည့်ပါတယ်။ ဒုတိယဗိုလ်မှူးကြီး ဇေယျကျော်သူ(မိတ္ထီလာ)၊ ဒေါက်တာတင်ထူးအောင် (ပခုက္ကူ)၊ ဒေါက်တာ ဉာဏ်ဖြိုးအောင်၊ ဗိုလ်ကြီး နေလင်းထွန်း(အမ်း)၊ ဒေါက်တာပြည့်ဖြိုးပိုင်တို့က စားပွဲတစ်လုံးစီမှာ နေရာယူပြီး ကြည့်ရှုပေးနေကြပါတယ်။ လာပြတဲ့ လူနာတွေကို ဓာတ်မီးလေးနဲ့ ထိုးကြည့်လိုက်ရုံနဲ့ ဖြူဖွေးရင့်မှည့်နေတဲ့ အတွင်းတိမ်တွေကို တွေ့လိုက်ကြရပါတယ်။ “တိမ်သပိတ်” လို့ တင်စားရလောက်အောင် သပိတ်လို မည်းနက်ရင့်မှည့်နေသူတွေ၊ အရည်ပျော်မတတ် ဖြူဖွေးရင့်မှည့်နေသူတွေက တစ်ယောက်ထိုင်လိုက်လည်းဒီပုံ၊ နောက်တစ်ယောက်ကြည့်ပြန်လည်း ဒီပုံ၊ အမြင်အားကလည်း မီးရောင်လောက်ပဲ မြင်ကြရသူတွေချည်းဆိုတော့ ချက်ချင်းခွဲခန်းပို့ရမယ့် လူနာတွေချည်းဖြစ်နေတယ်။ ဒီတော့ ပထမနေ့တစ်ဝက်လာပြကြတဲ့ လူနာပေါင်း ၆၅၀ အနက်မှာ မခွဲမဖြစ်ခွဲရမယ့်သူက ၂၀၀ ကျော်နေပြီ။

“ဒီလောက်မမြင်တာကို ဘာလို့လာမပြကြတာလဲ”၊ “ဒီလောက်ထိ တိမ်ကိုရင့်မှည့်အောင် ဘာလို့ထားရတာလဲ” ဆိုတဲ့ ကရုဏာဒေါသောစကားမျိုးတွေ ကျွန်မတို့ မဆိုနိုင်ခဲ့ပါဘူး။ ဘယ်လိုအကြောင်းမျိုးတွေကြောင့်ဆိုတာ ပိုင်းခြားဝေဖန်နေမယ့်အစား ယနေ့ ကျွန်မတို့ ဘာလုပ်ပေးနိုင်မလဲ၊ ဘာလုပ်ပေးခဲ့မလဲဆိုတဲ့ လက်ရှိအခြေအနေကိုပဲ ကျွန်မတို့ စဉ်းစားပေးရမှာပါ။ ဒါကြောင့် ရသရွေ့ အချိန်အတွင်းမှာ ကျွန်မတို့နိုင်သလောက် ကုသပေးသွားကြမယ်လို့ပဲ ဆုံးဖြတ်ခဲ့ကြတယ်။

ခွဲစိတ်ခန်းထဲမှာလည်း ဒေါက်တာမိုးကျော်၊ ဒေါက်တာဥမ္မာရီ၊ ဒေါက်တာစောသွင်မွန်သိန်းတို့က ဆရာမဒေါ်အေးအေးမြင့်၊ ဒေါ်ဉာဏ်ဝိုက်ဒွန်း၊ ဒေါ်ငွေးငွေးသင်း၊ ဒေါ်ခင်မျိုးမျိုးအေး၊ ကိုချစ်ကုမ္မေဝင်း(ပခုက္ကူ)၊ ဗိုလ်အောင်နိုင်ဟိန်း(အမ်း)၊ ကိုဗိုလ်မင်း *(ALCON)* နဲ့ ကျောက်ဖြူဆေးရုံ ခွဲစိတ်ခန်းဝန်ထမ်းတွေရဲ့ အကူအညီနဲ့ မနားတမ်း ခွဲစိတ်ပေးနေကြပြီ။

ဒါကြောင့်လည်း ၁၆ ရက် နေ့လယ်ကနေ ၁၈ ရက်နေ့အထိ လူနာပေါင်း ၁၃၉၅ ဦးကို ကြည့်ရှုပေးနိုင်ခဲ့ပြီး အတွင်းတိမ်လူနာ ၂၂၄ ဦးကို ခွဲစိတ်ပေးနိုင်ခဲ့တယ်။ မွေးရာပါအတွင်းတိမ်ကလေးငယ်ရဲ့ မျက်စိနှစ်ဖက်လုံးကို မေ့ဆေးဆရာဝန်ကြီး ဒေါက်တာလင်းထက်အောင်ရဲ့ အကူအညီနဲ့ အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့တယ်။ မျက်မှန်ပါဝါလိုတဲ့ သူတွေကို မျက်မှန်ကျွမ်းကျင် အင်ဂျင်နီယာ ဦးဝင်းနိုင်ထွန်းနဲ့ ဒေါ်မြင့်မြင့်မူတို့က စမ်းသပ်ပေးပြီး အစ်မကြီးဒေါ်မြမြဝင်း၊ ဒေါ်ခင်မာဝင်းတို့က ပါဝါမျက်မှန်တွေ ထုတ်ပေးနေကြပါတယ်။ လာပြတဲ့ လူနာတွေဟာ အမ်း၊ ရမ်းဗြဲ၊ မြေပုံမြို့နယ်တွေနဲ့ ကျောက်ဖြူမြို့နယ်အတွင်းက ရွာများမှဖြစ်ပါတယ်။ လာပြတဲ့ လူနာအားလုံးဟာ မျက်စဉ်း၊ ဆေးဝါးနဲ့ မျက်မှန်တွေ တစ်ပါတည်းရကြလို့ ပျော်ရွှင်ဝမ်းသာနေကြတယ်။ အလှူရှင်တွေက လူနာတွေအားလုံးကို ထမင်းလည်းကျွေး၊ ရေသန့်တွေ မုန့်တွေလည်းဝေ၊ အဘက်ဘက်က ဂရုတစိုက်နွေးထွေး ကြင်နာကြသလို မြို့ခံပရဟိတအဖွဲ့တွေကလည်း တစ်ပိုင်တစ်နိုင်ပါဝင်လှူဒါန်းနေတာကို တွေ့ရပါတယ်။

ဒီခရီးစဉ်မှာ ငွေလှူရုံမက ကိုယ်တိုင်လည်း အောက်ခြေအထိ ပါဝင်ကာ အပင်ပန်းခံပြီး လုပ်ကိုင်နေကြတဲ့ အလှူရှင်တွေနဲ့အတူ *MCM* ရဲ့ ပရောဂျက် ဒါရိုက်တာ ဦးတင်စိုး၊ အကြံပေး ဦးခင်မောင်ကျော်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဟောင်း ဦးမောင်မောင်အုန်း၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနဲ့ စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ မြို့မိမြို့ဖတွေဖြစ်တဲ့ အဘဦးအောင်ဘစော၊ ဦးကျော်ငြိမ်းတို့က ရခိုင်ပြည်သူ မျက်စိ ဝေဒနာရှင်တွေရဲ့အကြား တစ်သားတည်းရှိနေခဲ့ကြပြီး လိုအပ်သမျှ အားပေးကူညီပံ့ပိုးနေကြပါတယ်။

ခွဲစိတ်ပြီးနောက်နေ့တွေမှာ ထုံးစံအတိုင်း ရှောင်ရန်၊ ဆောင်ရန်တွေကို ရခိုင်မြန်မာ နှစ်ဘာသာနဲ့ ရှင်းလင်းသရုပ်ပြပေးရင်း ကျန်းမာရေးပညာပေးတွေကို တစ်ပါတည်း ဟောပြောခဲ့ကြတယ်။ မျက်စဉ်း၊ဆေးဝါးနဲ့ နေကာမျက်မှန်တွေကို အလှူရှင်တွေက ကိုယ်တိုင်လှူဒါန်းခဲ့ကြတယ်။ မဏ္ဍပ်ထဲမှာတော့ ဝမ်းသာပျော်ရွှင်နေကြတဲ့ ရခိုင်ပြည်သူတွေရဲ့ အပြုံးတွေ၊ အလှူရှင်တွေနဲ့ ပရဟိတမောင်နှမတွေရဲ့ ပီတိမျက်နှာအပြုံးတွေ၊ ခွဲစိတ်ကုသပေးခဲ့တဲ့ ဆရာဝန်၊ ဆရာမတွေရဲ့ ပီတိအပြုံးတွေ၊ ကူညီပံ့ပိုးပေးခဲ့ကြတဲ့ တာဝန်ရှိသူတွေနဲ့ မြို့မိမြို့ဖတွေရဲ့ အပြုံးတွေ၊ အဲဒီအပြုံးပေါင်းများစွာကပဲ ကျွန်မတို့ ရှေ့ဆက်ရမယ့် ခရီးအတွက် ခွန်အားတွေဖြစ်စေရပါတယ်။ အခုလို ပြည်သူတွေရှိရာ အရောက်လာနိုင်ခဲ့လို့သာ ရခိုင်ပြည်သူတွေရဲ့ စက္ခုအလင်းကို သာမက ဘဝအလင်းကိုပါ ထွန်းညှိပေးနိုင်ခဲ့ပြီဆိုပြီး ကျွန်မတို့အားလုံး ဂုဏ်ယူနေမိကြပါတယ်။

ကျွန်မတို့ရဲ့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကြည့်ရင်လည်း အင်မတန်လာရကျိုးနပ်တဲ့ ခရီးစဉ်လို့ဆိုရမှာပါ။ ရခိုင်ဒေသမှာ လူဦးရေ လေးသန်းခန့်ရှိတဲ့အနက် ခြောက်သောင်းခန့်က သွားလာလုပ်ကိုင်လို့မရနိုင်တဲ့ မျက်မမြင်တွေဖြစ်နေပါတယ်။ အဲဒီထဲက ငါးသောင်းခန့်က အတွင်းတိမ်ဝေဒနာရှင်တွေဖြစ်နေတာမို့ ကျွန်မတို့ ခရီးစဉ်တွေကြောင့် အတွင်းတိမ်ခွဲစိတ်နှုန်းထားကို မြင့်မားစေခဲ့ပြီး နိုင်ငံတော်ရဲ့ မျက်မမြင်ဖြစ်ပွားနှုန်းကို လျှော့ချပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၇ သို့

# ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ တိုက်ရိုက် ပြေးဆွဲမည့် လေကြောင်းခရီးစဉ်သစ် မိတ်ဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းမှ ပဉ္စမမြောက် နိုင်ငံတကာခရီးစဉ်တစ်ခုအဖြစ် ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ ပြေးဆွဲမည့် လေကြောင်းခရီးစဉ်သစ် မိတ်ဆက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာအမျိုးသား လေကြောင်းလိုင်း ရုံးချုပ်၌ ကျင်းပခဲ့သည်။

အဆိုပါ ခရီးစဉ်သစ်ကို မတ် ၂၅ ရက်မှစတင်ကာ တစ်ပတ်လျှင် နှစ်ကြိမ် (တနင်္ဂနွေနေ့နှင့် သောကြာနေ့)တို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် Terminal 2 မှ စတင်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အသွား၊ အပြန် လေယာဉ်လက်မှတ်ခ နှုန်းထားမှာ အမေရိကန်ဒေါ်လာ ၂၅၀ မှ စတင်မည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းမှ သိရသည်။

မြန်မာအမျိုးသား လေကြောင်းလိုင်းသည် နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်ပြီး နိုင်ငံတကာ ခရီးစဉ်အဖြစ် ၂၀၁၅ ခုနှစ် ဩဂုတ်တွင် ရန်ကုန်-စင်ကာပူ ခရီးစဉ်၊ ဒီဇင်ဘာတွင် ရန်ကုန်-ဟောင်ကောင်ခရီးစဉ်၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီတွင် ရန်ကုန်-ဗန်ကောက်ခရီးစဉ်၊ နိုဝင်ဘာတွင် ရန်ကုန်-ချင်းမိုင် ခရီးစဉ်တို့ကို ပြေးဆွဲခဲ့ပြီးဖြစ်ပြီး ယခု ၂၀၁၈ ခုနှစ် မတ်တွင် ရန်ကုန်-ဖူးခက် ခရီးစဉ်ကို ဆက်လက် ပြေးဆွဲသွားမည်ဖြစ် သည်။

နိုင်ငံပိုင် မြန်မာအမျိုးသားလေကြောင်းလိုင်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေး Union of Burma Airways အမည်ဖြင့် စတင်တည်ထောင် ပြေးဆွဲခဲ့သည်။ စတင်ချိန်တွင် De Havilland Dove လေယာဉ်ဖြင့် ပြည်တွင်းရှိ လေဆိပ်ပေါင်း ၁၉ ခုသို့ ပျံသန်းနိုင်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် ဗန်ကောက်၊ ကိုလ်ကတ္တား၊ စစ်တကောင်းမြို့များသို့ ပျံသန်းမှုစတင်ခဲ့သည်ဟု သိရသည်။

၁၉၉၃ ခုနှစ်တိုင်သည်အထိစင်ကာပူ၊ ခတ်မန်တူ၊ ဗန်ကောက်၊ ကိုလ်ကတ္တား၊ ဒါကာ၊ ဟောင်ကောင်နှင့် ဂျကာတာမြို့များသို့ ပျံသန်းနိုင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် မြန်မာ့လေကြောင်း (Myanma Airways) အမည်သို့ ပြောင်းလဲကာ မြို့ပေါင်း ၂၁ မြို့သို့ ပြေးဆွဲခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ကော်ပိုရေးရှင်းသို့ ပြောင်းလဲကာ နိုင်ငံပိုင်လေကြောင်းလိုင်း၊ မြန်မာအမျိုးသားလေကြောင်းလိုင်းအမည်ဖြင့် ပြည်တွင်းခရီးစဉ်များအပြင် နိုင်ငံတကာခရီးစဉ်များကို ပြန်လည်စတင်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီမှ ပြီးခဲ့သည့် မိုးတွင်းကာလအတွင်း ခရီးသည်ခြောက်သိန်းနီးပါး သယ်ဆောင်နိုင်ခဲ့ပြီး ပွင့်လင်းရာသီနှင့် ဘဏ္ဍာနှစ် အကုန်တွင် ခရီးသည် ၁ဒသမ ၅ သန်း သယ်ယူပို့ဆောင်နိုင်ရန် Myanmar National Airlines MNA အနေဖြင့် ရည်မှန်းထားကြောင်း သိရသည်။ **၀၀၁**

# တရုတ်နှစ်သစ်ကူး အကြိုပွဲ မင်္ဂလာမန္တလေး လမ်းလျှောက်စျေး တွင် ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူးကျင်းပသည့် တရုတ်နှစ်သစ်ကူး ပွဲတော်အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ပျော်ပွဲရွှင်ပွဲများ၊ တရုတ်ရိုးရာအစားအစာများကို စတုဒိသာကျွေးမွေးခြင်းကို ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၆ နာရီမှ စတင်ကာ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြားရှိ မင်္ဂလာမန္တလေးလမ်းလျှောက်စျေးတွင် ကျင်းပသည်။

အဆိုပါပွဲတွင် တရုတ်တိုင်းရင်းသား အကအလှများ၊ မြန်မာ့ရိုးရာ အကအလှများ၊ မြန်မာ-တရုတ် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တရုတ်တိုင်းရင်းသားရိုးရာ အစားအစာများဖြစ်သည့် အီကြေ့၊ ပိန်းဥမုန့်၊ လက်ဖက်ကြက်ဥပြုတ်၊ အော်ကွေ့ကြည်၊ မုန့်ဆီကြော်၊ ရန်ရှင့်ထန်း ကျန်းမာရေးအချိုရည်၊ ဆန်ဖြင့်ပြုလုပ်သော မိကောင်းမုန့်၊ ရှောက်ကောင်း ဂျုံကိတ်မုန့်၊ ထန့်ရန့်မုန့်လုံးရေပေါ်၊ မိဟွားထန် ဆန်လှော်အချိုရည်၊ ချန့်ဆုန်းမြန် တရုတ်ခေါက်ဆွဲ၊ ဖန်းကျောင်ဖက်ထုပ်အချိုကြော်၊ မုန့်လုံးရေပေါ် အစရှိသည်တို့ကို စတုဒိသာကျွေးမွေးကြသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး ဒေါက်တာယုယုမေ၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် ဇနီး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တရုတ်ကောင်စစ်ဝန်ချုပ်နှင့် ကောင်စစ်ဝန်များ၊ တရုတ်အဖွဲ့အစည်း အသီးသီးနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ တရုတ်နှစ်သစ်ကူးအကြို အထိမ်းအမှတ်ပွဲကို မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ရုံးမှကြီးမှူး၍ တရုတ်ဗုဒ္ဓဘာသာယဉ်ကျေးမှုအဖွဲ့များဖြစ်ကြသည့် ယူနန်ဗုဒ္ဓဘာသာယဉ်ကျေးမှုအဖွဲ့၊ ဖူကျန့်ဗုဒ္ဓဘာသာယဉ်ကျေးမှုအဖွဲ့၊ ကွမ်တုံဗုဒ္ဓဘာသာယဉ်ကျေးမှုအဖွဲ့၊ ကြင်းတောယန်




ပရဟိတအသင်းချုပ်နှင့် ကြင်းတောယန် ပရဟိတအမျိုးသမီးအသင်း၊ မန္တလေးလူမျိုးစုဘုံကျောင်း၊ Oversea Chinese Women Association၊ အထက်မြန်မာပြည် တရုတ်ကုန်သည်ကြီးများအသင်း၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းနှင့် နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်းကာ ကျင်းပခြင်းဖြစ်သည်။ **၀၀၂**

# ရှေးဟောင်းပစ္စည်းများ တရားမဝင်ရောင်းဝယ်မှုတားဆီးရေး ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာ့ရှေးဟောင်းပစ္စည်းများ အစွန့်ရှည်တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒအား အကောင်အထည်ဖော်ရန် ရှေးဟောင်းပစ္စည်းများသဘာဝဘေးအန္တရာယ်နှင့် လူ့ပယောဂကြောင့် ယိုယွင်းပျောက်ဆုံးခြင်းမရှိစေရေး ကာကွယ်ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားစေရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာစေရန်စသည့်ရည်ရွယ်ချက်များဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် UNESCO ပူးပေါင်းကာ ရှေးဟောင်းပစ္စည်းများ တရားမဝင်ရောင်းဝယ်မှုများ တားဆီးရေးဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ကျင်းပသည်။

"အမျိုးသားအမွေအနှစ်တွေဟာ အကြောင်းအမျိုးမျိုးနဲ့ ပြည်ပကိုရောက်ရှိသွားခဲ့တာကို ပြည်ပနိုင်ငံကြီး ပြတိုက်တွေရဲ့ စုဆောင်းသူတွေဆီမှာတွေ့ရပါတယ်။ အထူးသဖြင့် ဂျာမနီနိုင်ငံ ပြတိုက်တွေ၊ အင်္ဂလန်၊ ရုရှားနိုင်ငံက ပြတိုက်တွေမှာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေ များစွာရှိနေပါတယ်။ ဒါဟာကျွန်တော်တို့နိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဆုံးရှုံးမှုကြီးတစ်ခုဖြစ်သလို ရေရှည်မှာဆိုရင် သမိုင်းကြောင်းယဉ်ကျေးမှုအမွေအနှစ်တွေ ထွန်းကားခဲ့မှုတွေကို ထိခိုက်နိုင်ပါတယ်။ ဒီဆွေးနွေးပွဲကထွက်ပေါ်လာတဲ့ အကြံပြုချက်ရလဒ်တွေအပေါ်မူတည်ပြီး ရှေးဟောင်းပစ္စည်းကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒတွေကို အကောင်အထည်ဖော်ဆောင်ရွက်သွားပါမယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြောသည်။

၁၉၅၇ ခုနှစ် ရှေးဟောင်းပစ္စည်းအက်ဥပဒေတွင် ရှေးဟောင်းပစ္စည်းနှင့် ရှေးဟောင်းအဆောက်အအုံပါဝင်ခြင်းကြောင့် ၂၀၁၅ ခုနှစ်တွင် ရှေးဟောင်းပစ္စည်းကာကွယ်ထိန်းသိမ်းရေးဥပဒေအား အသစ်ပြင်ဆင်ရေးဆွဲခဲ့ကြောင်း၊ နိုင်ငံတကာ ဥပဒေပြဋ္ဌာန်းချက်အတိုင်း မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်ရှိ နှစ်ပေါင်းတစ်ရာနှင့် အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းအပါအဝင် လူသားများ ပြုလုပ်သုံးစွဲခဲ့သော အရာဝတ္ထုပစ္စည်းများကို ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများအဖြစ် သတ်မှတ်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

"၁၉၅၇ ခုနှစ်ကဆိုရင် ဒဏ်ကြေးအနေနဲ့ တစ်ထောင်ကနေ ငါးထောင်လောက်ပဲရှိတယ်။ အခုက အနည်းဆုံး၁၀ သိန်းကနေ သိန်း ၁၀၀ ဆိုပြီး အစားစားရှိတယ်။ ထောင်ဒဏ်က အရင်တုန်းကဆိုရင် လပိုင်းလောက်ပဲရှိတယ်။ အခု ၁၀ နှစ်အထိရှိတယ်" ဟု ဦးကျော်ဦးလင်က ပြောသည်။

တန်ဖိုးရှိသည့် ရှေးဟောင်းပစ္စည်းများအနက် ၁၈၉၉ ခုနှစ်တွင် ပုဂံမြို့ ဝက်ကြီးအင်း ဂူပြောက်ကြီးဘုရားရှိ နံရံပန်းချီများဖြတ်တောက်ခိုးယူခြင်း၊ ပုဂံမြို့ဟောင်း မေမင်္ဂဘုရားရှိ ဘုရားတချို့၏ နံရံဆေးရေးပန်းချီများ၊ ၁၉၆၇ ခုနှစ် မတ် ၆ ရက်တွင် ပြည်မြို့နယ် မှော်ဇရွာရှိ သီရိခေတ္တရာပြတိုက်တွင် ပြသထားသောပျူတို့၏ အနုပညာပန်တျာကြေးသွန်းပန်းတည်းရုပ် လေးရုပ်ပျောက်ဆုံးသွားကြောင်း၊ ၁၉၈၃ ခုနှစ် နိုဝင်ဘာတွင် အမေရိကန်နိုင်ငံမှ အနုပညာစုဆောင်းသူ မစ္စတာရောဘတ်အယ်(လ) စဝပ်မှ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ ဆွေးနွေးပွဲတွင် UNESCO ဌာနချုပ်ဥပဒေရေးရာ ပညာရှင်များအား ဖိတ်ကြားကာ ပြည်တွင်းမှ ရှေးဟောင်းပစ္စည်းကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ရှေးဟောင်းပစ္စည်းစုဆောင်းသူများ၊ အမှတ်တရပစ္စည်းရောင်းဝယ်သူများ၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ၊ အမှတ်တရပစ္စည်းထုတ်လုပ်သည့်အဖွဲ့များ ပါဝင်ဆွေးနွေးကြောင်း သိရသည်။


**စာနည်မောင်**

# ငွေတောင်ဓာတ်အားခွဲရုံတွင် ထရန်စဖော်မာအသစ် တည်ဆောက်ပြီးစီး ကျေးရွာအထိ ဓာတ်အားလိုင်းရ၍အဆင်ပြေ

**တပ်ကုန်း ဖေဖော်ဝါရီ ၁၄**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်၊ နေပြည်တော် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးကိုကိုနိုင်တို့၏ လမ်းညွှန်မှုဖြင့် နေပြည်တော်တပ်ကုန်းမြို့နယ် ငွေတောင်ဓာတ်အားခွဲရုံတွင်33/11KV(3x2.5) MVAအပြင် 5MVA ထရန်စဖော်မာအသစ်တစ်လုံး တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးသဖြင့် ဇန်နဝါရီလ နောက်ဆုံးပတ်မှ စတင်ကာ ယင်းထရန်စဖော်မာအသစ်မှ ဓာတ်အားများ ဖြန့်ဖြူးလျက်ရှိကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှသိသည်။

အဆိုပါ ဓာတ်အားခွဲရုံတွင် ထရန်စဖော်မာအသစ်တစ်လုံး တိုးချဲ့တည်ဆောက်ပေးခဲ့ခြင်းကြောင့် ယခင်လျှပ်စစ်ဓာတ်အားသုံးစွဲကြသည့်ရပ်ကွက်၊ ကျေးရွာပြည်သူများ ဗို့အားပြည့်စွာနှင့် လျှပ်စစ်မီးလုံလောက်စွာ အသုံးပြုနိုင်သည့်အပြင် မြို့နယ်အတွင်းရှိ လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ငွေ၊ ကိုယ့်အားကိုယ်ကိုး စုပေါင်းငွေဖြင့် ထရန်စဖော်မာတည်ဆောက်၍ လျှပ်စစ်ဓာတ်အားသွယ်တန်းသည့် ကျေးရွာများလည်း လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိမည်ဖြစ်ကြောင်းသိရသည်။ **တင်စိုးလွင်**



## ဆောင်းကတ္တီပါခြုံလွှာအောက်ဆီမှ...

**ကြည်နူးရွှင်ပျ အောင်ပွဲည**

ဒီလိုနဲ့ ကျွန်မတို့ရဲ့ အလင်းအလှူပွဲကြီး ခြိမ့်ခြိမ့်သဲသဲ အောင်မြင်ပြီးစီးခဲ့ပါတယ်။ ၁၈ ရက်နေ့ညမှာတော့ ဂုဏ်ပြုညစာစားပွဲကို ကျင်းပပေးခဲ့တယ်။ ရခိုင်ရိုးရာယဉ်ကျေးမှု အကအလှတွေနဲ့ ဖျော်ဖြေပေးခဲ့ကြတယ်။ ရခိုင်အစားအစာတွေနဲ့ ဧည့်ခံပေးကြတယ်။ ကျွန်မတို့အားလုံး သုံးရက်တာ ပင်ပန်းခဲ့သမျှ အမောတွေပြေခဲ့ရတယ်။ ကရင်လူမျိုး ကိုစော (ဒေါက်တာ စောသွင်မွန်သိန်း) က ရခိုင်သားဆရာ မိုးကျော်လက်ကိုတွဲပြီး 'မဟာနွယ်' သီချင်းကို စင်ပေါ်မှာ ဟန်အပြည့် မာန်အပြည့်နဲ့ သီဆိုနေတယ်။

"ရာဇဝင်အဆက်ဆက်မှသည် အချိန်ကာလတိုင်တည် ရခိုင်ဆိုသည်မှာကား အမျိုးသီလကို ထိန်းသိမ်းစောင့်ရှောက်ခဲ့တာ။ ကမ္ဘာမြေမှာ ထင်ပေါ် မြတ်သောအကျင့်နဲ့ ခရီးဆက်လာပြီ" ရခိုင်အဆိုတော် ဝင်းကိုခိုင်ရဲ့ သီချင်း ကြားရသူကို စိတ်ဓာတ်တက်ကြွ ပျော်ရွှင်စေတယ်။

"လာပါလာ . . ရောက်အောင်လာ. . ရခိုင်စည် တော်ကြီးတီးချိန်မှာ. . .

ဒီအချိန်မှာ. . . အရောက်လာပါ. . ရခိုင်ဆိုတဲ့ အသိရှိရင်လာ" ဆိုတဲ့ အပိုဒ်ရောက်တော့ ခန်းမထဲက သူတွေ အားလုံးထရပ်ပြီး သံပြိုင်သီဆိုလိုက်ကြတာများ ကျောက်ဖြူမြို့တစ်မြို့လုံး သိမ့်သိမ့်တုန်သွားမလားမှတ်ရတယ်။

တကယ်လည်းဟုတ်ပါတယ်။ သီချင်းစာသားလေးတွေရဲ့ အဓိပ္ပာယ်က လေးနက်လွန်းလှတယ်။ ဘယ်လို အကြောင်းများကြောင့်မဆို၊ ပင်ကိုရိုးသားတဲ့ စိတ်၊ ခိုင်ခိုင်မာမာနဲ့ ကိုယ့်အမျိုးဂုဏ်သိက္ခာကို ညှိုးနွမ်းပျောက် ပျက်မသွားအောင် ကြိုးစားရပ်တည်နေကြတဲ့ ရခိုင်ပြည်သူတွေကို အလင်းပေးခွင့်ရခဲ့လို့ ကျွန်မတို့ ကျေနပ်တယ်။ ဂုဏ်ယူမိတယ်။ အခမ်းအနားမှာ အလှူရှင် ဦးအောင်မျိုးမင်း၊ ဦးအောင်လှိုင်ဦးတို့ရဲ့ ကျေးဇူးတင်စကား၊ မြို့မိမြို့ဖ ဦးအောင်ဘစောနဲ့ ဆေးရုံအုပ်ကြီးရဲ့ မုဒိတာစကားတွေနဲ့ ခရီးစဉ်အတွက် စီစဉ်ခဲ့ရပုံတွေကို ပြောပြကြတယ်။ ကျွန်မအလှည့် ရောက်တော့ ခရီးစဉ်ရဲ့ စ၊ လယ်၊ ဆုံးကို ပြောရင်း ကျွန်မတို့ရဲ့ ဆရာကြီး ဒေါက်တာဦးကံညွှန့်ကို သတိရစိတ်နဲ့ ရင်ထဲဆို့နင့်လို့လာရပါတယ်။ ရခိုင်ခရီးစဉ်မှန်သမျှ ဆရာကြီးကပဲ ဦးဆောင်လာခဲ့တာပါ။ ခုချိန်မှာတော့ အဲဒီနေရာကို ကျွန်မတို့က ဝင်လိုက်ရပါပြီ။ မျက်စိအခမဲ့ ခရီးစဉ်တွေရဲ့ အဦးအစ စွန့်ဦးတီထွင်လမ်းကို စတင်ဖောက်လုပ်ခဲ့သူ ဆရာကြီးဖောက်ခဲ့တဲ့လမ်းကို အခုအားလုံး လျှောက်နေကြပါပြီ။ ကျွန်မတို့လို ဆရာမိုးကျော်တို့လို တပည့်တွေက ဒီတာဝန်တွေကို ဆက်လက်ယူနေကြရပြီ။ ရခိုင်လူမျိုး၊ ရခိုင်အမျိုးအစား၊ ရခိုင်ဓလေ့နဲ့ ရခိုင်ဒေသကို အင်မတန်ချစ်မြတ်နိုးလှတဲ့ ဇာတိစွဲစိတ်ကြီးတဲ့ ကျွန်မရဲ့ ဆရာကြီးကတော့ မြင့်မြတ်တဲ့ ဘုံဘဝကနေပြီး သူချစ်တဲ့ မြေပေါ်က ပြည်သူတွေကို အလင်းအလှူပေးနေကြတဲ့ သူ့တပည့်တွေကိုကြည့်ပြီး ကျေနပ်အားရနေမှာပါပဲ။ ဆရာသင်ပေးခဲ့တဲ့ ပညာတွေ၊ အဆုံးအမ၊ လမ်းညွှန်ချက်တွေနဲ့ ဆရာ့ကျေးဇူးကို ကျွန်မတို့အားလုံး ဆပ်ခွင့်ရခဲ့ပါပြီ။ ဆရာရှိခဲ့ရင်ရော ဒီလိုအချိန် ဒီလိုအခြေအနေမှာ ဘယ်လိုစကားတွေ ပြောမှာပါလိမ့်၊ ဆရာပြောခဲ့ဖူးတဲ့ စကားတွေကိုကြားယောင်လာမိပါတယ်။ ရခိုင်ဆိုတာ အမြဲရှိနေမှာဖြစ်သလို မြန်မာဆိုတာလည်း ထာဝရတည်ရှိနေမှာပါ။ မြန်မာဆိုတဲ့ စကားလုံးလေး နှစ်လုံးထဲမှာပဲ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားလူမျိုးစုတွေ စုစည်းပေါင်းစုနေကြတာမို့ ဟောဒီ စကြဝဠာကောင်းကင်ကြီးရဲ့ အောက်ကနေ ဘယ်သူမှ ခွဲထွက်လို့မရသလို တိုင်းရင်းသားအားလုံးရဲ့ တွဲသော လက်တွေ ပိုမိုခိုင်မြဲစေဖို့ ကျွန်မတို့ရဲ့ အလင်းအောင်ပွဲတွေက အုပ်တစ်ချပ် သဲတစ်ပွင့်ပမာပါဝင်နိုင်ခဲ့ပါပြီ။

သည့်နောက်မှာတော့ အားလုံးကို နှုတ်ဆက်ခဲ့ကြပြီး ကျောက်ဖြူမြို့မှသည် မြောက်ဦးမြို့ဆီကို ခရီးဆက် ထွက်ခွာခဲ့ကြပါတယ်။ မပြန်ခင်မှာ ကျောက်ဖြူမြို့ ဂုံးချိုင်ကျေးရွာတောင်ဘက် ကံ့ကော်ပင်တွေရှိရာ အရပ်မှာ တည်ရှိတဲ့ ရှေးနှစ်ပေါင်းများစွာကတည်းက ထင်ပေါ်ကျော်ကြား တန်ခိုးကြီးလှတဲ့ ရှေးဟောင်းပေါ်တော်မူ ကံ့ကော်တောဘုရားနှစ်ဆူနဲ့ ကျောက်တလုံး ဘုရားတို့ကို ဖူးမြော်ခဲ့ကြပါတယ်။ ကျွန်မတို့ရဲ့ အပြန်လမ်းဟာဖြင့် ဝမ်းမြောက်မှု၊ ကျေနပ်အားရမှုတွေနဲ့ ပြည့်ဝအောင်မြင်ခဲ့ပြီ ဖြစ်ပါတယ်။ ။

စာမျက်နှာ ၁၆ မှ


## တောင်ကိုရီးယားနိုင်ငံ အိုလံပစ်ပွဲတော်ဖွင့်ပွဲတွင် တိုက်ခိုက်နှောင့်ယှက်ခဲ့သော ကွန်ပျူတာဗိုင်းရပ်တစ်မျိုးတွေ့ရှိ

ဖေဖော်ဝါရီ ၉ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပခဲ့သော အိုလံပစ်အားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် တိုက်ခိုက်နှောင့်ယှက်ခဲ့သော ကွန်ပျူတာဗိုင်းရပ်တစ်မျိုးကို အမေရိကန် Cyber လုံခြုံရေးအဖွဲ့များမှ ရှာဖွေတွေ့ရှိခဲ့ပြီး ဖယ်ရှားရှင်းလင်းခဲ့ပြီးကြောင်းသိရသည်။

အဆိုပါဗိုင်းရပ်ကြောင့် အိုလံပစ်ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်အားပေးကြမည့် ပရိသတ်အချို့မှာ ဝင်ခွင့်လက်မှတ်များထုတ်ယူရန် အခက်အခဲများရှိခဲ့ပြီး Olympic Website လည်း ပိတ်ဆို့မှုများဖြစ်ပေါ်ကာ တိုက်ရိုက်ထုတ်လွှင့်မှုနှင့် တက်ရောက်သတင်းရယူမည့် သတင်းထောက်များအတွက် အသုံးပြုရန်လွှင့်ပေးထားသော Wi-Fi စနစ်လည်း အသုံးပြုနိုင်ခြင်းမရှိခဲ့ဟု သိရသည်။

အဆိုပါဗိုင်းရပ်ကို နောက်ကွယ်မှ မည်သည့် အဖွဲ့အစည်းက ဖန်တီးခဲ့သည်ကိုမူ အတည်ပြုကြေညာခြင်းမရှိဘဲ အိုလံပစ်ပွဲတော်ဖွင့်ပွဲအတွင်း အသုံးပြုသည့်ကွန်ပျူတာများအတွင်းရှိ အရေးကြီးသည့် အချက်အလက်များကို ဖျက်ပစ်နိုင်ရန်နှင့် ကွန်ပျူတာများအင်တာနက်ချိတ်ဆက်နိုင်ခြင်းမရှိစေရန် ဖန်တီးရေးဆွဲထားခြင်းဖြစ်ပြီး Olympic Destroyer ဟု အမည်ပေးထားကြောင်းသိရသည်။


အမေရိကန် Cyber လုံခြုံရေးအဖွဲ့အစည်းများဖြစ်သော Cisco Systems, Crowd Strike, Fire Eye အစရှိသည့် အဖွဲ့အစည်းများမှ အဆိုပါဗိုင်းရပ်ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ဖယ်ရှားရှင်းလင်းခဲ့ပြီး



အင်တာနက်လိုင်းနှင့် တိုက်ရိုက်ထုတ်လွှင့်မှုအပိုင်းများတွင် အခက်အခဲအချို့ ဖြစ်ခဲ့သော်လည်းဆုံးရှုံးမှု ကြီးကြီးမားမား မရှိခဲ့ကြောင်း ပြိုင်ပွဲတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မည်သည့် ရည်ရွယ်ချက်မျိုးနှင့် ယခုကဲ့သို့ တိုက်ခိုက်နှောင့်ယှက်မှုပြုလုပ်သည်ကိုမူ မသိရှိဘဲ အဆိုပါဗိုင်းရပ်အား တွေ့ရှိပြီးနောက်ပိုင်း Cyber လုံခြုံရေးအဖွဲ့အစည်းများမှ အမြန်ဆုံး ထိန်းချုပ်ဖယ်ရှားနိုင်ခဲ့ပြီဟု ဖေဖော်ဝါရီ ၁၂ ရက်က ကြေညာခဲ့သည်။ ALEX

## ကင်ဆာဆဲလ်များကိုပစ်မှတ်ထားဖျက်ဆီးပေးမည့် Nano ကုထုံးတစ်မျိုးတွေ့ရှိ




ကင်ဆာဆဲလ်များကိုသာ ပစ်မှတ်ထား ဖျက်ဆီးပေးသွားနိုင်ပြီး ပျောက်ကင်းအောင် ကုသပေးနိုင်မည့် Nano ကုထုံးတစ်မျိုးကို ဇီဝသိပ္ပံ နည်းပညာဆိုင်ရာအဖွဲ့အစည်းတစ်ခုမှ စမ်းသပ်တွေ့ရှိထားပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ကုထုံးမှာ Nano ကုထုံးဖြစ်သည့်အတွက် ယခုကုသနေသော ကုထုံးများနှင့် မတူညီဘဲ ကင်ဆာဆေးဝါးများကြောင့် ဖြစ်ပေါ်လာသော အခြားဘေးထွက်ဆိုးကျိုးများ မရှိသလောက် နည်းပါးနိုင်ဖွယ်ရှိသည်ဟု သိရသည်။

၎င်းကုထုံးမှာ ကင်ဆာဆဲလ် တစ်မျိုးတည်းကိုသာ ပစ်မှတ်ထားဖျက်ဆီးသွားမည်ဖြစ်ပြီး ကိုယ်တွင်းရှိအခြားမည်သည့်ဆဲလ်ကိုမှ အာရုံစိုက်မည်မဟုတ်သောကြောင့် ယနေ့ကုထုံးများကြောင့် အခြားကျန်းမာပြီး ကိုယ်တွင်း အထောက်အပံ့ပေးနေသည့် ဆဲလ်များကိုထိခိုက်မှုမရှိဘဲ အဆိုပါ Nano ကုထုံးသည် ပျောက်ကင်းသည်အထိ ကုသနိုင်ဖွယ်ရှိသည်ဟု သိရသည်။

၎င်း Nano ကုထုံးမှာ ကိုယ်တွင်းသွေးလည်ပတ်မှုကို ပိတ်ဆို့ပေးမည့် အင်ဇိုင်းတစ်မျိုးထုတ်လုပ်ပေးမည်ဖြစ်ကာ အဆိုပါအင်ဇိုင်းမှာ ကင်ဆာဆဲလ်များရှိသောနေရာတွင် သွားရောက်တွယ်ကပ်နေမည်ဖြစ်ပြီး ကင်ဆာဆဲလ်များအတွင်း သွေးလည်ပတ်မှုမရှိအောင်ပြုလုပ်ကာ ကင်ဆာဆဲလ်များကို သေစေနိုင်မည်ဖြစ်သည်ဟုသိရသည်။ ကုသပုံမှာ ကင်ဆာဆဲလ်၏ မျိုးဗီဇအားရယူကာ ဖျာလိပ်တစ်ခုကဲ့သို့ပြုလုပ်၍ Thrombin အမည်ရ အင်ဇိုင်းထုတ်လုပ်မည့်ပစ္စည်းတစ်မျိုးကို အဆိုပါ အလိပ်အလယ်တွင် ထည့်ကာ ထိပ်ဘက်မှကင်ဆာဆဲလ်နှင့် ပင်ပြန်ပိတ်၍ ကိုယ်တွင်းသို့ထည့်သွင်းပေးလိုက်မည်ဖြစ်ပြီး အဆိုပါအလိပ်မှာ ကိုယ်တွင်းရှိ တူညီသည့် ကင်ဆာဆဲလ်များရှိရာသို့ သွားရောက်တွယ်ကပ်ချိန်တွင် အဆိုပါအလိပ်မှာ ပြန့်သွားပြီး အတွင်းရှိ အင်ဇိုင်းများထွက်လာမည်ဖြစ်သည်။ အဆိုပါအင်ဇိုင်းမှ ကင်ဆာဆဲလ်များအတွင်း သွေးလည်ပတ်မှုကိုပိတ်ဆို့ကာ ကင်ဆာဆဲလ်များကိုသေစေနိုင်မည်ဖြစ်သည်ဟု သိရသည်။

ယခုအခါတွင် အဆိုပါကုထုံးကို ကြွက်များနှင့်စမ်းသပ်အောင်မြင်ပြီး လူသားများနှင့်စမ်းသပ်ရန် ကြိုးပမ်းလျက်ရှိရာ အောင်မြင်ပါက ကင်ဆာရောဂါ ပျောက်ကင်းသည်အထိ ကုသနိုင်တော့မည်ဟုသိရသည်။

ALEX

## ပြန်လည်လက်တွဲခဲ့ပြီဖြစ်ကြောင်း သတင်းတွေထွက်လာတဲ့ ရောဘတ်ပတ်တီဆန်နဲ့ ခရစ်စတင်းစတူးဝပ်



ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ သွေးစုပ်ဖုတ်ကောင်တွေအကြောင်း ရိုက်ကူးထားတဲ့ ဇာတ်လမ်းတွဲ "Twilight"မှာ အဓိကသရုပ်ဆောင်တွေအဖြစ် ပါဝင်ခဲ့ကြရင်း ချစ်သူတွေဖြစ်ခဲ့ကြတဲ့ ကြယ်ပွင့်စုံတွဲ ရောဘတ်ပတ်တီဆန်နဲ့ ခရစ်စတင်းစတူးဝပ်တို့ဟာ နှစ်နှစ်ချီကာ လက်တွဲခဲ့ကြပြီးနောက် လမ်းခွဲခဲ့ကြပါတယ်။ လမ်းခွဲပြီးနောက်မှာလည်း အချစ်သစ်တွေနဲ့ ကိုယ်စီခရီးဆက်ခဲ့ကြပေမယ့် လတ်တလောမှာတော့ သူတို့နှစ်ဦးကို လော့စ်အန်ဂျလိစ်က ဘားတစ်ခုမှာ အတူတွဲတွေ့ခဲ့ရတာဖြစ်ပါတယ်။ ဒီလို အချစ်ဟောင်းနှစ်ဦးပြန်လည်တွေ့ဆုံခဲ့ပြီးနောက် ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေလည်း စတင်ပေါ်ထွက်လာခဲ့ရာ "Twilight" ဇာတ်လမ်းတွဲမှ အဓိကဇာတ်ဆောင် အက်ဒ်ဝပ်ကူလန်နဲ့ ဘယ်လာဆွမ်းတို့ကို နှစ်သက်ခဲ့ကြတဲ့ ပရိသတ်တွေကတော့ သူတို့နှစ်ဦးရဲ့ တစ်ကျော့ပြန်အချစ်ခရီးနဲ့ပတ်သက်တဲ့ ကောလာဟလတွေအပေါ် အလွန်ပင်နှစ်သက်မိကြောင်း အွန်လိုင်းမီဒီယာတွေပေါ်ကနေ တစ်ဆင့် ထုတ်ဖော်ခဲ့ကြကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၁ ရက်မှာ ပရိသတ်တစ်ဦးက ဘားတစ်ခုမှာ သူငယ်ချင်းတွေနဲ့အတူ မွေးနေ့ပွဲ ဆင်နွှဲနေစဉ်မှာ ရောဘတ်ပတ်တီဆန်နဲ့ ခရစ်စတင်းစတူးဝပ်တို့ အတူဝင်ရောက်လာကြောင်း၊ သူတို့ကို အတူတွဲကာ မြင်တွေ့လိုက်ရတဲ့အတွက် အံ့အားသင့်ခဲ့ရပြီး "Twilight" က အထက်တန်းကျောင်းသားဘဝကို ပြန်လည်မြင်ယောင်မိခဲ့ကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဒီလိုရေးသားဖော်ပြခဲ့ပေမယ့် ကြယ်ပွင့်နှစ်ဦးရဲ့ ဓာတ်ပုံတစ်ပုံမျှ ဖော်ပြခဲ့ခြင်းမရှိဘူးလို့လည်း သိရပါတယ်။

ဒီဖော်ပြချက်အပေါ် အချို့သော "Twilight"ပရိသတ်တွေက ဝမ်းမြောက်ကြောင်း ပြန်လည်ရေးသားဖော်ပြခဲ့ကြသလို အချို့ကလည်း ဒါဟာ လုပ်ကြံပြောကြားခြင်းသာဖြစ်ကြောင်း ဆိုကြပါတယ်။ ကောလာဟလသက်သက်သာဖြစ်ကြောင်း စွပ်စွဲခဲ့သူတွေလည်း ရှိနေတာတွေ့ရပါတယ်။

ဒီသတင်းတွေ ပေါ်ထွက်လာခဲ့တာ အချိန်အခါ ကိုက်ညီမှုတော့ရှိတယ်လို့ ဆိုရမှာပါ။

ရောဘတ်ပတ်တီဆန်ဟာ ခရစ်စတင်းနဲ့ လမ်းခွဲပြီးနောက် အဆိုတော်တစ်ဦးဖြစ်တဲ့ အက်ဖ်ကေအေတွစ်နဲ့ ချစ်သူတွေအဖြစ် လက်တွဲခဲ့ပါတယ်။ နှစ်ဦးအကြားရင်းနှီးကာ မိသားစုတွေ တွေ့ဆုံခဲ့ကြအပြီးမှာတော့ စေ့စပ်ခဲ့ကြပါတယ်။ ဒီလိုနဲ့ ချစ်သူသက်တမ်းသုံးနှစ်ခန့် လက်တွဲခဲ့ပြီးနောက်မှာတော့ လမ်းခွဲခဲ့ကြပါတယ်။ လမ်းခွဲလိုက်ပြီဖြစ်ကြောင်းကိုတော့ မကြာသေးမီကမှ တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ရောဘတ်ပတ်တီဆန်အနေနဲ့ ပေ့ါပ်ကြယ်ပွင့် ကတ်တီပါရီနဲ့ ပတ်သက်မှုရှိနေကြောင်း သတင်းတွေထွက်ခဲ့ပေမယ့် လတ်တလောမှာတော့ ကတ်တီပါရီဟာ အချစ်ဟောင်း အော်လန်ဒိုဘလွန်းနဲ့ ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း သတင်းတွေ ထပ်မံပေါ်ထွက်လာခဲ့ပါတယ်။ ဒါကြောင့် ရောဘတ်ပတ်တီဆန်ဟာ လတ်တလောမှာတော့ လက်တွဲနေတဲ့ ချစ်သူမရှိဘူးလို့ ဆိုရမှာပါ။

ခရစ်စတင်းစတူးဝပ်ဟာလည်း ရောဘတ်ပတ်တီဆန်နဲ့ လမ်းခွဲခဲ့ပြီး နာမည်ကျော် ဒါရိုက်တာတစ်ဦးနဲ့ လက်တွဲခဲ့ပါတယ်။ မိမိအပေါ် သစ္စာမဲ့ခဲ့သူ ခရစ်စတင်းကိုတော့ ရောဘတ်က လမ်းခွဲခဲ့တာဖြစ်ပါတယ်။ ဒါရိုက်တာနဲ့ အချိန်အတော်ကြာ လက်တွဲခဲ့ပြီးနောက်မှာတော့ ခရစ်စတင်းက လမ်းခွဲခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူဟာ လိင်တူချင်းစိတ်ဝင်စားသူအဖြစ် ထုတ်ဖော်လာခဲ့ပြီး မိန်းကလေးသူငယ်ချင်းတွေနဲ့ တွဲခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် ခရစ်စတင်းရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီး မီဒီယာစာမျက်နှာတွေပေါ် ရောက်မလာခဲ့တာ အချိန်အတော်ကြာခဲ့ပြီ ဖြစ်ပါတယ်။

ရောဘတ်ပတ်တီဆန်နဲ့ ခရစ်စတင်းစတူးဝပ်တို့ဟာ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ လေးနှစ်နီးပါး ချစ်သူတွေအဖြစ် တွဲခဲ့ကြသူတွေပါ။ ဒါပေမယ့် သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးကို ပြတ်တောက်သွားစေတာကတော့ ခရစ်စတင်းဟာ သူ ခေါင်းဆောင် မင်းသမီးအဖြစ် ပါဝင်ထားတဲ့ ရုပ်ရှင် "Snow White and the Huntsman"ရဲ့ ဒါရိုက်တာ ရုပ်ပ့်ါထ်ဆန်ဒါနဲ့ တွဲနေတာကို တွေ့ခဲ့ရတာဖြစ်ပါတယ်။ သူ့ရဲ့သစ္စာမဲ့မှုတွေကိုတော့ ခရစ်စတင်းက ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်းမှာ ဝန်ခံကာ ရောဘတ်ပတ်တီဆန်ကို လူသိရှင်ကြားတောင်းပန်စကားဆိုခဲ့တာလည်း ဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**

## တိတ်တဆိတ်စစ်မှုထမ်းလိုတဲ့ G-Dragon

တောင်ကိုရီးယားရဲ့ နာမည်ကျော် ကေပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ G-Dragon ဟာ ယခုလအတွင်းမှာ စစ်မှုစတင်ထမ်းဆောင်သွားမှာဖြစ်ကြောင်းနဲ့ စစ်မှုထမ်းရက်တွေကိုတော့ တိတ်တဆိတ်စတင်လိုတာဖြစ်ပြီး ဖေဖော်ဝါရီ ၁၄ ရက်မှာ သူ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

G-Dragon ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်ရဲ့ ထုတ်ဖော်ပြောကြားချက်အရ ပေ့ါပ်ကြယ်ပွင့်ဟာ အကြောင်းကြားစာလက်ခံရရှိခဲ့ပြီဖြစ်ကာ စာရရချင်းမှာပင် စစ်မှုထမ်းရက်တွေကို စတင်လိုတာဖြစ်တာကြောင့် ဒီလမကုန်ခင်မှာပင် စတင်ထမ်းဆောင်သွားမှာဖြစ်ကြောင်းနဲ့ ရက်ကိုတော့ G-Dragon က ဖေဖော်ဝါရီ ၂၇ ရက်မှာ စတင်သွားဖို့ ဆုံးဖြတ်ခဲ့ကြောင်း တရားဝင်ထုတ်ဖော် အသိပေးလာတာဖြစ်ပါတယ်။

စစ်မှုမထမ်းမီမှာလည်း ပေ့ါပ်ကြယ်ပွင့်ဟာ သူ့ရဲ့ ပရိသတ်တွေနဲ့တွေ့ဆုံကာ နှုတ်ဆက်တာမျိုးတွေ ပြုလုပ်သွားမှာမဟုတ်ဘဲ တိတ်တဆိတ်စစ်မှုထမ်းလိုတာ ဖြစ်ပါတယ်။ G-Dragon ဟာ စစ်မှုထမ်းဆောင်တာနဲ့ပတ်သက်ပြီး မကြာသေးမီက ကောလာဟလတွေ ပေါ်ထွက်ခဲ့ပါသေးတယ်။ သူဟာ စစ်မှုထမ်းရက်ရဲ့ နောက်ဆုံးအချိန်တွေကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်းနဲ့ ယခင်က စစ်မှုထမ်းဆောင်ရမယ့် တာဝန်ကို ရွှေ့ဆိုင်းနိုင်ဖို့အတွက် အကြောင်းအမျိုးမျိုးပြခဲ့ကြောင်း၊ ကြယ်ပွင့်တစ်ဦးအဖြစ် စစ်မှုထမ်းရက်တွေကို ရွှေ့ဆိုင်းခဲ့သလို ပညာရေးကိုအကြောင်းပြကာ အချိန်တွေဆွဲထားခဲ့တာဖြစ်ကြောင်း မီဒီယာတွေက ဝေဖန်ရေးသားခဲ့ကြပါတယ်။ လတ်တလောမှာလည်း G-Dragon ဟာ အသက်(၃၀)ပြည့်တော့မှာဖြစ်တာကြောင့် မဖြစ်မနေ စစ်မှုထမ်းဆောင်ရတော့မှာလည်း ဖြစ်ပါတယ်။






# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## မဟာသရဏဂုံတော်ကြီး(ပါဠိ–မြန်မာပြန်)



ဘေးရန်ပယ်ဖျောက် ချမ်းသာရောက်သည့် လယ်တီဆရာတော်ကြီးရေးသားစီစဉ်ပူဇော်သော မဟာသရဏဂုံတော်ကြီးစာအုပ်ထွက်ရှိလာသည်။

မဟာသရဏဂုံတော်ကြီးကို ရွတ်ဖတ်ပူဇော်ရသောအကျိုးကြောင့် ယခုဘဝတွင် စိုးရွံ့ထိတ်လန့်ခြင်းနှင့် ကြောက်တတ်သောဘေးမှ လွတ်မြောက်နိုင်သည်။ စိတ်ကြံသမျှ လိုတရ၏၊ ဆန္ဒပြည့်ဝ၏၊ ငတ်မွတ်ခြင်းဘေး၊ ရောဂါဘယဘေး၊ သတ်ဖြတ်ညှဉ်းဆဲခြင်း စသည့် ဘေးအပေါင်းမှ လွတ်မြောက်စေသည့်အပြင် နောင်ဘဝတွင်လည်း လူချမ်းသာ၊ နတ်ချမ်းသာမဆိုထားဘိ ယခုဘဝမှာပင် နတ်ချမ်းသာနှင့်တူသော လူချမ်းသာကိုရရှိ ခံစားကြရသဖြင့် မဟာသရဏဂုံတော်၏ အဓိပ္ပာယ်ကို ဉာဏ်ဖြင့် သက်ဝင်စွာ ရွတ်ဖတ်ကြည်ညိုခြင်းဖြင့် ကောင်းမြတ်သော အကျိုးတရားများကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ရေးသားထားသည်။

စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ်–၂၃၇၊ ၃၉–လမ်း(ပထမထပ်–ဝဲ)၊ ပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၈၃၉၂၈၃၅နှင့် ၀၉–၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## ကမ္ဘာ့နိုင်ငံ ၁၁၇နိုင်ငံ၏စကားပုံများ





နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် စကားပုံများစွာရှိကြောင်း ဦးသိန်းအောင် (နိုင်ငံခြားငွေ) စီစဉ်သော ကမ္ဘာ့နိုင်ငံ ၁၁၇နိုင်ငံ၏ စကားပုံများစာအုပ် ထွက်ရှိလာသည်။

ကမ္ဘာ့နိုင်ငံ ၁၁၇ နိုင်ငံ၏ စကားပုံများစာအုပ်တွင် မူရင်းနိုင်ငံ၏ စကားပုံနှင့် ဆင်တူသည့် အခြားနိုင်ငံများ၏ စကားပုံများနှင့် ဆန့်ကျင်ဘက် စကားပုံများကိုပါ ထည့်သွင်းဖော်ပြထားသည်။ စကားပုံများစွာကို ရေးသားထားသောကြောင့် စကားပုံစုဆောင်းလိုသူများ လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

ထို့အပြင် ကမ္ဘာ့နိုင်ငံ ၁၁၇ နိုင်ငံ၏ အလံ၊ လူဦးရေ၊ အဓိကဘာသာစကား၊ နိုင်ငံအကျယ်အဝန်း၊ တည်နေရာ၊ အိမ်နီးချင်းနိုင်ငံများ၊ မြို့တော်တို့ကိုပါ ဖော်ပြထားသည်။

စာအုပ်ကို သံလွင်ခက်စာပေ၊ အမှတ်–၉၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၅၀၀၄၉၁၁၆မှ တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## ဒီမိုကရေစီစနစ်၏ကောင်းသောအုပ်ချုပ်ရေး၊ နိုင်ငံသားများ၏ အခန်းကဏ္ဍနှင့် အေးချမ်းသာယာသော လူ့ဘောင်လောက




ကောင်းသောအုပ်ချုပ်ရေးကို ဗဟိုပြု၍ ဒီမိုကရေစီစနစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ အေးချမ်းသာယာသော နိုင်ငံတော်ကြီးအား မည်သို့မည်ပုံတည်ဆောက်သည်ကို တက္ကသိုလ်မင်းသူ ရေးသားသောစာအုပ်ထွက်ရှိလာသည်။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်သည် မိမိနိုင်ငံသားများအား ပါဝင်ဆောင်ရွက်ခွင့်ပြုရမည့်အပြင် နိုင်ငံသားများ၏ အခန်းကဏ္ဍကိုလည်း အသိအမှတ်ပြုရမည်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ကလည်း ကောင်းသောအုပ်ချုပ်ရေးသည် ပြည်သူများပါဝင် ဆောင်ရွက်ခွင့်ရှိခြင်း၊ အများဆန္ဒကို အခြေခံခြင်း၊ တာဝန်ခံမှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ စွမ်းဆောင်ရည်ရှိခြင်း၊ တရားမျှတပြီး ဥပဒေစိုးမိုးမှု ရှိသည့်စနစ်ဖြစ်ကြောင်း သုံးသပ်ဖော်ပြထားသည်။ နိုင်ငံသားများ၏ အခွင့်အရေးနှင့်တာဝန်ဝတ္တရားသည် ဆက်စပ်လျက်ရှိပြီး ကောင်းသောနိုင်ငံသားသည် ကောင်းသောနိုင်ငံကိုတည်ဆောက်သည်။ နိုင်ငံသားကောင်းတစ်ဦးသည် မိမိ၏ကိုယ်ကျိုးစီးပွားကို ဦးစားမပေးဘဲ အများ၏အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်သည့်စိတ်ဓာတ်မျိုးထားရှိရမည်ဖြစ်ကြောင်း ရေးသားထားသည်။

စာအုပ်ကို မိုးကျော်သူစာပေ၊ အမှတ်–၁၈၈(ဒု–ဝဲ)၊ ၃၈–လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၃၈၄၂၁၉မှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိသည်။

## သမိုင်းဘီးလည်နေတုန်း ဤခရီးမနီးပါနှင့်ဦး




အစိုးရဝန်ထမ်းတစ်ယောက်အနေဖြင့် တာဝန်အရ မြို့ရွာအနှံ့ ပြောင်းရွှေ့ခြင်းဖြင့် အတွေ့အကြုံမျိုးစုံကို စာရေးဆရာမောင်မောင်သောင်းမြင့် ရေးသားထားသည့် သမိုင်းဘီးလည်နေတုန်း ဤခရီးမနီးပါနှင့်ဦး စာအုပ်ထွက်ရှိလာသည်။

စာရေးသူတကယ်တွေ့ကြုံခဲ့သော တကယ့်ဖြစ်ရပ်မှန်များဖြစ်သောကြောင့် ခေတ်စနစ်အပြောင်းအလဲများ၏ သမိုင်းမှတ်တမ်းပုံရိပ်များ ဖြစ်သည်။ စာရေးသူဖြတ်သန်းခဲ့ရသော ဖဆပလခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နဝတခေတ်၊ နအဖခေတ်၊ ယနေ့ခေတ် စသည့်ခေတ်များတွင် တရားရေးဝန်ထမ်း၊ တရားသူကြီးတစ်ယောက်အနေဖြင့် တွေ့ကြုံခဲ့ရသည့် သမိုင်းထဲကလူ၊ လူထဲက သမိုင်းအကြောင်းအရာများကိုရေးသားထားသော စာအုပ်ဖြစ်သည်။

စာအုပ်ကို ဝန်ချတောင်စာပေ၊ တိုက်–၁၅၊ အခန်း–၂၀၂၊ အင်းဝအိမ်ရာ၊ ၆၆–ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၂၅၀၂၀၅၀၅၄နှင့် ၀၉–၉၆၃၆၁၁၈၈၂တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## အနာဂတ်ကိုသစ္စာမဖောက်ကြပါနဲ့နှင့် အတွေးရသစာစုများ




စာဖတ်ရှိန်ပိုမိုမြင့်မားလာစေရန်၊ စာအုပ်စာပေ အမယ်စုံထုတ်ဝေနိုင်ရန်နှင့် ရသစာပေများဖွံ့ဖြိုးလာစေရန် ပို၍အာရုံစိုက်ရမည့် အချိန်ဖြစ်ကြောင်း စာရေးဆရာခင်မောင်ဌေး(ပညာရေး) စီစဉ်ရေးသားသော အနာဂတ်ကို သစ္စာမဖောက်ကြပါနဲ့နှင့် အတွေးရသစာစုများစာအုပ် ထွက်ရှိလာသည်။

ပြည်သူတွေ ဒီမိုကရေစီရောင်နီဦးလေးကိုမြင်ခွင့်ရတော့ပျော်ကြသည်။ အကျိုးအကြောင်း အဆိုးအကောင်း ဘာဆိုဘာမှဖွင့်ဟခွင့်အရမရတဲ့ ခေတ်ကာလကနေ ပြောရေးဆိုခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်လေးရလာတော့ ကျေနပ်သင့်သလောက် ကျေနပ်လာကြသည်။ ပြည်သူများအားကိုးသည့် ပြည်သူ့အစိုးရအနေဖြင့် တိုင်းပြည်အတွက် အန္တရာယ်ရှိလာပါ ထိုအန္တရာယ်ကိုရဲရဲဝံ့ဝံ့တိုက်ထုတ်ပေးရန်၊ တိုင်းပြည်အတွက် ဓမ္မန္တရာယ်ရှိလာပါကလည်း ပြတ်ပြတ်သားသား ရှင်းလင်းပေးရန်၊ ပြည်သူ့ဘဝလုံခြုံရေးကို ထိထိရောက်ရောက် ကာကွယ်ပေးရန်၊ ပြည်သူ့ လွတ်လပ်ခွင့်ကို အပြည့်အဝပေးရန်၊ လိုအပ်နေသေးသည့် ထိန်းကျောင်းမှု၊ ဥပဒေတွေကိုအမြန်ဆုံးပြင်ဆင်ပေးရန်၊ ပြည်သူများ၏ ဘဝနေထိုင်မှုအဆင်ပြေရေးနှင့် ကုန်ဈေးနှုန်းထိန်းချုပ်ရေးတို့ကို စွမ်းစွမ်းတမံဆောင်ရွက်ပေးစေလိုကြောင်း ရေးသားထားသည်။

စာအုပ်ကို ရန်အောင်စာပေ၊ အမှတ်–H၊အ.ထ.က (၁)ရန်ကင်းကျောင်းရှေ့၊ ၁၂–လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၅၁၇၉၃၉၈နှင့် ၀၉–၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## နှလုံးသားတစ်ဖက်ကမ်းမှ ပဲ့တင်သံကဗျာများ




ကဗျာဖတ်လိုသူများအတွက် တူညီသောရသတစ်မျိုးမျိုးကို ရရှိခံစားနိုင်စေရန် စာရေးဆရာ ရွှေကူမောင်လူသစ် စီစဉ်ရေးသားသည့် နှလုံးသား တစ်ဖက်ကမ်းမှ ပဲ့တင်သံကဗျာများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပြုံကြပြင်ကြ၊ ညီညွတ်ကြ ကဗျာခေါင်းစဉ်အောက်တွင် အိမ်မိုးကပေါက်၊ နေပြောက်ကထိုး။ မိုးကမလုံ၊ ပျက်ခိုက်ကြုံသော်။ လုံအောင်ပြုပြင်၊ ကိုယ့်တာဝန်တည့်. . . ။ အိမ်ကကြမ်းခင်း၊ တက်အဆင်းတွင်။ ပျက်ယွင်းနေငြား၊ ပစ်မထားဘဲ။ သစ်ဝါးကိုရှာ၊ ပြုပြင်ရာ၏. . . ။ အိမ်က ခြေတိုင်၊ ယိမ်းယိုင်၍။ မတ္တိုင်ချည့်နဲ့၊ စောင်းကာရွဲ့သော်။ တည့်မတ်ရမည်၊ ပြင်ရမည်တည့်. . . ။ အိမ့်ခြံစည်ရိုး၊ ခြပိုးထိုး၍။ သူခိုးဓားပြ၊ စိတ်မချသော်။ ဝိုင်းကြသူငါ၊ လုံအောင်ကာလော့. . . စသည့် ခံစားမှုရသများကို ပေါ်လွင်အောင်ရေးဖွဲ့ထားသော ကဗျာအပုဒ်ပေါင်း ၈၀ ပါရှိ၍ ကဗျာလေ့လာလိုက်စားလိုသူများ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ဆောင်းစုရတီစာပေ၊ ၂၅/၁၊ ခုံဝင်းရပ်၊ ၃၉–လမ်း၊ ၈၀ × ၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း–၀၉–၄၃၁၁၅၆၈၂နှင့် ၀၉–၇၉၄၂၈၀၈၀၀တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

## Photoshop CC





ကွန်ပျူတာနည်းပညာရပ်ဆိုင်ရာ ပညာပေးစာအုပ်များကို ဖတ်ရှုလေ့လာသည့် စာဖတ်ပရိသတ်များအတွက် စာရေးဆရာဦးအောင်မြင့် (M.E., Australia) စီစဉ်သော Photoshop CCစာအုပ်ထွက်ရှိလာသည်။

နည်းပညာရပ်ဆိုင်ရာ ပညာပေးစာအုပ်များကို ဖတ်ရှုလေ့လာသူများသည် မပျင်းမရိကြိုးစားလေ့လာရမည်ဖြစ်ပြီး အဆိုပါစာအုပ်တွင် Workspace Basics, Panels and Menus, Rulers and Guides, Place Files, Paste Files, History Panel, Image Essentials စသည့် အကြောင်းအရာများအပြင် working file များကို flatten မလုပ်ဘဲ layer တစ်ခုချင်းလေ့လာနိုင်စေရန် ပြည့်ပြည့်စုံစုံဖော်ပြထားသဖြင့် ကွန်ပျူတာပညာကို လေ့လာလိုက်စားလိုသူများ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကိုအောင်မြင်စာပေ၊ အမှတ်(၁) အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၅၄၁၇၄၅နှင့် ၀၁–၅၅၂၁၀၃တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။

## ဟာသဘုံခန်းဇာတ်လမ်းစုံ




ဟာသကို ကြိုက်နှစ်သက်သူများအတွက် ကိုကိုညောင်အို စီစဉ်ရေးသားထားသည့် ဟာသဘုံခန်း ဇာတ်လမ်းစုံ စာအုပ်ထွက်ရှိလာသည်။

ဟာသဉာဏ်ရှိသူများသည် အခြားသူများကဲ့သို့ရိုးရိုးမတွေး၊ ရိုးရိုးမရေး၊ ရိုးရိုးမမြင်ဘဲ ဖြန့်၍ တွေးတတ်သူများဖြစ်ပြီး တစ်ခါတစ်ရံ ဖြစ်ရိုးဖြစ်စဉ်ကို ပြောင်းပြန်တွေးကာ ဟာသဖွဲ့လေ့ရှိသူများဖြစ်သည်။ လူများသည် ဉာဏ်အမျိုးမျိုးရှိကြပြီး လူသားများကိုဒုက္ခပေးသည့်ဉာဏ်နှင့် လူသားများကို ဒုက္ခမပေးသည့်ဉာဏ်နှစ်မျိုးရှိသည်။ ဉာဏ်နီဉာဏ်နက် အမျိုးစုံ ဉာဏ်ထက်ကြသည့်အထဲတွင် ကဗျာဉာဏ်သည် အလွန်ထက်မြက်သည့် ဉာဏ်မျိုးဖြစ်ပြီး လူတိုင်းတွင်ဟာသဉာဏ်မရှိနိုင်၊ ပါရမီထူးသူများသာ ဟာသဉာဏ်ရှင်လေ့ရှိကြသည်။ အဆိုပါစာအုပ်တွင် ကဗျာဉာဏ်၊ စာဉာဏ်၊ ဟာသဉာဏ်ဖြင့် ဉာဏ်များနှင့်ပတ်သက်သည်များကို ရေးဖွဲ့ထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်–၂၉၆၊၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၉၈၁၈၉၁၄၈မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## ကြော်ငြာ


**FORWARD** 09259259180~1~2

- တောင်ကြီး၊ လျှို်ကော်၊ မွှေတော်ကဏ္ဍ (၄)ရက်

(28-2-2018) 170000

- ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွမ်းတော်လေးဆူ (၃)ရက်
- မွှေလား စစ်ကိုင်း မုံရွာ အလောင်းတော်ကဿပ (၄)ရက်
- မြဝတီ၊ မဲဆောက်၊ ဘားအံ ရှုဘုရားများ (၃)ရက်

**ကားစီးလုံးငှားသည်။**

AC-Express(45,33,25), (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II

Ph: 09-252522200, 09-33345545, 09-5089800

**အောင်ဓမ္မဘာ** Ph - 09-443745708, 09-443745709, 09-443745710

**နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

၈ ရက် ခရီး - ဟိုတယ်(၂)ည → ၈ရဲ ၂ သိန်း + ဒေါ်လာ ၅၅၀ (လေယာဉ် + နီပေါ)

၁၂ ရက် ခရီး - ဟိုတယ်(၇)ည → ၈ရဲ ၂ သိန်း + ဒေါ်လာ ၆၅၀ (လေယာဉ် + နီပေါ)

၁၅ ရက်ခရီး - ဟိုတယ်(၅)ည → ၈ရဲ ၂ သိန်း + ဒေါ်လာ ၇၀၀ (နေရာစုံ + Shopping)

၁၅ ရက် ခရီး - ဟိုတယ်(၄)ည → ၈ရဲ ၂ သိန်း + ဒေါ်လာ ၇၅၀ - နေရာစုံ + ကိုလ်ကတ္တားပါ

2 (Star) Hotel ... 3 (Star) Hotel

ဗုဒ္ဓဂယာ(၈)ရက်ခရီး(လေယာဉ် + နီပေါ)- 3 (Star) ဟိုတယ် (၇)ည ဒေါ်လာ -၁၁၀၀

**FULLY LIGHT TRAVELS & TOURS CO., LTD.**

**Book Now!**

**2018**

| | | | |
|---|---|---|---|
| 1. | ဂျပန် ခရီးစဉ် (6D/5N) | (11-16/04/18) | 2150 USD |
| 2. | ထိုင်ဝမ် (6D/5N) | (14-19/04/18) | 1300 USD |
| 3. | ထိုင်ဝမ် (8D/7N) | (14-21/04/18) | 1420 USD |
| 4. | ကိုရီးယား -Everland- ခရီးစဉ်(6D/5N) | (13-18/04/18) | 1480 USD |
| 5. | ကူမင်း ခရီးစဉ် (8D/7N) | (13-20/04/18) | 1880 USD |
| 6. | ခရီးစဉ် (8D/7N) | (13-20/04/18) | 1860 USD |
| 7. | - Avatar - ခရီးစဉ်(7D/6N) | (13-19/04/18) | 1580 USD |
| 8. | (14D/13N) | (07-20/04/18) | 4990 USD |
| 9. | စင်ကာပူခရီးစဉ် (4D/3N) | (12-15/04/18) | 890 USD |
| 10. | ဖူးခက်ခရီးစဉ် (3D/2N) | (13-15/04/18) | 690 USD |

Hotline :09-421013085,09-33377782,09 2653 99993, 09 2653 99995,09 2653 99996

B-801, 8th Floor, Dagon Center (I), Bargayar Road, Myaynigone, Sanchaung Township, Yangon, Myanmar

www.fullylighttravel.com

**ပေါ်ပြူလာဝေဘာ** Travel & Services

**ဗုဒ္ဓဂယာခရီးစဉ်**

၁၄ ည အိပ် ၁၅ ရက် — မတ် - ၁၃

ရ ည အိပ် ၈ ရက် — ဧပြီ - ၁၀

Ph: 01 2301866, 09-5129134, 09-795429379

**အုံ့ဖြိုးသစ်**

Ph:09 404663906, 09 763584856

**ကွန်ဒို ရောင်း/ငှား**

၁။ Royal ... 1700 SQ Feet, 3 MB, 3Ac ... (ရောင်း)

၂။ Strand ... 1000 SQ Feet, Hall, Lift, (office) ... (ငှား)

ဖုန်း- 09-785116243

သောက ကင်းဝေး စိတ်အေးစေနိုင် **FNI**

**FNI**

**FIRST NATIONAL INSURANCE**

ASSURING PEACE OF MIND. THE ESSENCE OF LIFE

**FNI ၏ Customer များ အာမခံလုပ်ငန်းများ ကို**

အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက်

**စမ်းချောင်းရုံးခွဲ** အား **ယနေ့** (၁၅-၂-၂၀၁၈) တွင်

ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**NOW OPEN**

SANCHAUNG OFFICE

No.27/A-1, Baho Road, Sanchaung Township, Yangon.

Tel : 09-444435067-9

CALL CENTER: 01-9010900

www.fnipublic.com

YANGON (HEAD OFFICE)
No. 400/406, Merchant Road, Botahtaung Township,Yangon.
Tel: 01-8610661~5, Fax: 01-8610675, 01-8610676
E-mail: customerservices@fnipublic.com

MAYANGONE BRANCH
No.220, Thamine Butaryone Street,Mayangone Township,Yangon.
Tel: 09-444435037~8, Fax : 01-9666163

MANDALAY
No.176, 81 Street & 26 Street of Coner, Pyi Gyi Kyatthayay Ward, Aung Myay Thar Zan Township, Mandalay, Myanmar.
Tel : 02-60027, 09-423687900, 09-423687166, Fax : 02-60034

MAWLAMYINE
No. 223, Corner of Lower Main Road & Thida Street, Shwe Taung Ward, Mawlamyine, Myanmar.
Tel : 09-442258990, 09-442258991, 057-26538, Fax : 057-24404

MONYWA
No.8/10, Bo Gyoke Road, Aye Thar Yar Ward, Monywa, Myanmar.
Tel : 09-442258992~3, 071-28131, Fax : 071-26281

PYAY
No.35, Bo Gyoke Road, Ywar Bel Ward, Pyay, Myanmar.
Tel : 09-442258994, 09-442258995, 053-24220, Fax : 053-25607

NAY PYI TAW
No.190, Yaza Htar Ni Road, Aung Thar Yar Ward, Potebathiyi Township, Oattaya District, Nay Pyi Taw, Myanmar.
Tel : 067-25902, 09-404090049, 09-4040900094, Fax : 067-25903

MYITKYINA
No.304, Room(4), Pyi Htaung Su Street, Myo Thit Ward, Myitkyina, Myanmar.
Tel : 074-2529293, 09-400072626, 09-400072727, 09-400137070

ASIAN YGN TRAVELS & TOURS
ဗုဒ္ဓဂယာ အဆင့်မြင့်ဘုရားဖူးခရီးစဉ် (၇)ည/အိပ် (၈)ရက်
Hotel Package
21-28 Mar 2018
11-18 Apr 2018
Promotion
ပုဂံ-အင်းလေး-ဒါဟတ် 4185 (5D/4N) 28.2.2018
စင်ကာပူ-ဆိုးလ် 790 $ (4D/3N) 13.4.2018
ဘန်ကောက်-ကမ္ဘောဒီးယား (5D/4N) 13.4.2018
asianygntravels.com

Ever Clean Travel & Tour
Feb 28, Mar 25
09-33886666, 09-795185522

ရွှေပြည်သစ် 09-448004702, 09-781781435

## ပြည်သူ့အိမ်ရာစီမံကိန်းများဦးစီးကော်မတီရုံး
## အခန်းအမှတ်(၂၂၂)၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အလုံလမ်း၊
## "အသိပေးကြေညာခြင်း"

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်ထားသည့် မြောက်ဥက္ကလာပမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်များရှိ တန်ဖိုးနည်းနှင့် တန်ဖိုးသင့်တိုက်ခန်းများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပြည်သူများ(အထူးသဖြင့် ဝင်ငွေနည်းပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၊ ကုမ္ပဏီဝန်ထမ်းများ)ထံသို့ ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၂။ အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူများ ဝယ်ယူခွင့်လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အသက်(၂၃)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ခ) မိသားစု(အိမ်ထောင်စုပုံစံ ၆၆/၆)တစ်စုတွင် တစ်ဦးသာ လျှောက်ထားခွင့်ရှိမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ပိုင်/မြေပိုင် မရှိသူဖြစ်ရမည်။

(ဂ) တန်ဖိုးနည်းတိုက်ခန်းဝယ်ယူခွင့်လျှောက်ထားမည့်သူ၏ မိသားစုဝင်ငွေသည် တစ်လကျပ်(၃)သိန်းနှင့် ကျပ်(၅)သိန်းကြား ရှိရမည်ဖြစ်ပြီး တန်ဖိုးသင့်တိုက်ခန်းဝယ်ယူခွင့်လျှောက်ထားမည့်သူ၏ မိသားစုဝင်ငွေသည် ကျပ်(၅)သိန်းနှင့် ကျပ်(၁၂)သိန်းကြား ရှိရမည်ဖြစ်သည်။

၃။ ဝယ်ယူလိုသူများသည် သတ်မှတ်ပုံစံလျှောက်လွှာများဖြင့် လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာများကို မိမိနေထိုင်သည့်မြို့နယ်၏ သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် ၁၆-၂-၂၀၁၈ရက်မှစတင်၍ ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို ၁၆-၃-၂၀၁၈ရက် နောက်ဆုံးထား၍ မိမိဝယ်ယူခဲ့သည့် သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့်အထောက်အထားများ၊ ထောက်ခံချက်များ၊ လျှောက်ထားသူလိုက်နာရမည့်စည်းကမ်းချက်များ၊ ရောင်းချပေးမည့်တိုက်ခန်းများစာရင်း၊ အဆောက်အဦပုံစံများနှင့် ဈေးနှုန်းများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် ကြည့်ရှုနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်း အမှတ်- ၀၉-၄၄၈၁၄၄၇၄၄၊ ၀၉-၄၄၈၁၄၄၇၅၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြည်သူ့အိမ်ရာစီမံကိန်းများဦးစီးကော်မတီရုံး**

## သထုံမြို့နယ်အသင်း (ရန်ကုန်)
## ၂၀၁၇ - ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနား ဖိတ်ကြားလွှာ

သထုံမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၇ ခုနှစ်၊ နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသော ရန်ကုန်မြို့ရောက် သထုံသူ/သထုံသားများအားလုံး မပျက်မကွက် တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၅-၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
(၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - သထုံမြို့နယ်အသင်းမွာရုံ၊ မဟာဝိဇယစေတီကုန်းမြေ

ရန်ကုန်မြို့နေ အသင်းဝင်နှင့် အသင်းဝင်၏ မိဘအသက် (၇၅) နှစ်အထက်ဘိုးဘွားများစာရင်းကို ဥက္ကဋ္ဌ ဦးခင်မောင်ပြုံး ဖုန်း-၀၁-၂၁၁၆၅၈၊ ဒု-ဥက္ကဋ္ဌ ဦးစန်းလွင် ဖုန်း-၀၁-၅၇၈၇၁၇၊ အတွင်းရေးမှူး ဦးတင်ထွန်း ဖုန်း-၀၉ ၂၅၀၀၀၁၆၃၉၊ အမှုဆောင် ဖုန်း-၀၉-၅၁၄၀၁၅၉၊ ဒေါ်ချိုချို ဖုန်း-၀၉ ၅၀၈၆၉၃၁၊ ၀၉ ၇၆၅၀၈၆၉၃၁ နှင့် နီးစပ်ရာအမှုဆောင်များထံသို့ အသက်အထောက်အထားအတွက် မှတ်ပုံတင်မိတ္တူနှင့်အတူ ၂၂-၂-၂၀၁၈ ရက် နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်ရက်အချိန်မီ အမည်စာရင်းအထောက်အထားများကိုပေးပို့ရန် ထပ်မံနှိုးဆော်အပ်ပါသည်။ (တက်ရောက်သူ ဧည့်ပရိသတ်များအား သထုံမုန့်ဟင်းခါးနှင့် ထမင်းဝါဖြင့် ဧည့်ခံပါမည်။

**အမှုဆောင်အဖွဲ့**

ASIA MAN
09 400 343 996, 09 400 343 992

YGN အိမ်ခြံမြေ အကျိုးဆောင် မှ
နိုင်ငံခြားသားများနှင့် သံရုံးဝန်ထမ်းများအတွက်
USD 1000 မှ 7000 အတွင်းရှိအဆင့်မြင့်
လုံးချင်း နှင့် ကွန်ဒိုများ အမြန်ငှားလိုပါသည်။
ပိုင်ရှင်ကိုယ်တိုင်တိုက်ရိုက်ဆက်သွယ်ပါ။
09-4500 39220 09-4200 33959

ထိပ်တန်း
09-254256969
09-971322259

09-420087371, 09-256302029

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
ပညာနန်းတော် အ.ထ.က
ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ
ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း
ကျောင်းအပ်လက်ခံနေပါပြီ
အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ
118 A/B ... VIP-1 ... သုဝဏ္ဏ ရန်ကုန်။ Tel : 01-577 605, 09 782 216 338 pnndschool

မန္တလေး မှန်ချီ

TAXI အိမ်ပေးငှားမည်
PROBOX (1.3 cc)
တစ်လက်ကိုင်၊ ပုဇွန်တောင်မြို့နယ်
ဖုန်း-၀၉-၇၈၃၂၅၂၄၅၆
၀၉-၂၅၁၅၀၇၆၂၃

Shenton Institute of Applied Finance
Certificate in Business Logistics Management



Logistics နယ်ပယ်တွင် Professional တစ်ဦးအဖြစ် ရပ်တည်နိုင်ရန်အတွက် Certificate in Business Logistics Management သင်တန်းကို ဖေဖော်ဝါရီလတွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။
Date : February 25th 2018
Time : 2:00 pm - 5:00 pm
Shenton Institute of Applied Finance
01 553 897, 09 25079 3994
S-9, U Chit Maung Housing, U Chit Maung Road, Tamwe, Yangon
info@siaf.edu.mm
www.siaf.edu.mm

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၁၄၀)၊ အကျယ်အဝန်း ပေ(၄၀×၆၀)၊ ဧရိယာ (၀. ၀၅၅)ဧကရှိ မြေကွက်ဂရန်အမည်ပေါက် ဒေါ်သောင်း ဖြင့်တည်ရှိသော မြေကွက် (၁)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်သာယာမြို့နယ်၊ (၃)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၁၄၀)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးမြင့်[၁၂/ကမရ(နိုင်)၀၃၀၃၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်နိုင်[၁၂/စခန(နိုင်)၀၅၅၈၁၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက် (၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ၊ Shop House (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၀၄၃၁၀၉**

09-422229733, 09-422229933

Feb 16, 23, 28
Mar 2, 16, 23, 30

ရွှေဒိုး
09421073634, 09772636631
Feb - 9, 16, 23, 28
(40000)
(60000)
(120000)
(60000)

ရတီမိုး
09-250147247, 09-774438366
80000
65000
50000
45000
60000

ရွှေခေါင်းသာ
Fully Air-Con Express
45000-Feb9
45000-Feb9
50000-Feb16,23
65000/80000-Feb9,16
120000-Feb28

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဆန်စပါးကုန်စည်ဒိုင်(မူဆယ်) တတိယအကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးနှင့် အဆောက်အဦးအသစ်ဖွင့်ပွဲ ဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဆန်စပါးကုန်စည်ဒိုင်(မူဆယ်)၏ တတိယအကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး အသင်း၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများကို ပြင်ဆင်ခြင်း၊ ၂၀၁၈-၂၀၂၀ခုနှစ် အမှုဆောင်သက်တမ်း အတွက်ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်၊ အလုပ်အမှုဆောင် အဖွဲ့ဝင်သစ်များကို သင်းဖွဲ့မှတ်တမ်း၊သင်းဖွဲ့စည်းမျဉ်းပါ စည်းကမ်းချက်များနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

ကျင်းပမည့် နေ့ရက် ◈ ၂၅၊ ၀၃၊ ၂၀၁၈ (တနင်္ဂနွေနေ့)
ကျင်းပမည့် အချိန် ◈ နံနက် (၉:၀၀)နာရီ၊
ကျင်းပမည့် နေရာ ◈ နယ်စပ်ကုန်သွယ်ရေးလိုက်၊ မူဆယ်ဗဟိုစီးပွားရေးဇုန်ကိန်းဇုန်(၄)၊ မြေကွက်အမှတ်(၁၁၄)၊ တော်ရွှေကျောက်ရပ်ကွက်၊ မူဆယ်မြို့။

ဆက်သွယ်ရန်-၀၈၂-၅၁၉၄၀
၀၉-၄၄၀၂၂၅၃၈၄

အလုပ်အမှုဆောင်အဖွဲ့
ဆန်စပါးကုန်စည်ဒိုင်(မူဆယ်)

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၈ခုနှစ်၊ ဇန်နဝါရီ(၄)ရက် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ ချီးမြှင့်ဆက်ကပ်ခြင်းခံရသော မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီး၏ နာယကဆရာတော် ဘဒ္ဒန္တပညာဓဇ၊ ဒီဃဘာဏက (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ သာယာကုန်းပြသဒ်ကျောင်း၊ ပုဇွန်တောင်မြို့နယ်)အား အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာ့လုပ်ငန်းများ ဆတက်ထမ်းပိုးတိုး၍တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ၊ အသင်းသားများ**
**ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း**
**ဘုရားဖြူကျောင်းတိုက်၊ ပုဇွန်တောင်မြို့နယ်။**

ကာဘွဲ့ ငြိမ်းချမ်း
Ph: 09795549249, 095418126
09-795546884

RUBY
09-51-77212
519100
535100

ရောင်ခြည်ထိပ်
10',14',15'
Ph:09-450454771
09-450454772
09-450454773

## သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော မော်တော်ယာဉ်မောင်းနှင်သူများမှာ နေ့စဉ်စည်းကမ်းချိုးဖောက်မှုများကြောင့် ယာဉ်ကြောကြပ်တည်းပိတ်ဆို့မှုများ၊ ယာဉ်မတော်တဆမှုများဖြစ်ပေါ်လျက်ရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယာဉ်မရပ်နေရာ၌ ရပ်တန့်ထားသောယာဉ်များ၊ ယာဉ်နှစ်ထပ် ရပ်တန့်ထားသောယာဉ်များ၊ ဖြူနီကျား ရေးဆွဲထားသည့်နေရာတွင် ရပ်ထားသောယာဉ်များ၊ အချက်ပြမီးပွိုင့်ဧရိယာအတွင်း ရပ်တန့်ထားသော ယာဉ်များအား မော်တော်ယာဉ်ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

SINCE 1909
YANGON GOLF CLUB

YANGON GOLF CLUB

Programme

Annual At Home 2018
Member's Tournament

| Time | | Type |
|---|---|---|
| 23.02.2018 (Fri:) | - 7:30 AM | - Bronze |
| | -12:30 PM | - Veteran |
| 24.02.2018 (Sat:) | - 7:30 AM | - Lady |
| | -12:30 PM | - Gold , Silver |

The Captain
and
the members of the Council
request the pleasure of your company
at

Annual At Home 2018

of
Yangon Golf Club
to be held on
25 th, February, 2018, Sunday
please bring your family also

12 : 00 (Noon)........ Long Drive
One stick Tournament
Approach & Putt
Putting
Skittles
7 Holes Stableford (Hole No.1,2,3,4,5,8,9)
16 : 30 hr ........ Captain's Drive - in
E.C Members' Drive - in
17 : 00 hr ........ Prize Distribution
17: 30 hr ........ Entertainment
18 : 30 hr ........ Various kinds of foodstalls


အသေးစိတ်စုံစမ်းလိုပါက ဆက်သွယ်ရန် : 09 73254835 , 09 73230678.

## နှစ်ကိုးဆယ် ဂရန်ကြီးကျပြီး ကိုးဧကခန့် ခြံဝိုင်းကြီး ရောင်းမည် (ဖုန်း – ၀၉ – ၂၀၃၉၉၅၆၆၊ ၄၄၈၅၄၈၇၇၈၊ ၈၃၀၀၄၄၂)

နေပြည်တော်၊ မြို့မဈေးအနီး၊ ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာအနီး၊ ငလိုက်ကန်သာအပန်းဖြေစခန်းအနီး၊ ငလိုက်ကန်သာဆင်စခန်းအနီး၊ မင်းကုန်းအုတ်စက်ရုံအနီး၊ (ပျဉ်းမနား၊ တောင်ညို ကားလမ်းမကြီးဘေးမေးတင်)၊ (KLO) စက်သုံးဆီဆိုင်ရှေ့တွင်ရှိသော နေရာအလွန်ကောင်း နှစ်ကိုးဆယ်ဂရန်ကြီးကျပြီး ငါးဧကခန့်အပြင် (၁၀၅/၁၀၆)ရပြီး တစ်ဆက်တစ်စပ်တည်းရှိ ကျန်လေးဧကနီးပါးခန့် စုစုပေါင်းကိုးဧကခန့်ရှိ ခြံဝိုင်းကြီးရောင်းမည်။ ခွဲ၍မရောင်းပါ။


## ကျောက်ကပ် ဝေဒနာရှင်များအတွက် အထူးသတင်းကောင်း

အိန္ဒိယနိုင်ငံ Fortis ဆေးရုံကြီးမှ



Dr. Rajeev Sood

ကျောက်ကပ်အစားထိုးကုသမှုဆိုင်ရာ ဝါရင့်ခွဲစိတ်အထူးကုဆရာဝန်ကြီး

၏ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲအစမ်းအနားကို

၁၈.၂.၂၀၁၈ (တနင်္ဂနွေနေ့)၊ နံနက် ၁၀း၀၀ နာရီ မှ ၁၂း၀၀ နာရီထိ

ဂရန်း(ဒ်)ဟဲသာအင်တာနေရှင်နယ်ဆေးရုံ

အမှတ် (၃)၊ နာနတ်တောလမ်း နှင့် ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ လူနာဟောင်း၊ လူနာသစ်များ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ပါသည်။

Fortis

No. (810), G/F, Bogyoke Road, Seinn Gay Har Housing (3), Lanmadaw Township, Yangon.

Tele : 09 4539 555 01, 09 4539 555 02

## Fortis အသည်းဝေဒနာရှင်များအတွက် အထူးသတင်းကောင်း

အိန္ဒိယနိုင်ငံ Fortis ဆေးရုံကြီးနှင့် ဂရန်း(ဒ်)ဟဲသာ အင်တာနေရှင်နယ် ဆေးရုံကြီးတို့ ပူးပေါင်း၍ Fortis ဆေးရုံကြီးမှ



Dr. Vivek Vij

အသည်းအစားထိုးကုသမှုဆိုင်ရာ ဝါရင့်ကျွမ်းကျင် ခွဲစိတ်အထူးကုဆရာဝန်ကြီး သည်

၁၇.၂.၂၀၁၈ (စနေနေ့)၊ နေ့လယ် ၂း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီထိ

ဂရန်း(ဒ်)ဟဲသာအင်တာနေရှင်နယ်ဆေးရုံကြီး

အမှတ် (၃)၊ နာနတ်တောလမ်း နှင့် ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်တွင် အသည်းဝေဒနာရှင်များအား စောင့်ကြည့်ရှုကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အသေးစိတ်စုံစမ်းရန် –

Tele : 09 4539 555 01, 09 4539 555 02, 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284

"ရွှေစည်"

အိမ်ပြောင်း အိမ်ရွှေ့

လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။

09-73122029, 09-795669534

ပဟာဆေးသုတ်အဖွဲ့

Unitex - 150,200,250,300

Orient - 250,300,350,400

Premier - 300,350,400,450

ICI - 350,450,700

Nippon - 400,500,750

09-73174830, 09-5131799, 09-799901512

မင်္ဂလာပါ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း

Box ကားများဖြင့်

09-450042704

09-250095116

09-420096296



Home

ပါကေး အစားထိုး ကြမ်းခင်း

SPECIAL PROMOTION

Floor 1 ကျင်းဝယ်လျှင် Grade A.B.C

Wall Covering 1 ကျင်း + PVC Skirting အခမဲ့ လက်ဆောင်

အဆောင်(N) အခန်း(33,34) ... 09-79 700 70 71

အမှတ်(၁၁) ... ရန်ကုန်မြို့ 09-79 700 70 81

## YANGON BUSINESS ACADEMY (YBA)

စီးပွားရေးစီမံခန့်ခွဲမှုပညာရပ်များ တတ်ကျွမ်းလိုပါသလား ?

သင့်၏စီမံခန့်ခွဲမှု အရည်အသွေးကိုမြှင့်တင်လိုပါသလား ?

လက်တွေ့လုပ်ငန်းခွင်ပြဿနာများကို အဖြေရှာလိုပါသလား ?

**Certificate in General Business Management**

စီးပွားရေးစီမံခန့်ခွဲမှုပညာရပ်သဘောတရားများကို စနစ်တကျလေ့လာသင်ကြားတက်မြောက်လိုသူများ တက်ရောက်နိုင်ပါသည်။

ပထမ Enroll လုပ်သူ (၅) ဦး၏ သူငယ်ချင်းတစ်ဦးချင်းစီအား သင်တန်းကြေး အခမဲ့ ဖြင့် တက်ရောက်ခွင့်ပေးပါမည်။

စတင်မည့်ရက် 18 Feb 2018,

အချိန် Sat (8:00 AM to 12:00 PM), SUN (2:00 PM to 6:00 PM),

သင်တန်းကာလ 24 Hours (3 Weeks), သင်တန်းကြေး 80,000 Kyat

Block C, Level 9, Room-901, Dagon Centre (1),

Tel: +959 457 200 400, +959 457 200 500, +959 457 200 600

www.facebook.com/YBAEDUCATION

မြန်မာပြည်တွင် လာရောက် ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီတွင် ခန့်အပ်မည့်

## လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်း – ကျား (၁၀၀) ဦး

- ပညာအရည်အချင်း မကန့်သတ်၊ လျှပ်စစ်ပိုင်း နှင့်ပတ်သက်ပြီး ကျွမ်းကျင်ရမည်။
- လျှပ်စစ်ပိုင်းနှင့်ပတ်သက်ပြီး လုပ်ငန်းအတွေ့အကြုံ (၂) နှစ်ရှိရမည်။
- ...
- Installation in Cable, Cable Tray, Steel Pipe, Support Fabrication, Cable Termination Work ပိုင်း နားလည်တတ်ကျွမ်းရမည်။
- လစာ – ၃၀၀,၀၀၀ ကျပ်

VAC Jobsearch

VAC VALUE ADDED CONSULTANCY

No. 118, 6th Floor, 23rd Street, Latha Township, Yangon

Ph: 01-395921, 01-395922, 09-5102094, 09-73022727

E-mail: cv@vacjobsearch.com

ရောင်း/ငှား (သို့) Condo နဲ့လဲမည်

(ဂုတ်မြဲ) မျက်နှာစာ 70'×53' ပေအကျယ်

ဆက်သွယ်ရန် - 09 5112830, 09 5169505

GW 0973220000 0973133528 0973077569

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း


### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 3B/2853 ယာဉ်လက်ဝယ်ရှိသူအမည် ဦးဝင်းအောင် ၉/ရမသ(နိုင်)၀၄၃၃၈၆၊မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ(၁၅)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရမည်းသင်း)**


GOLDEN EDEN SLEEP SOLUTIONS

Authorized Sole Distributor in Myanmar

Bedsheet / Comforter / Pillow / Bolster

Happy Chinese New Year

"Gong Xi Fa Cai"



Imported from Singapore

www.goldenedensleepsolutions.sg

NOW AVAILABLE AT

Ocean SUPER ONE marketplace SPIRITS



















မူးယစ် ဆန့်ကျင် အောင်ပွဲဆင်

## ကြော်ငြာ

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ထွန်းသက် (Tommy Pe Thet)
**အသက် (၇၀)**

**Methodist English Highschool ကျောင်းသားဟောင်း**
**Chairman KTT Group Co.,Ltd**

ရန်ကုန်မြို့နေ ဆရာကြီးဒေါက်တာအောင်ထွန်းသက်-ဒေါ်ဆွေဆွေသိန်းတို့၏ချစ်လှစွာသော ညီ/မောင် ဆရာ ဒေါက်တာထွန်းသူရသက်-ဒေါ်လွင်လွင်ငြိမ်းချမ်းတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးတင်ထွန်းသက်သည် ၁၂-၂-၂၀၁၈ (တနင်္လာနေ့) ည ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့် ဆရာ/ဆရာမများ**
**ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ထွန်းသက် (Tommy Pe Thet)
**အသက် (၇၀)**

**Methodist English Highschool ကျောင်းသားဟောင်း**
**Chairman KTT Group Co.,Ltd**

ရန်ကုန်မြို့နေ ဆရာကြီးဒေါက်တာအောင်ထွန်းသက်-ဒေါ်ဆွေဆွေသိန်းတို့၏ချစ်လှစွာသော ညီ/မောင်၊ ဆရာဒေါက်တာထွန်းသူရသက်-ဒေါ်လွင်လွင်ငြိမ်းချမ်းတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးတင်ထွန်းသက်သည် ၁၂-၂-၂၀၁၈ (တနင်္လာနေ့) ည ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Program Director ဆရာမကြီး ဒေါက်တာစိုးသူနှင့်**
**MBF 4th Batch ကျောင်းသားကျောင်းသူများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ထွန်းသက်(Tommy Pe Thet)
**အသက် (၇၀)**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဒေါက်တာထွန်းသူရသက်နှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း နည်းပညာကော်မတီဥက္ကဋ္ဌ ဦးရဲသူရသက်တို့၏ဖခင် ဦးတင်ထွန်းသက် (Tommy Pe Thet) အသက် (၇၀)သည် ၁၂-၂-၂၀၁၈ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း**
**ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ထွန်းသက် (Tommy Pe Thet)
**အသက် (၇၀)**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဒေါက်တာထွန်းသူရသက်နှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း နည်းပညာကော်မတီဥက္ကဋ္ဌ ဦးရဲသူရသက်တို့၏ဖခင် ဦးတင်ထွန်းသက် (Tommy Pe Thet) အသက် (၇၀)သည် ၁၂-၂-၂၀၁၈ (တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်**
**မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း**
**မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း**
**မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ထွန်းသက် (Tommy Pe Thet)
**အသက် (၇၀)**

**Methodist English Highschool ကျောင်းသားဟောင်း**
**Chairman KTT Group Co.,Ltd.**

ရန်ကုန်မြို့နေ ဒေါက်တာအောင်ထွန်းသက်-ဒေါ်ဆွေဆွေသိန်းတို့၏ ညီ/မောင်၊ ဒေါက်တာထွန်းသူရသက်-ဒေါ်လွင်လွင်ငြိမ်းချမ်းတို့၏ ချစ်လှစွာသောဖခင်သည် ၁၂-၂-၂၀၁၈ (တနင်္လာနေ့) ည ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**MBA Program**
**စီမံခန့်ခွဲမှုပညာဌာန မိသားစု**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ထွန်းသက်
**အသက် (၇၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(၈၁)နေ ဒေါ်မေစန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်သူရသက်-ဒေါ်မွန်၊ ဒေါက်တာထွန်းသူရသက်-ဒေါ်လွင်လွင်ငြိမ်းချမ်း၊ ဦးရဲသူရသက်-ဒေါ်သန္တာစိုးလွင်တို့၏ ချစ်လှစွာသောဖခင်သည် ၁၂-၂-၂၀၁၈ (တနင်္လာနေ့) ည ၈း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Kernellix Company Limited ဝန်ထမ်းမိသားစုများ**

### ဦးသန်းအောင်တင် (၈၈)နှစ်
**ဆည်မြောင်းဦးစီးဌာန(ငြိမ်း)**

ရန်ကုန်မြို့၊ အမှတ်(၁၈၄)၊ ရဲကျော်အောင်လမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဦးတင်-ဒေါ်လှရင်)တို့၏သား၊ ဒေါ်စန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ရှုပါအောင် (စက်မှု-၂၊ ငြိမ်း)၊ ဦးခင်ဇာအောင်(ဆည်မြောင်း-ငြိမ်း)-ဒေါ်သန်းသန်းဦး၊ ဦးစန်းဝင့်အောင်-ဒေါ်ခင်အုန်းမြင့်၊ ဦးအောင်ကိုကို-ဒေါ်တင်ဌေးဌေးနု၊ (ဦးဝင်းအောင်)-ဒေါ်သန်းသန်းနွယ်၊ ဦးကျော်လွင် (လိုင်စင်အေးဂျင့်-မြင်သာ)-ဒေါ်ဥမ္မာအောင်၊ ဦးကျော်စွာအောင်-ဒေါ်အိဇာခြည်သွင်၊ (ဦးအောင်ကျော်စန်း)-ဒေါ်မျိုးမျိုးခိုင်တို့၏ ချစ်လှစွာသောမွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၁၃-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ချိုပို(ကော့မှူးမြို့)
### အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်နေ (ဦးငယ်လေး-ဒေါ်ညွန့်တင်)၏သမီး၊ (ဦးလှမောင်-ဒေါ်လှခင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ တိုက်(၁/၂)၊ ပေါ်ဆန်းမွှေးလမ်းနေ (ဦးထွန်းရီ)၏ဇနီး၊ ဦးဌေးလွင်-ဒေါ်သန်းသန်းအေး၊ ဦးဇော်မင်းထွန်း-ဒေါ်ကေသီစိုး၊ ဦးမျိုးအောင်ထွန်း-ဒေါ်ခင်ထက်ထက်ထွန်း၊ ဦးအောင်သန့်ဇင်-ဒေါ်ယဉ်ယဉ်ထွေးတို့၏ မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၂-၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၀၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၈ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ကိုမြင့်ကျော်ကျော်(ခ)ကိုဘိုဘို
### အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၆)လမ်းအထက်၊ အမှတ်(၇၃၂)နေ (ဦးလှဖေ-ဒေါ်အမာ)တို့၏ မြေးဦး၊ ကချင်ပြည်နယ်၊ မိုးညှင်းအရှေ့စု (၄)လမ်းနေ (ဦးမောင်မောင်-ဒေါ်သန်းသန်း)တို့၏ မြေး၊ ဦးမင်းမင်း(ခ)ဦးခင်မောင်ဆွေ-ဒေါ်ခင်ဖုန်းနွယ်(ခ)ဒေါ်ခင်တုတ် တို့၏သားကြီး၊ မွန်ပြည်နယ်၊ သိမ်ဇရပ်မြို့နယ်နေ ဦးမြင့်သိန်း-ဒေါ်ဌေးဌေးရီတို့၏ သားသမက်၊ ဗိုလ်မှူးဇော်မိုးအောင်(အမ်းမြို့)၊ ကိုမျိုးကိုကို(ခ)တရုတ်ကြီး-မအေးသန္တာခိုင်၊ ကိုဇင်လင်းထက်(ခ)ဖိုးလုံးတို့၏ အစ်ကို၊ မမိုးမမ၏ ချစ်လှစွာသောခင်ပွန်း၊ မရွှေရည်ရွှန်းလဲ့၏ချစ်လှစွာသောဖခင်သည် ၁၃-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၈(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါတောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သစ်ပင်**
**စိုက်ပါ**
**ဒို့ကမ္ဘာ**
**သာယာလှပ**
**စိမ်းမြမြ**

**ရဟန်းဒါယိကာမကြီး**
### ဒေါ်ထွားမေ (၈၁)နှစ်

သံတွဲမြို့နေ (ဦးချစ်စအောင်-ဒေါ်ပိုးနု)တို့၏သမီးထွေး၊ ဒေါ်တင်တင်၊ ဒေါ်ကြည်ကြည်၊ ဦးထွန်းရီ-ဒေါ်အေးနုယဉ်၊ ဦးထွန်းကြည်-(ဒေါ်သန်းအေး)တို့၏ညီမ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ကြေးတိုင်စု(၁)လမ်း၊ အမှတ်(၃၃)နေ (ဦးထွန်းကြည်)၏ဇနီး၊ ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ဝါဝါထွန်း၊ ဦးစိုးနိုင်ထွန်း-ဒေါ်သန်းသန်းမော်၊ ဦးသန်းဇော်ထွန်း၊ ဦးအောင်ဇော်ထွန်း-ဒေါ်မြတ်ထေရာရ်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၂-၂-၂၀၁၈ (တနင်္လာနေ့) ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း၊ တံတား ဒါယကာကြီး**
### ဒုတိယဗိုလ်မှူးကြီးစိန်းဝင်း(ငြိမ်း) (၆၂)နှစ်
**ကြည်း-၁၆၆၈၄၊ တေဇ(၈)**

မိုးကုတ်မြို့၊ အနောက်ပိုင်း ကျပ်ပြင်မြို့မနေ (ဦးလှဒင်-ဒေါ်အေးတင်)တို့၏သားသမက်၊ (ဦးခင်မောင်သိန်း-ဒေါ်ခင်မေညွန့်)၊ ဦးခင်မောင်အေး-(ဒေါ်ခင်အုန်းမြင့်)၊ ဦးစိုးတင့်ဝေ-(ဒေါ်ခင်အုန်းတင့်)၊ (ဦးမြင့်စိန်)-ဒေါ်တိုးတိုးသန်းတို့၏ ညီ/မောင်၊ (ဦးကိုမောင်)-ဒေါ်အုန်းရီ၊ ဦးကျော်လှိုင်-ဒေါ်မြသိင်္ဂီတို့၏အစ်ကို၊ ဒေါ်ခင်မာရီ၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးစိန်ဝင်း(ငြိမ်း)သည် ၁၃-၂-၂၀၁၈(အင်္ဂါနေ့) ညနေ ၅း၃၃ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(မရမ်းကုန်းမြို့နယ်၊ ဓနသိဒ္ဓိလမ်းနှင့် ဝံသရက္ခိတလမ်းထောင့်၊ (၈)ရပ်ကွက်၊ အမှတ်(၈၃၂) နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
### ဦးတွာတိုင်း(ခ)ဦးလှမောင်
**တောင်ငူ**
**အသက်(၉၃)နှစ်**

မြန်မာနိုင်ငံပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်အေးသန္တာခိုင်၏ဖခင် ဦးလှမောင်သည် ၁၃-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁း၁၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း**

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
### ဦးတင်မောင်
**အသက် (၈၉) နှစ်**

Amd Trading Co., Ltd Water Treatment Department မှ Manager ဒေါ်လွင်လွင်ဦး၏ဖခင် ဦးတင်မောင် အသက် (၈၉) နှစ်သည် ၈-၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Amd Co., Ltd မိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ထွန်းသက် (Tommy Pe Thet)
**အသက် (၇၀)**

**Methodist English Highschool ကျောင်းသားဟောင်း**
**Chairman**
**KTT Group Co.,Ltd.**

ရန်ကုန်မြို့နေ ဆရာကြီးဒေါက်တာအောင်ထွန်းသက်-ဒေါ်ဆွေဆွေသိန်းတို့၏ချစ်လှစွာသောအစ်ကိုကြီး ဒေါက်တာထွန်းသူရသက်-ဒေါ်လွင်လွင်ငြိမ်းချမ်းတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးတင်ထွန်းသက်သည် ၁၂-၂-၂၀၁၈ (တနင်္လာနေ့) ည ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Program Director ဆရာမကြီးဒေါက်တာစိုးသူနှင့်**
**MBF 1st Batch ကျောင်းသား/ကျောင်းသူများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဝါဏိဇ္ဇဗေဒဌာနမှ ဂုဏ်ထူးဆောင်ပါမောက္ခဆရာကြီး ဒေါက်တာအောင်ထွန်းသက်-ဒေါ်ဆွေဆွေသိန်းတို့၏ညီ၊ ဒေါက်တာထွန်းသူရသက်-ဒေါ်လွင်လွင်ငြိမ်းချမ်းတို့၏ဖခင်ကြီး ဦးတင်ထွန်းသက် (Chairman-KTT Group Co., Ltd.)သည် ၁၂-၂-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Master of Banking & Finance Programme**
**Programme Director ဒေါက်တာဒေါ်စိုးသူနှင့် ဆရာ/ဆရာမများ**
**MBF 3rd Batch မှ ကျောင်းသူ/ကျောင်းသားများ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

### အထူးဝမ်းနည်းကြေကွဲခြင်း

အထက(၁) ဒလမြို့မှ ဆရာမဒေါ်မေမြတ်နွယ်(ငြိမ်း)၏မောင် ဒေါ်သင်းသင်းမြတ်(ဒလမြို့နယ်စည်ပင်)၏ခင်ပွန်း ဦးအောင်နိုင် အသက်(၆၁)နှစ်သည် ၁၁-၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာမကြီးဒေါ်စန်းစန်းရီ (ငြိမ်း)နှင့်ဆရာ၊ ဆရာမများ**
**(၁၉၉၀/၂၀၀၀) ကျောင်းသား၊ ကျောင်းသူဟောင်းများ**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**
**နိုင်ငံတော်သြဝါဒါစရိယ၊ ဒသမမဟာရင်ဂိုဏ်းချုပ်**
### ဘဒ္ဒန္တ ဣန္ဒောဘာသ မဟာထေရ်
### သိက္ခာတော်(၈၀)ဝါ၊ သက်တော်(၁၀၀)

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်ကျေးရွာ၊ နိဂြောဓာရာမ(ညောင်ပင်)ကျောင်း၏ ဦးစီးပဓာနနာယက၊ ဓမ္မယုတ္တိကနိကာယ-မဟာရင်ဂိုဏ်း၏ ဒသမဂဏာဓိပတိ၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒောဘာသ မဟာထေရ်သည် (၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်)၊ ၁၂-၂-၂၀၁၈ (တနင်္လာနေ့) ပြည်ထောင်စုနေ့ နံနက် ၁၁း၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား (၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်)၊ ၂၅-၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ညောင်ပင်ကျောင်းကွင်း၊ ရွာလွတ်ရွာ၊ ချောင်းဆုံမြို့နယ်၌ အန္တိမအဂ္ဂိစျာပနသာခုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**အန္တိမအဂ္ဂိစျာပနသာခုကီဠနသဘင် ကျင်းပရေးကော်မတီ**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ပိတ်စွယ်(အရှေ့)ဓမ္မသာမိကာရာမကျောင်း ဦးစီးပဓာနနာယကဆရာတော်**
### ဘဒ္ဒန္တ ဓမ္မသာမိ
### သိက္ခာတော်(၃၇)ဝါ၊ သက်တော်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ပိတ်စွယ်(အရှေ့) ဓမ္မသာမိကာရာမကျောင်းဆရာတော် ဘဒ္ဒန္တ ဓမ္မသာမိ မထေရ်မြတ်သည် (၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်)၊ ၁-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်အား (၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်)၊ ၁၇-၂-၂၀၁၈ (စနေနေ့) ညနေ ၃နာရီတွင် စံကျောင်းတော်ချ၍ (လဆန်း ၄ ရက်) ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် အန္တိမအဂ္ဂိစျာပန သာခုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ၊ ပိတ်စွယ်ကျေးရွာ၊ တွံတေးမြို့နယ်

### ဦးစိန်ဝင်း(ခ)ဦးဖောင်ကွေရိတ်(ခေတ္တ-ထိုင်ဝမ်) (၈၅) နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၆)လမ်း၊ အမှတ်(၁၅၇/၁၆၉)၊ A-5 (ညာ)နေ ဒေါ်နုနုခင်၏ ခင်ပွန်း၊ ဒေါ်ခင်သီတာ၊ ဦးမောင်မောင်ယု၊ ဦးကျော်မြင့်-ဒေါ်စိန်ရီဦး၊ ဦးကျော်တင့်-ဒေါ်မူမူချို၊ မခင်စန္ဒာ၊ မဥမ္မာတို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၃-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၅း၄၅ နာရီတွင် ထိုင်ဝမ်၌ကွယ်လွန်သွားပါသဖြင့် ထိုင်ဝမ်၌ပင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ချို
**အသက်(၉၆)နှစ်**

သူငယ်ချင်း ဦးအောင်မြင့်၏မိခင် ဒေါ်ချို အသက်(၉၆)နှစ်သည် ၈-၂-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၈ ခုနှစ်၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊**
**ဘူမိဗေဒကျောင်းသားဟောင်းများ**

### ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
### ဒေါ်ကျင်တင်
**အသက်(၈၆)နှစ်**

အမှတ်(၈၀)၊ (၁၂၄)လမ်း၊ သပြေကုန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဖေချူ၏ ဇနီး၊ ဦးမောင်မောင် (M9 Public Company Limited - Director) - ဒေါ်တူးတူးမွှေးတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ကျင်တင် အသက်(၈၆)နှစ်သည် ၁၂-၂-၂၀၁၈(တနင်္လာနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**M9 Public Company Limited**
**President, Vice President, Board of Director**
**အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ အဝေရာလမ်း၊ အမှတ်(၃၂-A)နေ ဦးကျော်လင်း(အင်ဂျင်နီယာချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ဝင်းဝင်းတို့၏သား၊ မကျော်ကျော်နန္ဒာ၏မောင် မောင်ကောင်းမြတ်ကျော်လင်း(ခ)ဖိုးခွားသည် ၇-၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွား ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တံတားပြုပြင်ထိန်းသိမ်းရေးဌာနခွဲ**
**အင်ဂျင်နီယာချုပ်(မြို့ပြ)နှင့်ဝန်ထမ်းများ**
**တံတားဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစောအောင်
**တွဲဖက်ပါမောက္ခ(ငြိမ်း)၊ တောင်ကြီးတက္ကသိုလ်**
**အသက် (၆၅)နှစ်**

ဒေါ်တင်တင်ရီ (ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ ဓာတုဗေဒဌာန၊ ဟသ်ာတတက္ကသိုလ်)၏ခင်ပွန်း ဦးစောအောင်(တွဲဖက်ပါမောက္ခ-ငြိမ်း၊ဓာတုဗေဒဌာန၊ တောင်ကြီးတက္ကသိုလ်)သည် ၈-၂-၂၀၁၈ (ကြာသပတေးနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာနှင်းနှင်းအေး(ပါမောက္ခ/ဌာနမှူး)နှင့်**
**ဆရာ၊ ဆရာမများ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ် N. ဂျီးတောင် (B.Ed-74)
**အသက်(၆၅)နှစ်**
**မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**

သူငယ်ချင်း ဒေါ် N. ဂျီးတောင် ၁၀-၂-၂၀၁၈ရက်(စနေနေ့) ညနေ (၅)နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ မြင့်မြတ်သော ဘုံဘဝမှာ အေးချမ်းစွာ အနားယူနိုင်ပါစေ။

**(၁၉၆၉-၇၄) ပညာရေးဘွဲ့ရသူငယ်ချင်းများ**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးစိန်ဝင်း(ငြိမ်း) (၆၂)နှစ်
**ကြည်း-၁၆၆၈၄၊ တေဇ(၈)**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ (ဦးသန်းမောင်)-ဒေါ်လှတင်တို့၏ သား၊ မိုးကုတ်မြို့၊ ကျပ်ပြင်နေ (ဦးလှဒင်-ဒေါ်အေးတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ကိုကျော်ထွန်း-မဒါလီစိန်ဝင်း၊ ကိုတေဇာစိန်ဝင်း၊ မမေသူစိန်ဝင်းတို့၏ဖခင်၊ မိုးကုတ်မြို့၊ ကျပ်ပြင်နေ ဒေါ်ခင်မာရီ၏ချစ်လှစွာသောခင်ပွန်းသည် ၁၃-၂-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၅း၃၃ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၈) သူငယ်ချင်းများနှင့် မိသားစုဝင်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှိုင်မိုး
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
## အသက် (၅၈) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခဥယျာဉ်အိမ်ရာ၊ ငုဝါ(၁)လမ်း၊ အမှတ်(၅) နေ ဒေါ်ခင်သီတာဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက် (ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဖခင် ဦးလှိုင်မိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)သည် ၁၀-၂-၂၀၁၈ ရက် (စနေနေ့) ဒေသစံတော်ချိန် ည ၇း၁၅ နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ရုတ်တရက် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့်ဝန်ထမ်းများ**
**ရွှေသံလွင် ကုမ္ပဏီလီမိတက်**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးဝင်းကြည် (၇၂)နှစ်
**အထက်တန်းရှေ့နေ (ဘိုကလေး)**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ (ဦးဖိုးထွေး-ဒေါ်အေး)တို့၏ သား၊ မော်လမြိုင်ကျွန်းမြို့နေ (ဦးဘရင်-ဒေါ်အေးကြည်)တို့၏ သားသမက်၊ ဒေါ်ခင်လှ၊ ဒေါ်တင်အိတို့၏ မောင်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ အမက(၇) ကျောင်းလမ်း၊ အမှတ် (၁၂၅)နေ ဒေါ်ဝင်းဝင်းမြင့်(အလပြ-ငြိမ်း၊ဘိုကလေး)၏ချစ်လှစွာသောခင်ပွန်း၊ ကိုရဲလွင်စိုး-မသဲစုဝင်း၊ မသဲယုဝင်း၊ မနှင်းအိဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁၄-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးလှထွန်း (၅၄)နှစ်
**(အမှတ်စဉ်-၇၃) (ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ်(၆၂)၊ ပထမထပ်နေ ဦးသောင်းစိန်-ဒေါ်မြင့်မြင့်သန်းတို့၏ သားကြီး၊ ဒေါ်တင်သန်းနု (ဇာဖြူပွင့်အပ်ချုပ်ဆိုင်၊ ဗိုလ်ချုပ်ဈေး)၏ခင်ပွန်း၊ မောင်မင်းထက်ထွန်း (Victoria University College,Mechanical Engineering)၏ဖခင်၊ ဦးခင်ဇော်-(ဒေါ်ခင်စန်းဝင်း)၊ ဒေါ်ကေသီညွန့် [လက်ထောက်ညွှန်ကြားရေးမှူး၊ နိုင်ငံတော်သမ္မတရုံး)]၊ ဦးသက်နိုင် - ဒေါ်ရင်ရင်ဝင်းတို့၏ အစ်ကိုကြီး၊ မောင်ဇေယျာမင်းထွဋ်-မသက်သက်ဝေတို့၏ဦးလေး ဦးလှထွန်းသည် ၁၃-၂-၂၀၁၈ (အင်္ဂါနေ့) ည ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများသို့ အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## မောင်ပိုးဉ(ခ)နေလှိုင်းအောင်
## အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၈)ရပ်ကွက်၊ ကွန်အပ်မင်းသားလမ်း၊ အမှတ်(၁၄၈)နေ ဦးတင်အောင်(သာကီနွယ်) (အထက-၁၊ လသာ၊ ငြိမ်း)-ဒေါ်သန်းသန်းငွေ (အထက-၂၊ ဒဂုံ၊ ငြိမ်း၊ ဆရာမကြီး၊ အိမ်ခြံမြေအကျိုးဆောင်)တို့၏ သားထွေး၊ မချိုချိုနုအောင်၊ ကိုချမ်းသာအောင်တို့၏ ညီ/မောင်၊ မောင်မင်းသန့်၊ မအင်ကြင်းဦး၊ မောင်ရှင်းသန့်၊ မဘုန်းမြတ်သွင်၊ မောင်အောင်ကောင်းမိုးတို့၏ ဦးလေး၊ မနှင်းအေးလှိုင်၏ ခင်ပွန်းသည် ၁၃-၂-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၈ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**
## ဦးဝီး(ကော့သောင်း)
## အသက် (၁၀၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အင်္ဂဏဝရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် (၂၅၇)နေ ဒေါ်တွတ်၏ ခင်ပွန်း၊ ဦးကြည်ဝင်း(ခ)အီးပန်း-ဒေါ်လှမူ၊ ဒေါ်လှိုင်ယုံ၊ ဒေါ်လေးခင်၊ ဦးမင်းအောင်(ခ)အကွတ် (အဝေးရောက်အမှုဆောင်)-ဒေါ်မင်းမင်းနွယ်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးဝီးသည် ၁၃-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ အသင်းသား၊ အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဦးမောင်မောင်အေး (၆၆)နှစ်
**GM (Hotel ACE)ချောင်းသာ(ငြိမ်း)**

ရန်ကုန်မြို့နေ (ဦးသန်းတင်)-ဒေါ်ခင်မာကြည်တို့၏သားကြီး၊ (ဦးညွန့်စိန်-ဒေါ်မိမိကြီး)တို့၏ သားသမက်၊ ဦးမောင်မောင်သန်း-ဒေါ်လွင်လွင်မာ၊ ဒေါ်လွင်မာသန်း၊ (ဦးခင်မောင်ငွေး)-ဒေါ်ချိုချိုလွင်တို့၏ အစ်ကိုကြီး၊ ဦးဇော်ငြိမ်း-ဒေါ်နွယ်မာလာ၊ ဒေါ်နီလာအေးတို့၏ ကျေးဇူးရှင်ဖခင်၊ မောင်ကျော်ဇေယျ၊ မချိုဇင်ဝင်းထက်၊ မောင်သီဟဘုန်းဇော်တို့၏အဘိုး၊ ဒေါ်သင်းသင်းနွယ်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၃-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁း၁၅ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) (ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၈ (တနင်္လာနေ့)တွင် လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် (၉)လမ်း၊ အမှတ်(၁၈၆) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးညွန့်ဝင်း (၄၆)နှစ်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ဘဲကျကျေးရွာနေ (ဦးခင်လတ်-ဒေါ်သန်းရွှေ)၊ (ဦးစံသိုက်-ဒေါ်မှုံဂျမ်း)တို့၏ သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံ(၁)လမ်း၊ အမှတ်(၄၆၆)နေ (ဦးတင်ရှိန်)-ဒေါ်သန်းခင်တို့၏သားသမက်၊ ဦးဉာဏ်စိုး-ဒေါ်စန်းမြင့်တို့၏တူ၊ ဦးမြင့်စိုး(ခ)ဦးဖိုးတူး-ဒေါ်ညိုတင်၊ (ဦးဘိုရဲ)-ဒေါ်ကျင်နု၊ ဦးဆန်းမောင်-ဒေါ်ဝင်းရည်၊ ဦးဝင်းနိုင်-ဒေါ်ခိုင်ခိုင်အောင်တို့၏ ညီ/မောင်၊ ဦးထွန်းထွန်း-ဒေါ်ယုဝါ၊ ကိုဆန်းနိုင်တို့၏ အစ်ကို၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရွှေဟသာ်လမ်း၊ အမှတ်(၂၂၁)နေ မရည်မွန်ဦး၊ မရွှန်းပပအောင် (ထ-၂၊ ကမာရွတ်)၊ မမီကိုဟံ (အမက-၁၀၊ မူလွန်-လှိုင်)တို့၏ဖခင်၊ ဒေါ်တင်လဲ့လဲ့ချော(ခ) ဒေါ်လဲ့လဲ့၏ခင်ပွန်း ဦးညွန့်ဝင်းသည် ၁၂-၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၆း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်မေကြိုင်(ခ)ဒေါ်ကြိုင် (၉၇)နှစ်
**(ရှုံးသပြေကန်)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ အပိုင်(၃)၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်(၁၁၈)နေ (ဦးချစ်ဖေ-ဒေါ်ကုလားမ)တို့၏ သမီး၊ ဦးမောင်မောင်မြင့်အေး-ဒေါက်တာစောယုနွယ်၊ ဦးသစ်လွင်-ဒေါ်ဖြူဖြူ၊ [ဦးရှုမောင်(ခ)ဦးတူး]-ဒေါ်ခင်လဲ့လဲ့ရွှေ၊ ဦးဘထွန်း-ဒေါ်မူမူသွယ်(ခ)ဒေါ်လဲ့လဲ့၊ ဦးအုန်းမောင်-ဒေါ်ခင်သီသီအေး၊ ဦးသန့်ဇင်လှိုင်-ဒေါ်လေးနွယ်တို့၏ မိခင်၊ မြေး ၁၂ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွား၊ (ဦးဘစော)၏ဇနီး ဒေါ်ခင်မေကြိုင်(ခ)ဒေါ်ကြိုင်သည် ၁၄-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၈(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်မေကြိုင်(ခ)ဒေါ်ကြိုင် (၉၇)နှစ်
**(ရှုံးသပြေကန်)**

ဦးမောင်မောင်မြင့်အေး-ဒေါက်တာစောယုနွယ် (အယ်ဒီတာချုပ်-ရောင်ပြန်မဂ္ဂဇင်း၊ ဘုန်းရောင်ဂျာနယ်)တို့၏ မိခင်၊ ကိုအောင်ကောင်းကျော် (Heaven Pizza)-မစောသီဂီ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ကိုစိုးရန်အောင် (My's Pizza Group)-ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် မသက်သခင်ကျော်ကျော် (My's Pizza Group)တို့၏ အဘွား၊ မရွှေယွန်းဝတီကျော်၏ ဘွားဘွားကြီး ဒေါ်ခင်မေကြိုင်(ခ)ဒေါ်ကြိုင်သည် ၁၄-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ အပိုင်(၃)၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်(၁၁၈) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးလှိုင်မိုး (၅၈)နှစ်
**BE(EC) 1983**
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခဥယျာဉ်အိမ်ရာ၊ ငုဝါ(၁)လမ်း၊ အမှတ်(၅)နေ ဒေါ်ခင်သီတာဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက် (ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဖခင်၊ (ဦးလှိုင်ထွန်း-ဒေါ်ခင်စောမြင့်)တို့၏သား၊ (ဦးတင်ရွှေ)-ဒေါ်အေးကြည်တို့၏သားသမက်၊ (ဦးမောင်မောင်ဇော်)-ဒေါ်ညိုမိ၊ ဦးဉာဏ်စိုး-ဒေါ်ခင်စန်းယုတို့၏ညီ/မောင်၊ ဦးဉာဏ်မော်-ဒေါ်ညိုညိုဆင့်(USA)တို့၏အစ်ကိုသည် ၁၀-၂-၂၀၁၈(စနေနေ့) ဒေသစံတော်ချိန် ည ၇း၁၅နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလှိုင်မိုး (၅၈)နှစ်
**BE(EC)1983**
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခဥယျာဉ်အိမ်ရာ၊ ငုဝါ(၁)လမ်း၊ အမှတ်(၅)နေ ဒေါ်ခင်သီတာဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထက် (ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဖခင်၊ (ဦးလှိုင်ထွန်း-ဒေါ်ခင်စောမြင့်)တို့၏သား၊ (ဦးတင်ရွှေ)-ဒေါ်အေးကြည်တို့၏သားသမက်၊ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်ဆွေ(ငြိမ်း)-ဒေါ်ခင်စိုးဝေ၊ ဒေါ်မီမီဆွေ (ကျောင်းအုပ်ကြီး-ငြိမ်း)၊ ဒေါ်အေမီဆွေတို့၏ညီ/မောင်၊ ဗိုလ်ကြီးလှမိုးဆွေ(ငြိမ်း)-ဒေါ်တင်မြတ်မော်၊ ဦးကြည်ထူး(ယင်းမာပုံနှိပ်တိုက်)-ဒေါ်သီဂီ၊ ဦးသန်းစိန်-ဒေါ်နီလာဆွေ၊ ဒေါ်အဥ္ဇာမိုး တို့၏ အစ်ကို သည် ၁၀-၂-၂၀၁၈ (စနေနေ့) ဒေသစံတော်ချိန် ည ၇း၁၅နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၈(သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဥမ္မာကျော် (၄၇)နှစ်
**ဒု-ဦးစီးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

အမှတ် (၁၈၈)၊ မြေတိုင်းလမ်း၊ (၄၅)ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့နေ ဦးကျော်ရှိန် (စိုက်ပျိုးရေး-ငြိမ်း)-ဒေါ်ဝင်းစိန် (စိုက်/မွေး-ငြိမ်း)တို့၏ ချစ်လှစွာသောသမီး၊ ဦးတင်အောင်-ဒေါ်တင်တင်ထွေး၊ ဦးမောင်မောင်-ဒေါ်ကြူကြူဝင်း၊ ဦးတင်ဝင်း-ဒေါ်ခင်စန်းငွေး၊ ဦးမြင့်သိန်း-ဒေါ်ခင်မာဆွေ၊ ဦးလှိုင်မြင့်-ဒေါ်ခင်ညွန့်ရီ၊ ဦးအေးနိုင်-ဒေါ်စုစုခိုင်တို့၏ တူမသည် ၁၄-၂-၂၀၁၈ ရက် နံနက် ၀၀း၃၀နာရီတွင် ရန်ကုန်မြို့ ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၈(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဟသင်္ဂများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**သံတွဲခရိုင်အသင်း(ရန်ကုန်)**
## ဒေါ်ထွားမေ(သံတွဲ)
## အသက်(၈၁)နှစ်

သံတွဲမြို့နေ (ဦးချစ်စအောင်-ဒေါ်ပိုးနု)တို့၏ သမီးထွေး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ကြေးတိုင်စု(၁)လမ်း၊ အမှတ်(၃၃)နေ (ဦးထွန်းကြည်)၏ဇနီး၊ ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ဝါဝါထွန်း၊ ဦးစိုးနိုင်ထွန်း-ဒေါ်သန်းသန်းမော်၊ ဦးသန်းဇော်ထွန်း၊ ဦးအောင်ဇော်ထွန်း-ဒေါ်မြတ်ထေရာရီတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား သည် ၁၂-၂-၂၀၁၈ ရက် ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

## ဒေါ်ပိုင်(အိုင်ကလောင်)
## အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြောက်ရပ်ကွက်၊ အမှတ်(၉)၊ ပထမထပ်နေ (ဦးဘိုးချိန်-ဒေါ်သိန်း)တို့၏ သမီး၊ (ဦးလူကလေး-ဒေါ်အေးခင်)တို့၏သမီးချွေးမ၊ (ဦးသန်းမောင်)၏ဇနီး၊ (ဦးထိပ်တင်ထွန်း)-ဒေါ်သန်းသန်းစိန်၊ ဦးကျော်ညွန့်ဝေ-ဒေါ်တင်တင်ရီ၊ ဒေါ်ခင်ခင်ဆွေ၊ ဦးစိုးညွန့်အောင်-ဒေါ်သော်တာထွေးတို့၏မိခင်၊ ဦးစိုးလင်းထူး-ဒေါ်ဥမ္မာထွန်း၊ ဦးဇင်ဝေထွန်း၊ ဦးလင်းထူးကျော်၊ ဒေါ်ခိုင်ဖူးကျော်-မောင်ရဲဇာနည်ထက်၊ မရင်ရင်နွယ်တို့၏ အဘွားသည် ၁၃-၂-၂၀၁၈(အင်္ဂါနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**
## ဒေါ်ခင်စု (၉၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၁၀၂)နေ (ဦးဘကြည်-ဒေါ်စောတင်)တို့၏သမီး၊ [ဦးမာဒင်(ခ) ဦးပညာနန္ဒ]၏ဇနီး၊ [ဦးထွန်းညွန့် (ဘူမိဗေဒအရာရှိ)]-ဒေါ်မိမိ(လယ်/ပြဆရာမ)၊ ဦးသန်းအောင် (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်ခင်မြင့် (သီရိဘော်ဒါဆောင်)၊ ဒေါ်လှလှမြင့်၊ ဦးတေဇာအောင်(ကျေးဇူးရှင် ကားအငှားလုပ်ငန်း)-ဒေါ်ခင်ငွေး၊ ဦးစိုးမင်း-ဒေါ်မာမာငွေတို့၏ မိခင်ကြီး၊ ဦးရဲသူအောင်-ဒေါ်ဖြိုးသီခင် (တရားလွှတ်တော်ရှေ့နေ)၊ ဗိုလ်မှူးဝင်းဖြိုးအောင်-ဒေါ်သီရိအောင် (တရားလွှတ်တော်ရှေ့နေ)၊ ဦးမင်းသိန်းထွန်း (BE Mechanical Singapore)-ဒေါ်လဲ့ယဉ်အေး (Software Engineer)၊ ဦးမျိုးမင်းသန့်-ဒေါ်နန်းဝင်းခင်၊ ဦးအောင်မျိုးထွန်း(Electrical Engineer)-ဒေါ်နန်းဟွမ်နွမ်(BE-Civil)၊ ဦးကျော်စိုးမိုး (B.A,Geology)၊ မစုယမင်းခိုင်(B.A,Myanmar)၊ မောင်နိုင်ရဲအောင်(B.Tech-Civil)တို့၏အဘွား၊ မောင်မြတ်ဖုန်းကျော်၊ မစုစုစံ၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၃-၂-၂၀၁၈ (အင်္ဂါနေ့) ည ၁၁နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၇-၂-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၈(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်အေး(မုတ္တမမြို့)
## အသက်(၇၆) နှစ်

ပြင်ဦးလွင်မြို့နှင့် မုတ္တမမြို့နေ (ဦးသန်းညွန့်-ဒေါ်စန်းကြည်)တို့၏ သမီး၊ ဦးထွန်းမြင့်(စာရေးကြီး၊ မြန်မာ့မီးရထား-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်သန်းစိုး၏အစ်မ၊ ဦးသက်နိုင်(စက်ခေါင်းမောင်းလက်ထောက်-၁၊ မုတ္တမစက်ခေါင်းရုံ)-ဒေါ်မြဒေး၊ ဦးထွန်းထွန်း(မြန်မာ့မီးရထား၊ အငယ်တန်းစာရေး)-ဒေါ်သီတာဝင်း၊ ဒေါ်ဝါဝါမြင့် (General Manager-ACE Data Systems)၊ ဦးမျိုးမြင့်အောင်(အုပ်ချုပ်ရေးမှူး)-ဒေါ်သီဂီမြင့်(အလက)၊ ဦးဇော်ဝင်းထွန်း(အလုပ်ရုံခွဲမှူး၊ သထုံတာယာစက်ရုံ)-ဒေါ်တင်နီလာခိုင်(ဒု-ပြည်နယ်ဥပဒေအရာရှိ)၊ ဗိုလ်မှူးဦးသက်တင်-ဒေါ်ကေခိုင်မြင့်တို့၏ ချစ်လှစွာသောမိခင်၊ (မောင်မျိုးဟိန်းနိုင်)၊ မောင်ကောင်းခန့်ကိုကို၊ မအိကေဇင်သက်၊ မကေလေးဖြူ၊ မမေနှစ်သစ်ထွန်း၊ မောင်ချမ်းမင်းသန့်၊ မရွှန်းလဲ့ဖြူ၊ မောင်ကြယ်စင်ထွန်း၊ မချိုခွန်းသံသာ၊ မောင်အောင်မြင့်ဘုန်းမြတ်တို့၏ချစ်လှစွာသောအဘွားသည် ၁၃-၂-၂၀၁၈(အင်္ဂါနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အောင်ဇေယျမြို့သစ်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၆ နာရီတွင် မုတ္တမမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးအောင်သန်းငြိမ်း
## အသက် (၆၀)

အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၂)နေ (ဦးထွန်းငြိမ်း)-ဒေါ်သန်းမေတို့၏ သား၊ ဒေါ်အေးအေးငြိမ်း၏ မောင်၊ ဦးမျိုးငြိမ်း၏ အစ်ကို၊ ဒေါ်နော်ဇူးနာ၏ ခင်ပွန်း၊ မောင်အာကာငြိမ်း(ခ) အယ်လ်တန်ငြိမ်း၊ မဆုရည်ငြိမ်းတို့၏ ဖခင်သည် ၁၄-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၂-၂၀၁၈ (သောကြာနေ့) နံနက် ၉နာရီတွင် ရွာမနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဈာပနာဝတ်ပြုကိုးကွယ်ခြင်းကို ပြုလုပ်ပြီးရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဗောဓိရွှေဂူဆရာတော် ဘဒ္ဒန္တဉာဏမဟာထေရ်
## သိက္ခာတော် (၇၁)ဝါ၊ သက်တော် (၉၁)နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ပန်းတင်းကျွန်း၊ အရှေ့ဘက်ရွာ ဗောဓိရွှေဂူကျောင်း၏ ဦးစီးပဓာနနာယက ဗောဓိရွှေဂူ ဆရာတော် ဘဒ္ဒန္တဉာဏမဟာထေရ်သည် (၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်) ၁၁-၂-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော်ကို (၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်)၊ ၁၈-၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အန္တိမ အဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တသူရိယ
## သိက္ခာတော်(၆၅)ဝါ၊ သက်တော်(၈၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ မဟာမြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဘယလာဘမုနိရုပ်ပွားတော်ကျောက်တော်ကြီးဘုရား၏ သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သူရိယ ဆရာတော်ကြီးသည် (၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်)၊ ၁၂-၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၃း၀၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်)၊ ၂၅-၂-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ထိန်ပင်သုသာန်လောင်တိုက်၌ အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ

---

## ဒေါ်ငွေမြိုင် (ပျော်ဘွယ်မြို့)
**ဘေဘီမိသားစု မိခင်ကြီး**
## အသက်(၁၀၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ မြင်းဘက်ရပ်ကွက်၊ ဘေဘီစက်ဝန်းနေ (ဦးအုန်းမောင်)၏ ဇနီး၊ သားသမီးလေးယောက်တို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်ခုနစ်ယောက်၊ တီတစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားသည် ၁၄-၂-၂၀၁၈ ရက် နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ပျော်ဘွယ်မြို့ အင်ကြင်းကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးတင်အေး (တွံတေးမြို့၊ အဒွန်းရွာ) (၉၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ် (၆၈)နေ (ဦးလှိုင်ကြီး-ဒေါ်ခွေးမ)တို့၏သား၊ (ဒေါ်သန်းရီ)၏ခင်ပွန်း၊ ဒေါက်တာဦးကျင်ကင်း (မေ့ဆေးအထူးကုဆရာဝန်ကြီး-ငြိမ်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီး)-ဒေါ်အေးမြင့်တို့၏ဖခင်၊ မနီနီအေး၊ မခင်မျိုးအေး၊ ကိုဝင်းနိုင်ဖြိုးတို့၏အဘိုးသည် ၁၄-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီး ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် ၆၈၊ လမ်းသစ် လမ်း၊ လမ်းမတော်မြို့နယ် နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးမြင့်(Alice) (၈၂)နှစ်

ရန်ကုန်မြို့နေ (ဦးဟုတ်စိန်-ဒေါ်အေးကြည်)တို့၏ သမီး၊ [ဒုတိယဗိုလ်မှူးကြီးမျိုးညွန့် (ရေ-၁၀၅၅)]၏ ချစ်လှစွာသောဇနီး၊ ဦးလှဝင်း၏အစ်မ၊ ဒေါ်မျိုးမာလာ၊ ဒေါက်တာမျိုးမို့မို့ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ မော်လမြိုင် အမျိုးသမီးနှင့်ကလေးဆေးရုံ)၊ ဦးမျိုးသိန်းထိုက် (ငွေဂျိုးဖြူစားသောက်ဆိုင်)-(ဒေါ်ဥမ္မာအောင်ကြည်)၊ ဦးမျိုးသန်းထိုက်-ဒေါ်အေးအေးသွင်၊ ဦးကျော်မိုး (ညော့လမ်းညွှန်)-ဒေါ်မျိုးအေးမြင့် (ငွေဇင်ယော် လျှပ်စစ်ပစ္စည်းဆိုင်)တို့၏ ချစ်လှစွာသောကျေးဇူးရှင် မွေးသမိခင်၊ မမျိုးသီရိအောင်၊ မောင်မျိုးသူရိန်အောင်၊ မမျိုးအိန္ဒြာအောင်၊ မကေဇင်မျိုးသွင်၊ မခိုင်ဇင်မျိုးသွင်၊ မောင်စွမ်းထက်နိုင်၊ မောင်ဟိန်းထက်၊ မောင်ကောင်းထက်နိုင်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၃-၂-၂၀၁၈ (အင်္ဂါနေ့) ည ၁၁း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၈ (ကြာသပနေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ်(၁၄၀၄)၊ ရွှေအင်ကြင်းလမ်း၊ (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယိကာမကြီး**
## ဒေါ်တင်ကြူ(ခ)ဒေါ်ပဲ(ခ)
## ဒေါ်ရတ်ဟွမ်း (၈၂)နှစ်
**(တိုက်ကြီးမြို့)**

ပုဇွန်တောင်မြို့နယ်နေ [ဦးစိန်-ဒေါ်ကျင်နု (ကျားခေါင်းမုန့်တိုက်)]တို့၏ သမီးကြီး၊ တိုက်ကြီးမြို့နေ (ဦးခုံဝမ်-ဒေါ်ဝမ်)တို့၏ သမီးချွေးမ၊ တိုက်ကြီးမြို့နေ (ဦးဝင်းအောင်)၏ဇနီး၊ ဦးထွန်းဝင်း-ဒေါ်ခင်မျိုးသန်း၊ ဦးမြင့်သိန်း-ဒေါ်အေးအေးဝင်း၊ ဦးအောင်ဇေယျ-ဒေါ်မြင့်မြင့်ဝင်း၊ (ဦးစံဝင်း)၊ ဦးစိုးမင်း-ဒေါ်ထွေးထွေးဝင်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ည ၈း၃၀ နာရီတွင် ရန်ကုန်မြို့၊ ရတနာမွန်အိမ်ရာ၊ (၂)ရပ်ကွက်၊ အခန်းအမှတ် (4/A-301) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၈ (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ အရိုးပြာအိုးအား တိုက်ကြီးမြို့၌ ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၉ နာရီမှ ၁၁း၃၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်သိန်း
## အသက် (၆၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၉၂)၊ လေးလွှာ၊ ခေါင်းရင်းခန်းနေ (ဦးအုန်းသောင်-ဒေါ်အုန်းတင်)တို့၏ သား၊ (ဦးစိန်ဝင်း-ဒေါ်တင်လှ)တို့၏ သားသမက်၊ (ဦးစိန်ဝင်း)-ဒေါ်ခင်ဝင်း၊ ဦးဆွေတင့်-ဒေါ်ခင်စောဝင်း၊ ဦးသုမနတို့၏ ညီ/မောင်၊ (ဦးမျိုးညွန့်-ဒေါ်လင်းလင်းကြည်)၊ ဦးထွန်းအောင်ကျော်-ဒေါ်ခင်မေကြိုင်၊ (ဦးအုန်းကျော်)-ဒေါ်နီလာ၊ ဦးဇော်ဦး-ဒေါ်သောင်းသောင်းရီတို့၏ အစ်ကို၊ မောင်သန်းဦး-မဆွေဇင်လှ၊ မောင်ရဲအောင်ဇင်-မနွယ်နီမြင့်တို့၏ ချစ်လှစွာသောဖခင်၊ (ဒေါ်မြင့်ဆွေ)၏ ခင်ပွန်း၊ မြေးသုံးယောက်တို့၏အဘိုး ဦးမြင့်သိန်းသည် ၁၄-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၈ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန်အဆို အတည်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇) ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသား လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်၏ **မလေးရှားနိုင်ငံတွင် ရောက်ရှိနေကြသော တရားဝင် စာရွက်စာတမ်းများ ကိုင်ဆောင်ခြင်းမရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ တရားဝင် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မလေးရှားအစိုးရနှင့် တွေ့ဆုံဆွေးနွေးပြီး အသိအမှတ်ပြုလက်မှတ် (Certificate of Identity) ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မလေးရှားနိုင်ငံသို့ သွားရောက်မည့် မြန်မာနိုင်ငံသား အလုပ်သမားများအတွက် နိုင်ငံကူးလက်မှတ်များ တရားဝင် ထုတ်ပေးပြီး တရားဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❒



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ကျင်းပစဉ်။

# ရွှေ့ဆိုင်းထားသည့် ကာဂျစ္စတန်နှင့် မြန်မာအသင်းတို့၏ အာရှဖလားခြေစစ်ပွဲ ပြန်ကန်ပွဲကို တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

အာရှဘောလုံးအဖွဲ့ချုပ်သည် လုံခြုံရေးအခြေအနေကြောင့် ရွှေ့ဆိုင်းထားရသည့် ကာဂျစ္စတန်အသင်းနှင့် မြန်မာအသင်းတို့၏ အာရှဖလားခြေစစ်ပွဲ ပထမအကျော့ပွဲကို မတ် ၂၂ ရက်တွင် တောင်ကိုရီးယားနိုင်ငံ အင်ချွမ်မြို့ရှိ အင်ချွမ်ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရန် ဆုံးဖြတ်ခဲ့သည်။

ယင်းပွဲမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း လုံခြုံရေးအကြောင်းပြချက်ဖြင့် ရွှေ့ဆိုင်းခဲ့ရပြီး မတ် ၂၂ ရက်တွင် ပြန်လည်ကစားရန် အာရှဘောလုံးအဖွဲ့ချုပ်က ဆုံးဖြတ်ခဲ့သော်လည်း ကျင်းပမည့်နေရာကို ဖေဖော်ဝါရီ ၁၂ ရက်က ထပ်မံအတည်ပြုခဲ့ခြင်းဖြစ်သည်။ ကစားမည့်နေရာကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ကာဂျစ္စတန်ဘောလုံးအဖွဲ့ချုပ်တို့ ပြန်လည်ညှိနှိုင်းရန် အာရှဘောလုံးအဖွဲ့ချုပ်က ကနဦးဆုံးဖြတ်ပေးခဲ့သော်လည်း ညှိနှိုင်းမှုအဆင်မပြေသောကြောင့် ကြားနိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံ အင်ချွမ်မြို့၌ ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် အောက်တိုဘာလက ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်းတို့၏ ခြေစစ်ပွဲ ဒုတိယအကျော့တွင် နှစ်ဂိုးစီ သရေကျခဲ့သည်။ ယခုယှဉ်ပြိုင်ရမည့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ■



မွေးမြူရေးငါးများဖြစ်သည့် ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ တီလားပီးယားငါးများ ဖျာပုံငါးဈေးကွက်တွင် ဇန်နဝါရီ ၁၂ ရက်က ရောင်းဝယ်နေကြစဉ်။

# ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ သန်း ၇၀၀ ရရှိရေး ရည်မှန်းဆောင်ရွက်

**ဖျာပုံ ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းသည် ပထမဦးစားပေးလုပ်ငန်းဖြစ်ပြီး နိုင်ငံသား ဒုတိယအများဆုံး ပါဝင်ပတ်သက်သော လုပ်ငန်းမှာ ရေလုပ်ငန်းဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေသယံဇာတ ပိုင်ဆိုင်မှု ၁၄ ခုနှင့် ကမ်းရိုးတန်းဒေသသည် ကမ္ဘာ့ အသန့်ရှင်းဆုံး ၁၀ ခုတွင် ပါဝင်လျက်ရှိပြီး ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ လွန်စွာပေါကြွယ်ဝသည့် နိုင်ငံလည်းဖြစ်သည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၀၂ ဒသမ ၆၃ သန်းရရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၀၅ ဒသမ ၈၂ သန်းရရှိခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၆၅၀ လျာထားပြီး အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့ရာတွင် ယခင်က သဘာဝအလျောက် ဖမ်းဆီးရမိသည့် ရေချို၊ ရေငန် ငါးပုစွန်များ ဦးစားပေးတင်ပို့ခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖



မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်းတို့ အာရှဖလားခြေစစ်ပွဲ ဒုတိယအကျော့အဖြစ် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားစဉ်။